http://www.dhammadownload.com



မြစ်ပြင်ထဲကဗေဒါပင်တွေဟာ

လေကြောင့်ပဲပေါင်းဆုံကြသလို

လေကြောင့်ပဲကွဲကွာသွားကြပါတယ်။

သံသရာမြစ်ပြင်ထဲက

လူသားတွေဟာလည်း

ကံကြောင့်ပဲဆုံစည်းခွင့်ရကြသလို

ကံကြောင့်ပဲခွဲခွာကြရပြန်ပါတယ်။

ကံကြိုရင်ပြန်ဆုံကြဦးမှာပေါ့။

လမ်းခွဲမှာဝမ်းနည်းစရာမလိုပါဘူးလေ။

http://www.dhammadownload.com

ရွှေပါရမီစာစဉ်(၁၃)

အရှင်သန္တာဓိက
ရွှေပါရမီတောရ

# လမ်းခွဲတာဝမ်းနည်းစရာလား



သတ္တမအကြိမ်

NAY WINN AUNG GRAPHIC

ရွှေပါရမီ စာစဉ်(၁၃)

လမ်းခွဲတာဝမ်းနည်းစရာလား ● အရှင်သန္တာဓိက

http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

## လမ်းခွဲတာဝမ်းနည်းစရာလား



ရွှေပါရမီစာစဉ်(၁၃)

www.shweparami.net

http://www.dhammadownload.com


ရွှေပါရမီ ၂၀၀၂ အမှတ်(၁)

စာမူခွင့်ပြုချက် • ၃၂၀၃၀၅၀၇၀၉

မျက်နှာဖုံးခွင့်ပြုချက် • ၃၂၀၃၅၀၀၇၀၉

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ • သတ္တမအကြိမ်၊ အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးပန်းချီ • နေဝင်းအောင်

စာအုပ်ချုပ် • ကိုဇော်ဝမ်း

မျက်နှာဖုံးပုံနှိပ်သူ • ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်

• အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။

အတွင်းပုံနှိပ်သူ • ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

• အမှတ် ၉၀-အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊

• အလုံမြို့နယ်။

ထုတ်ဝေသူ • တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊

• အမှတ် (၁၉-အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊

• ဒဂုံမြို့နယ်။

ဖြန့်ချိရေး • **ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့**

• အမှတ် (၆၁)၊ စဥ့်အိုးတန်းလမ်း၊လသာမြို့နယ်။

• ☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂။

စာအုပ်ကတ်တလောက်အညွှန်း (CIP)

ဆန္ဒာဓိက၊ အရှင်။ ၂၉၄.၃

လမ်းခွဲတာဝမ်းနည်းစရာလား/အရှင်ဆန္ဒာဓိက။ ရန်ကုန်။

ရွှေပါရမီဓမ္မစာပေ (သတ္တမအကြိမ်)၊ ၂၀၀၉။

၁၈၈ စာ၊ ၁၂ x ၁၈ စင်တီ။

(၁) လမ်းခွဲတာဝမ်းနည်းစရာလား

တန်ဖိုး ၉၀၀ ကျပ်

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

- ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့ သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့ အထက(၁)မှ ခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလှူရည်ချွန်အဖြစ် ၇တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။
- ၁၉၉၇ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထား စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီ တောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက် ရှိသည်။ ။

http://www.dhammadownload.com

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**

**အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

ဤစာအုပ်အပါအဝင်
ရွှေပါရမီစာစဉ်အားလုံးကို
ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ
တရားအလှူ
ပညာပါရမီအလှူ
တိုက်ရိုက်သာသနာပြုအလှူအဖြစ်
လှူဒါန်းထားသော
ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့်
ထုတ်ဝေပါသည်။

**ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့**

http://www.dhammadownload.com

# မာတိကာ

## လမ်းခွဲတာဝမ်းနည်းစရာလား


၁။ ■ လမ်းခွဲတာဝမ်းနည်းစရာလား ၉

၂။ ■ ဘဝဆိုတာဗေဒါပင်တွေလိုပါပဲ ၁၂

၃။ ■ မေတ္တာနဲ့လမ်းခွဲတော့ဝမ်းမနည်းရဘူးပေါ့ ၁၇

၄။ ■ ဝမ်းနည်းတယ်ဆိုတာအလုပ်မရှိသူတွေရဲ့အလုပ်ပါ ၂၂

၅။ ■ ဖြစ်ပျက်ဝင်စားမို့တဏှာအခင်မထားပါ ၂၉

၆။ ■ နှစ်ဦးသဘောတူထာဝရလမ်းခွဲခြင်း ၃၀

၇။ ■ စာမျက်နှာဆယ့်ငါး ၄၉

၈။ ■ ဆုံစည်းခြင်းကောင်းမှလမ်းခွဲခြင်းကောင်းမယ် ၆၁

၉။ ■ နိဗ္ဗာန်သွားမယ့်လမ်းခွဲ၊ ဝမ်းနည်းစရာမှမဟုတ်ဘဲ ၆၀

http://www.dhammadownload.com


၁၀။ ■ နို့နှစ်လုံးဖိုးလုံးကျေပါတယ် ၇၇

၁၁။ ■ လွန်သမျှဝန်ချတောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါနော် ၈၇

၁၂။ ■ အပြစ်မရှိမှတော့ခွင့်လွှတ်နေဖို့လိုသေးလို့လားကွယ် ၉၆

၁၃။ ■ အတွဲမှန်သမျှအကွဲရဲ့လမ်းစပါပဲ ၁၀၃

၁၄။ ■ အသည်းမာရင်ခွဲခွာခံပါတယ် ၁၁၂

၁၅။ ■ အပွမာဒေန သမ္ပာဒေထ ၁၂၇


## သေမှာအေးမယ်


၁၆။ ■ သေမှာအေးမယ် ၁၃၁

၁၇။ ■ ကိုယ်မွေးလို့ကိုယ့်အမေဖြစ်လာတာပါ ၁၄၀

၁၈။ ■ ကလေးမွေးလို့အားမရတာပုထုဇဉ်ပါ ၁၄၇

၁၉။ ■ လူတွေတိုင်းအဖေမခေါ်ပါနဲ့ ၁၅၂

၂၀။ ■ ကိုယ်တကယ်ပိုင်မှမာနကြီးပါ ၁၅၈

၂၁။ ■ ကိုယ်ပိုင်အစစ်ကနိဗ္ဗာန် ၁၆၈

၂၂။ ■ အယူမှားရင်အပူပွားလိမ့်မယ် ၁၇၂

၂၃။ ■ သူမြင်သမျှချုချင်ရတာချည်းပဲ ၁၇၈

၂၄။ ■ မျက်နှာမလိုက်တာကံပဲရှိတယ် ၁၈၃

၂၅။ ■ အပွမာဒေနသမ္ပာဒေထ ၁၈၆

http://www.dhammadownload.com

# တရားဖွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



http://www.dhammadownload.com

■ သံသရာခရီးရှည်ကြီးကို
တစ်ယောက်တည်းလျှောက်လှမ်းလို့
ရတာမဟုတ်တော့လည်း
အပေါင်းအဖော်မိတ်ဆွေဆိုတာတွေနဲ့
မလွဲမသွေဆုံစည်းကြရမှာပါပဲ။
တွေ့ခိုက်ဆုံခိုက်လက်တွဲခိုက်မှာ
သံယောဇဉ်နှောင်ကြိုးမပါတဲ့
မေတ္တာစိတ်သန့်သန့်လေးနဲ့
သူ့တာဝန်ကိုယ့်တာဝန်ကျေပွန်စွာ
ချစ်ခင်ကြင်နာလိုက်ကြမယ်ဆိုရင်
ဘဝခရီးဖော်တွေနဲ့
မလွဲမရှောင်သာလမ်းခွဲကြရတဲ့အခါ
ဝမ်းနည်းပူပန်နေစရာမလိုတော့ပါဘူး။

■ နှုတ်ဆက်ထွက်ခွာသွားသူနဲ့
လက်ပြကျန်ရစ်ခဲ့သူ
ဘယ်သူပိုဝမ်းနည်းရပါသလဲ။
ထွက်ခွာသွားသူကပိုသံယောဇဉ်ကြီးရင်
သူပိုဝမ်းနည်းရမှာပါ။
ကျန်ရစ်ခဲ့သူကပိုသံယောဇဉ်ကြီးရင်
သူပိုဝမ်းနည်းရမှာပါ။
နှစ်ယောက်လုံးညီတူသံယောဇဉ်ကြီးရင်တော့
နှစ်ယောက်လုံးညီတူဝမ်းနည်းရမှာပေါ့။
လမ်းခွဲမှာဝမ်းနည်းစရာမလိုအောင်
သံယောဇဉ်နှောင်ကြိုးတွေကို
အတတ်နိုင်ဆုံးဖြေလျှော့လိုက်ကြစို့လားကွယ်။

http://www.dhammadownload.com



# လမ်းခွဲတာဝမ်းနည်းစရာလား

'လမ်းခွဲတာ ဝမ်းနည်းစရာလား' ဆိုတော့ တရားခေါင်းစဉ်က မေးခွန်းသဘောမျိုး ဖြစ်နေပါတယ်။

လမ်းခွဲတာဝမ်းနည်းစရာလား။

တရားနာပရိသတ်များ လမ်းခွဲတာဝမ်းနည်းစရာလား။

ပီပီသသလေးဖြေစေချင်ပါတယ်၊ မဟုတ်ပါဘူး၊ ဟုတ်တယ် မပြောပါနဲ့။ ဝမ်းနည်းစရာဆိုရင်လည်း ဝမ်းနည်းစရာပါဘုရား၊ ဝမ်းနည်းစရာ မဟုတ်ဘူးဆိုရင်လည်း ဝမ်းနည်းစရာမဟုတ်ပါဘုရား၊ အဲဒီ နှစ်ခုထဲက တစ်ခုခု လျှောက်ထားကြည့်ပါ။

'ဝမ်းနည်းစရာ မဟုတ်ပါဘုရား'

ဟုတ်လား၊ ဘာဖြစ်လို့ ဝမ်းနည်းစရာ မဟုတ်တာလဲ၊ ဝမ်းနည်းစရာ မဟုတ်ဘူးဆိုတော့ ဝမ်းသာစရာပေါ့။

http://www.dhammadownload.com

အဲဒီတော့ 'လမ်းခွဲတာ ဝမ်းနည်းစရာလား' ဆိုတဲ့ ဒီစကားလေးက ပြောတဲ့ပုဂ္ဂိုလ်ရဲ့လေသံပေါ် မူတည်ပြီးတော့ အဓိပ္ပာယ်နှစ်မျိုးထွက်တာပေါ့။

အကြောင်းတစ်မျိုးမျိုးကြောင့် ပုဂ္ဂိုလ်တစ်ယောက်ယောက်နဲ့ လမ်းခွဲရတဲ့အတွက်ကြောင့် ဝမ်းနည်းနေတဲ့ပုဂ္ဂိုလ်တစ်ယောက်ကို ဆူပူကြိမ်းမောင်းတဲ့သဘောနဲ့၊ အားမငယ်စေချင်တဲ့ သဘောလေးနဲ့ ....

'လမ်းခွဲတာများ ဝမ်းနည်းစရာလား'

ဒီလိုပြောတာကတော့ လမ်းခွဲတာဝမ်းနည်းစရာ မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဝမ်းနည်းစရာလားလို့ စကားအရ ဖြစ်နေပေမယ့် မေးခွန်းထုတ်တာ မဟုတ်ပါဘူး။

'ငိုစရာလား'ဆိုတဲ့ စကားလိုပေါ့လေ၊ ငိုစရာလားလို့ ပြောလိုက်ခြင်းအားဖြင့် အဲဒီစကားထဲမှာ ငိုစရာမဟုတ်ဘူးဆိုတဲ့ စကားကလည်း ပါနေပြီးသားပါပဲ။ ဆိုပါတော့ သကြၤန်မှာဆိုရင် ပြောလေ့ရှိတယ်လေ၊ 'ပက်စရာလား' ဆိုပြီးတော့၊ ပက်စရာလားဆိုတာ ပက်စရာ မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့။

အဲဒီတော့ လမ်းခွဲတာဝမ်းနည်းစရာလားဆိုတဲ့ စကားက လမ်းခွဲတာများ ဝမ်းနည်းစရာမဟုတ်ပါဘူးဆိုတဲ့ အဓိပ္ပါယ်သက်ရောက်ပါတယ်။

နောက်တစ်ခုကတော့ မေးခွန်းသဘောမျိုးလည်း သက်ရောက်ပါတယ်။ 'လမ်းခွဲတာဟာ ဝမ်းနည်းစရာလား သို့မဟုတ် ဝမ်းသာစရာလား။'

http://www.dhammadownload.com

အဲဒီလို တကယ်ကို သိချင်လို့ မေးတဲ့ မေးခွန်းသဘောမျိုးလည်း သက်ရောက်ပါတယ်၊ အဲဒီတော့ လမ်းခွဲတာဝမ်းနည်းစရာလားဆိုတော့ တရားနာပရိသတ်များက ဝမ်းနည်းစရာမဟုတ်ဘူးလို့ပဲ ဖြေကြတယ် နော်။

ဝမ်းနည်းစရာကောင်းတဲ့ လမ်းခွဲခြင်းလည်း ရှိပါတယ်။ ဝမ်းနည်းစရာမကောင်းတဲ့ တစ်နည်းပြောရင်တော့ ဝမ်းနည်းစရာမလိုတဲ့ လမ်းခွဲခြင်းလည်း ရှိပါတယ်။

တစ်နေ့နေ့တစ်ချိန်ချိန်တစ်နေရာရာမှာ
ခွဲခွာရမယ့်အတူတူတော့
အစကတည်းကမဆုံတွေ့ ဖြစ်ခဲ့ကြရင်
ပိုကောင်းမှာပဲနော် . . . .။
ဒါပေမဲ့လည်းကွယ် . . . .
တို့သတ္တဝါတွေအားလုံးဟာ
ကံဇာတ်ဆရာညွှန်ကြားတဲ့အတိုင်း
ကပြသရုပ်ဆောင်ကြရတဲ့
သံသရာဇာတ်စင်ပေါ်က
စင်တင်ဇာတ်လိုက်တွေမဟုတ်လား။
ကံကဆုံတွေ့ခိုင်းတော့လည်း
တို့တစ်တွေဆုံတွေ့ကြရတာပေါ့။
ကံကလမ်းခွဲခိုင်းတော့လည်း
တို့တစ်တွေလမ်းခွဲကြရတာပေါ့။
ဆုံတွေ့ခိုက်မှာပုံမမေ့လိုက်ပါနဲ့လား။

http://www.dhammadownload.com



## ဘဝဆိုတာဗေဒါပင်တွေလိုပါပဲ

လောကမှာ အစဆိုတာရှိရင် အဆုံးသတ်ဆိုတာလည်း ရှိရတယ်။ ငယ်ရွယ်ခြင်းဆိုတဲ့ အစရှိလို့ရှိရင် ကြီးရင့်ခြင်းဆိုတဲ့ အဆုံးသတ်လည်းရှိရတယ်။ နုပျိုခြင်းဆိုတဲ့အစရှိရင် အိုမင်းခြင်းဆိုတဲ့ အဆုံးသတ်လည်း ရှိရတယ်။ ကျန်းမာခြင်းဆိုတဲ့ အစရှိရင် ဖျားနာခြင်း၊ နာခြင်းဆိုတဲ့ အဆုံးသတ်လည်း ရှိရတယ်။ မွေးဖွားခြင်းဆိုတဲ့ အစရှိရင် သေဆုံးခြင်းဆိုတဲ့ အဆုံးသတ်လည်း ရှိရတယ်။ ပေါင်းဆုံခြင်းဆိုတဲ့ အစရှိရင် ခွဲခွာခြင်းဆိုတဲ့ အဆုံးသတ်လည်း ရှိရတယ်။

လောကရဲ့သဘာဝကိုက အစရှိရင် အဆုံးရှိတတ်တဲ့အတွက်ကြောင့် ပေါင်းဆုံခြင်းဆိုတာရှိရင် လမ်းခွဲခြင်းဆိုတာလည်း ရှိတတ်စမြဲပဲ။ လမ်းခွဲခြင်းဟာ နေ့စဉ်နဲ့အမျှရှိနေတာပါပဲ၊ လမ်းခွဲခြင်းက နှစ်မျိုးရှိတယ်။

အသက်ရှင်လျက် လမ်းခွဲခြင်းနဲ့ သေဆုံးပြီးတော့ လမ်းခွဲခြင်း၊ ရှင်ကွဲခွဲရတဲ့ လမ်းခွဲခြင်းနဲ့ သေကွဲခွဲရတဲ့ လမ်းခွဲခြင်းဆိုပြီးတော့ လမ်းခွဲ

http://www.dhammadownload.com

ခြင်းနှစ်မျိုးရှိပါတယ်။ ရှင်ကွဲခွဲရတဲ့ လမ်းခွဲခြင်းကတော့ အသက်ရှင်နေသမျှကာလပတ်လုံး နေ့စဉ်နဲ့အမျှ ရင်ဆိုင်နေရတဲ့ လောကဓံတစ်ခုပါပဲ။

လောကဓံဆိုတာ လောကဓမ္မ၊ 'လောက'ဆိုတာ လောကကြီးထဲမှာ 'ဓမ္မ' ဆိုတာဖြစ်တတ်တဲ့ သဘောတရား။ ဆိုပါတော့ သူငယ်ချင်းနှစ်ယောက်၊ သိပ်ချစ်ကြတဲ့ သူငယ်ချင်းနှစ်ယောက် ညဘက် လက်ဖက်ရည်ဆိုင် ထိုင်ကြတယ်ဆိုရင်လည်း အားရအောင် လက်ဖက်ရည်ဆိုင်ထိုင်ပြီးကြလို့ အချိန်တန် ကိုယ့်အိမ်ကိုယ် ပြန်ကြတော့မယ် ဆိုတော့ လမ်းခွဲရပါတယ်။

သူငယ်ချင်းအချင်းချင်း ချစ်လွန်းလို့ဆိုပြီးတော့ သူ့အိမ်ကို ကိုယ်လိုက်အိပ်၊ သို့မဟုတ် ကိုယ့်အိမ်ကို သူလိုက်အိပ်နဲ့ ဒီလိုလိုက်အိပ်လို့ မဖြစ်ဘူး။ တစ်ခါတစ်ရံပဲ ဖြစ်ချင်ဖြစ်မယ်၊ အမြဲတမ်းတော့ မဖြစ်နိုင်ဘူး။ ဒီတော့ ဒါလည်းပဲ နေ့စဉ်ကြုံတွေ့ရတဲ့ လမ်းခွဲခြင်းပါပဲ။

ကျောင်းသွားတဲ့သူ ဆိုလို့ရှိရင်လည်း ကျောင်းသွားတယ်၊ ကျောင်းစတက်တဲ့ အချိန်ကနေ ကျောင်းဆင်းခေါင်းလောင်းထိုးတဲ့ အချိန်ထိ ကျောင်းမှာ နေရတယ်။ သူငယ်ချင်းတွေ၊ ဆရာဆရာမတွေနဲ့ ခေတ္တခဏ ပေါင်းဆုံရတယ်။

ကျောင်းဆင်းခေါင်းလောင်းတီးလိုက်ပြီဆိုတာနဲ့ ကိုယ့်အိမ်ကိုယ် ပြန်လာကြရတယ်။ ကျောင်းမှာတွေ့ရတဲ့ သူငယ်ချင်း အပေါင်းအသင်းတွေနဲ့လည်း လမ်းခွဲရတယ်။ ကြည်ညိုလေးစားတဲ့ ဆရာ၊ ဆရာမများနဲ့လည်း လမ်းခွဲရတယ်၊ နေ့စဉ်ကြုံတွေ့ရတဲ့ လမ်းခွဲခြင်းပါပဲ။

ဈေးရောင်းတဲ့ ပုဂ္ဂိုလ်ဆိုရင်လည်း ထို့အတူပဲပေါ့၊ ဈေးဖွင့်တဲ့

အချိန်ကနေ ဈေးသိမ်းတဲ့အချိန်ထိ ဈေးထဲမှာ ထိုင်ရောင်းတယ်၊ ဆိုင်နီးနားချင်းပုဂ္ဂိုလ်တွေနဲ့လည်း ခေတ္တခဏ ပေါင်းဆုံရတယ်၊ ကိုယ့်ဆိုင်လာဝယ်နေကျဖောက်သည်တွေနဲ့လည်း ခေတ္တခဏ ပေါင်းဆုံရတယ်။

ဒါပေမဲ့ ဈေးသိမ်းလို့ ဈေးပိတ်ပြီ၊ ကိုယ့်အိမ်ကို ပြန်ရပြီဆိုရင်တော့ အင်မတန်ချစ်လှပါတယ်ဆိုတဲ့ ဆိုင်နီးနားချင်းတွေနဲ့လည်း လမ်းခွဲရပါတယ်၊ ကိုယ့်ကို ကောင်းကျိုးပြုနေတဲ့ ဖောက်သည်တွေနဲ့လည်း လမ်းခွဲရပါတယ်။

ရုံးတက်တဲ့သူလည်းပဲ ဒီအတိုင်းပဲပေါ့လေ၊ ကိုယ့်ရဲ့ ရုံးကိစ္စဆောင်ရွက်ပြီးတော့ ရုံးဆင်းတဲ့ အချိန်လည်းရောက်ရော ကိုယ့်အိမ်ကိုယ်ပြန်၊ ရုံးမှာတွေ့တဲ့သူတွေနဲ့ လမ်းခွဲကြရတယ်။ အဲဒီလိုအားဖြင့်ရှင်ကွဲခွဲရတဲ့ လမ်းခွဲခြင်းကတော့ နေ့စဉ်နဲ့အမျှ အချိန်တိုင်း ကြုံတွေ့နေရပါတယ်။

သိပ်ချစ်ရပါတယ်ဆိုတဲ့ ဇနီးမောင်နှံနှစ်ဦးတောင်မှ တစ်ချိန်လုံးတပူးတွဲတွဲ နေလို့ မရပါဘူး။ လမ်းခွဲရတဲ့ အချိန်ဆိုတာ ရှိရပါသေးတယ်။ အိမ်မှာ အတူနေနေရင်းနဲ့ တစ်ယောက်က အပြင်မှာ (အိမ်ဆိုင်မှာ) ဈေးရောင်းနေတယ်၊ တစ်ယောက်က အိမ်ထဲမှာ ထမင်းချက်၊ ဟင်းချက်လုပ်နေတယ်၊ ဇနီးမောင်နှံနှစ်ယောက် လမ်းမခွဲရဘူးလား၊ လမ်းခွဲနေရတာပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် မမြင်တွေ့ရတော့ဘူး။

အမျိုးသားက ကိစ္စတစ်ခုရှိလို့ အပြင်ထွက်သွားရင်လည်း လမ်းခွဲရတာပါပဲ။ အမျိုးသမီးက ကိစ္စတခုရှိလို့ အပြင်ထွက်သွားရင်လည်း လမ်းခွဲရတာပါပဲ။ တစ်ရပ်တစ်ကျေးကိုသွားမှ လမ်းခွဲရတာ မဟုတ်ပါ

http://www.dhammadownload.com

ဘူး၊ ကိုယ့်အိမ်ရဲ့အပြင်ဘက်ကို ထွက်သွားတဲ့ အချိန်မှာလည်း လမ်းခွဲရတယ်၊ ကိုယ့်အိမ်ရဲ့အပေါ်ထပ်နဲ့ အောက်ထပ်၊ အိမ်ရှေ့နဲ့ အိမ်နောက်၊ ဒီလိုသွားလာနေတဲ့အချိန်တွေမှာလည်း လမ်းခွဲနေရတာပါပဲ။

အတိတ်ကံကောင်းလွန်းလို့ သိပ်ချစ်ကြတဲ့ ဇနီးမောင်နှံနှစ်ယောက်က အမြဲတမ်း မျက်စိအောက်က အပျောက်မခံ တပူးတွဲတွဲ နေနိုင်တယ်ပဲ ထားဦးတော့၊ နောက်ဆုံး ကျင်ကြီးကျင်ငယ် စွန့်ချင်လို့ ရေအိမ်ခန်းထဲဝင်လို့ရှိရင် လမ်းမခွဲရဘူးလား။ လမ်းခွဲရပါတယ်။

စက္ကန့်နဲ့အမျှ အမြဲတမ်း ကိုယ်ချစ်တဲ့လူနဲ့ တပူးတွဲတွဲ ပေါင်းသင်းဆက်ဆံနေရတယ်ဆိုတာ ရှိရဲ့လား။ မရှိပါဘူး။ ကိုယ်ချစ်တဲ့လူနဲ့ အချိန်ပြည့် ရင်ချင်းအပ်၊ ကိုယ်ချင်းထပ်ထားလို့ မဖြစ်နိုင်ဘူးနော်။ လမ်းခွဲချိန်ဆိုတာ နေ့စဉ်နဲ့အမျှ ရှိပါတယ်။ ရှင်ကွဲခွဲရတဲ့ လမ်းခွဲခြင်းဆိုတာ အမြဲတမ်းရှိပါတယ်။

ဦးပဉ္ဇင်းအပါအဝင် တရားနာပရိသတ်များ ကျင်လည်နေရတဲ့ သံသရာဆိုတာက မြစ်ပြင်ကြီးနဲ့ တူပါတယ်၊ ဦးပဉ္ဇင်းတို့တစ်တွေကတော့ မြစ်ပြင်ထဲမှာရှိတဲ့ ဗေဒါပင်လေးတွေနဲ့ တူပါတယ်၊ ကံကြမ္မာ သို့မဟုတ် ကံတရားကတော့ လေနဲ့ တူပါတယ်။

မြစ်ပြင်ကြီးထဲမှာ လေက တောင်ဘက်ကနေ တိုက်လိုက်တော့ ဗေဒါပင်လေးတွေ မြောက်ဘက်ရွေ့သွားလိုက်၊ လေက မြောက်ဘက်ကနေ တိုက်လိုက်တော့ ဗေဒါပင်လေးတွေ တောင်ဘက်ရွေ့သွားလိုက်၊ လေက အရှေ့ဘက်ကနေ တိုက်လိုက်တော့ ဗေဒါပင်လေးတွေ အနောက်ဘက် ရွေ့သွားလိုက်၊ လေက အနောက်ဘက်ကနေ

http://www.dhammadownload.com

တိုက်လိုက်တော့ ဖဲဒါပင်လေးတွေ အရှေ့ဘက် ရွေ့သွားလိုက်နဲ့ လေခေါ်ဆောင်ရာနောက်ကို ဖဲဒါပင်တွေ ရွေ့ရွေ့ပြီးတော့ သွားကြရပါတယ်။

အဲဒီလို ရွေ့သွားရင်းနဲ့ တစ်ခါတစ်ရံ ဟိုဖဲဒါပင်အုပ်နဲ့ ဆုံလိုက်၊ တစ်ခါတစ်ရံ ဒီဖဲဒါပင်အုပ်နဲ့ ဆုံလိုက်၊ ဒီလေတိုက်လိုက်လို့ပဲ ဆုံပြီးသား ဖဲဒါအုပ်နဲ့ ကွဲသွားပြန်လိုက်၊ တစ်ပင်တည်း ဖြစ်နေရပြန်လိုက်၊ တော်ကြာ လေကြောင်းသင့်လိုက်လို့ ဟိုဖဲဒါတစ်အုပ်နဲ့ ပြန်ပေါင်းမိလိုက်၊

အဲဒီလိုနဲ့ပဲ ဖဲဒါပင်တွေဟာ ဆုံလိုက် , ကွဲလိုက်၊ ကွဲလိုက် , ဆုံလိုက်နဲ့ မြစ်ပြင်ကြီးထဲမှာ ပုံသဏ္ဌာန်အမျိုးမျိုး၊ အနေအထားအမျိုးမျိုး ပြောင်းလဲပြီး ရွေ့လျားကျင်လည်နေရပါတယ်။

အဲဒီလိုပါပဲ၊ သံသရာတည်းဟူသော မြစ်ပြင်ကြီးထဲမှာလည်း ဦးပဉ္စင်းတို့တစ်တွေဟာ ကံကြမ္မာ လေပင့်တဲ့အတိုင်း၊ ကံတရား လေက စီမံပေးလိုက်တဲ့အတိုင်း လူအမျိုးမျိုးနဲ့ ပေါင်းဆုံလိုက် , ခွဲခွာလိုက်၊ ခွဲခွာလိုက် , ပေါင်းဆုံလိုက်နဲ့ ပုံစံအမျိုးမျိုး၊ အနေအထားအမျိုးမျိုး ပြောင်းလဲပြီး လှုပ်ရှားကျင်လည်နေရပါတယ်။

နေ့စဉ်နဲ့အမျှ၊ လစဉ်နဲ့အမျှ၊ နှစ်စဉ်နဲ့အမျှဆိုသလို လမ်းခွဲခြင်းအမျိုးမျိုးကို ကြုံတွေ့နေရပါတယ်။ ဒီလောက်ပြောလိုက်ရင် ဉာဏ်နဲ့ ချဲ့ထွင်ပြီးတော့ အသေးစိတ် ဆင်ခြင်လို့ ရသွားပါပြီ။ အဲဒီလို အသက်ရှင်နေစဉ်မှာ ရှင်ကွဲခွဲရတဲ့ လမ်းခွဲခြင်းနဲ့ လမ်းခွဲရတဲ့အခါမှာလည်း 'လမ်းခွဲတာ ဝမ်းနည်းစရာလား' ဆိုတဲ့ မေးခွန်းက အကျုံးဝင်ပါတယ်။

http://www.dhammadownload.com



## မေတ္တာနဲ့လမ်းခွဲတော့ဝမ်းမနည်းရဘူးပေါ့

တချို့ပုဂ္ဂိုလ်တွေအတွက် လမ်းခွဲခြင်းဟာ ဝမ်းနည်းစရာဖြစ်ပြီးတော့ တချို့ပုဂ္ဂိုလ်တွေအတွက် လမ်းခွဲခြင်းဟာ ဝမ်းနည်းစရာမဖြစ်ပါဘူး။ ခြုံငုံပြီးတော့ ပြောရမယ်ဆိုရင်တော့ ကောင်းသော လမ်းခွဲခြင်းနဲ့ လမ်းခွဲရင် ဝမ်းနည်းစရာမလိုဘူးပေါ့။ မကောင်းသော လမ်းခွဲခြင်းနဲ့ လမ်းခွဲရင်တော့ ဝမ်းနည်းစရာလိုတယ်၊ ဝမ်းနည်းရမယ်ပေါ့။

ရင်ကွဲခွဲရတဲ့ လမ်းခွဲခြင်းမှာ တဏှာနဲ့ လမ်းခွဲရလို့ရှိရင် ဝမ်းနည်းရပါတယ်။ မေတ္တာနဲ့ လမ်းခွဲရလို့ရှိရင်တော့ ဝမ်းမနည်းရပါဘူး။

တဏှာဆိုတာက တစ်ဖက် အာရုံအပေါ်မှာ ငြိကပ်နေတဲ့ သဘောရှိပါတယ်။ တစ်ဖက်အာရုံကို အာရုံပြုပြီးတော့ မိမိရဲ့ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို ရယူလိုတဲ့သဘောရှိပါတယ်။ သူ့ အကျိုးထက် ကိုယ့်အကျိုးကို ရှေးရှုတဲ့သဘောရှိပါတယ်။

ဒီတော့ လူတယောက်နဲ့ တစ်ယောက် ခေတ္တခဏ ဆုံတွေ့ပြီး

http://www.dhammadownload.com

လို့ လမ်းခွဲရတဲ့အခါ ကိုယ်ခွဲလိုက်ရတဲ့ပုဂ္ဂိုလ်အပေါ်မှာ တဏှာနဲ့ ငြိကပ်တွယ်တာနေမယ်၊ သံယောဇဉ်နဲ့ နှောင်ဖွဲ့ရစ်ပတ်စွဲလမ်းနေမယ်ဆိုရင် မိမိရဲ့စိတ်အစဉ်မှာ မိမိနဲ့ လမ်းခွဲလိုက်ရတဲ့ ပုဂ္ဂိုလ်ကိုပဲ အမြဲတမ်း မြင်ယောင်နေတဲ့အတွက်၊ မိမိရဲ့ စိတ်အစဉ်ကို မိမိကို ခွဲထွက်သွားတဲ့ပုဂ္ဂိုလ်ကပဲ အနိုင်ယူလွှမ်းမိုးထားတဲ့အတွက် မိမိမှာ ဝမ်းနည်းရပါတယ်။

မေတ္တာနဲ့လမ်းခွဲပြီဆိုရင်တော့ တစ်ဖက်ပုဂ္ဂိုလ်က မိမိရဲ့ စိတ်အစဉ်မှာ မလွှမ်းမိုးတော့ပါဘူး။ မေတ္တာရဲ့သဘောက တစ်ဖက်အာရုံအပေါ်မှာ ငြိကပ်၊ တွယ်တာ၊ နှောင်ဖွဲ့နေတဲ့သဘောမရှိပါဘူး။ တစ်ဖက်သားကို ကောင်းစားစေချင်တယ်၊ ချမ်းသာစေချင်တယ်၊ အစစအရာရာအဆင်ပြေစေချင်တယ်၊ တစ်ဖက်သား ကောင်းကျိုးရတယ်ဆိုရင်ပဲ ကျေနပ်နေတဲ့ သဘောရှိပါတယ်။

လူချင်း ထိပ်တိုက်တွေ့တဲ့အခါမှာလည်းပဲ တစ်ဖက်သားကောင်းကျိုးဖြစ်မယ့်၊ တစ်ဖက်သားစိတ်ချမ်းသာမယ့်စကားကိုပဲ ပြောဆိုပါတယ်။ တစ်ဖက်သားကောင်းကျိုးဖြစ်မယ့်၊ တစ်ဖက်သား စိတ်ချမ်းသာမယ့် အပြုအမူကိုပဲ ပြုမူပါတယ်။ စိတ်အစဉ်ကလည်း တစ်ဖက်သားကောင်းကျိုးဖြစ်မယ့်၊ တစ်ဖက်သားစိတ်ချမ်းသာမယ့် အတွေးအကြံတွေကိုပဲ တွေးကြံပါတယ်။

အကြောင်းအားလျော်စွာ လမ်းခွဲလိုက်ရတဲ့အခါမှာလည်းပဲ တစ်ဖက်အာရုံမှာ ငြိကပ်ပြီးတော့ ဝမ်းနည်းနေတယ်၊ ပူဆွေးနေတယ်၊ သတိရတမ်းတနေတယ်၊ လွမ်းဆွတ်နေတယ်ဆိုတာ မရှိပါဘူး။

တွေ့ဆုံခိုက်မှာလည်း သူ့အကျိုးကို ငါ စွမ်းနိုင်သမျှတော့

http://www.dhammadownload.com

ဆောင်ရွက်ပေးလိုက်ပြီ၊ အခု မတွေ့ဆုံရတဲ့အချိန်မှာလည်းပဲ သူ့အလုပ် သူလုပ်ပြီးတော့ သူ့ဘာသာသူ ကောင်းကျိုးချမ်းသာဖြစ်အောင် နေထိုင်သွားလိမ့်မယ်။

ကိုယ့်ဘက်ကလည်း သူ့အချိန်နဲ့သူ၊ သူ ကောင်းကျိုးချမ်းသာဖြစ်ဖို့၊ အဆင်ပြေဖို့ မေတ္တာစိတ်လေး ပို့လွှတ်ပြီးတော့နေလိုက်မယ်။ တစ်ဖက်သားအပေါ်မှာ စွဲစွဲလမ်းလမ်း ငြိကပ်ပြီးတော့ မနေပါဘူး။ တစ်ဖက်သား ဘယ်လိုများ နေမလဲ၊ အဆင်ကော ပြေရော ပြေပါ့မလား ဆိုပြီးတော့ စိုးရိမ်သောကတွေလည်းပဲ ဖြစ်မနေပါဘူး။

ကိုယ် လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ပေးခဲ့ပြီးပြီ၊ ကိုယ် ပြောသင့်ပြောထိုက်တာတွေ ပြောပေးခဲ့ပြီးပြီ၊ ကိုယ့်တာဝန်တော့ကျေပြီ၊ ကိုယ်လည်းပဲ ကိုယ့်အလုပ်ကို ဆက်လုပ်တော့မယ်ဆိုပြီးတော့ ကိုယ့်အလုပ်ကိုယ် လုပ်နေရုံပါပဲ။

ဒီတော့ အသက်ရှင်စဉ်မှာ တစ်ယောက်နဲ့တစ်ယောက် လမ်းခွဲကြတဲ့အခါ တဏှာနဲ့လမ်းခွဲပြီဆိုရင် တစ်ဖက်အာရုံအပေါ်မှာ ငြိကပ်စွဲလမ်းပြီးတော့နေတဲ့အတွက်၊ တစ်ဖက်အာရုံက မိမိရဲ့ စိတ်အစဉ်ကို ကြိုးနဲ့တုပ်သလို ချုပ်ကိုင်နှောင်တွယ်ပြီးထားတဲ့အတွက်ကြောင့် မိမိမှာ ဝမ်းနည်းရပါတယ်။

တဏှာနဲ့ လမ်းခွဲရင် ဝမ်းနည်းရတာပါပဲ။ သူ ဘယ်လိုများ နေမလဲ၊ သူ ဘယ်လိုများ ဖြစ်နေမလဲ၊ သူ ငါ့ကို သတိမှရပါ့မလား၊ ငါကတော့ သူ့ကို သတိရလိုက်ရတာ၊ ငါ သတိရသလောက်တော့ သူ သတိရမယ်မထင်ဘူး၊ အဲဒီလို တဏှာနဲ့ လမ်းခွဲသူရဲ့ သန္တာန်မှာ

http://www.dhammadownload.com

ဝမ်းနည်းတဲ့စိတ်တွေ ဖြစ်နေရပါတယ်။

မေတ္တာနဲ့ လမ်းခွဲသူကတော့ တစ်ဖက်အာရုံမှာ ငြိကပ်စွဲလမ်းနေတာမျိုး မရှိတဲ့အတွက် လမ်းခွဲရပေမယ့် ဝမ်းမနည်းပါဘူး။ မေတ္တာရဲ့ သဘောက တစ်ယောက်နဲ့တစ်ယောက် ဆုံတွေ့ရဖို့ အဓိကမဟုတ်ပါဘူး၊ တစ်ဖက်သားမှာ ကောင်းကျိုးတွေဖြစ်နေစေချင်တဲ့ စိတ်ကလေးရှိနေဖို့ အဓိကပါပဲ။

တစ်ယောက်နဲ့တစ်ယောက် မဆုံတွေ့ရရင် နေပါစေ၊ တစ်ဖက်သားမှာ ကောင်းကျိုးချမ်းသာတွေ ဖြစ်နေတယ်ဆိုရင် ကျေနပ်နေတာပါပဲ။ တစ်ဖက်သား ကောင်းကျိုးချမ်းသာရဖို့ ဆန္ဒပြုနေရရင် လုံလောက်ပြည့်စုံနေတာပါပဲ။ ကိုယ် မေတ္တာထားရသူနဲ့ မဆုံတွေ့ရတဲ့ အတွက်ကြောင့် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ တမ်းတခြင်း၊ လွမ်းဆွတ်ခြင်းဆိုတာ မရှိပါဘူး။

ဝမ်းမနည်းလို့ မေတ္တာမရှိဘူး မထင်နဲ့နော်။ မေတ္တာရှိတာနဲ့ ဝမ်းနည်းတာနဲ့ ဘာမှ မဆိုင်ပါဘူး။ တခြားစီပါပဲ။ မေတ္တာရှိတာက အဒေါသ၊ ဝမ်းနည်းတာက ဒေါသ၊ တစ်ခုနဲ့တစ်ခု ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။ မေတ္တာကြောင့် ဝမ်းနည်းရတယ်ဆိုတာ ဘယ်တော့မှ မရှိပါဘူး။ တဏှာကြောင့်သာ ဝမ်းနည်းကြရတာပါ။

ဒါကြောင့် အကျဉ်းချုပ်မှတ်ရမှာက တဏှာနဲ့လမ်းခွဲလို့ရှိရင် ဝမ်းနည်းရတတ်တယ်။ မေတ္တာနဲ့လမ်းခွဲရင်တော့ ဝမ်းမနည်းရတော့ဘူး။ ဉာဏ်နဲ့ချို့ထွင်ပြီးတော့ အသေးစိတ်ပွားလိုက်ပေါ့၊ ဦးပဥ္ဇင်းတို့ကတော့ အကြမ်းဖျင်းပဲ ပြောသွားတာပါ။

http://www.dhammadownload.com

မေတ္တာနဲ့ လမ်းခွဲတဲ့ပုဂ္ဂိုလ်ဟာ တစ်ယောက်နဲ့တစ်ယောက် မဆုံတွေ့ရတဲ့အချိန်မှာ ကိုယ့်အလုပ်ကိုယ် လုပ်ရင်း စိတ်အေးချမ်းစွာ နေတတ်ပါတယ်။ တဏှာနဲ့လမ်းခွဲတဲ့ပုဂ္ဂိုလ်ကတော့ ကိုယ့်အလုပ်ကိုယ် စိတ်မဝင်စားတော့ဘဲ တစ်ဖက်လူနဲ့ ပတ်သက်တာတွေအပေါ် စိတ်ပုံ့လွင့်၊ နစ်မျောပြီး အလုပ်ပျက် အကိုင်ပျက်နဲ့ စိတ်ပူလောင်စွာ နေရပါတယ်။

ရှေးရေစက်ကြီးလွန်းလို့
တွေ့ခွင့်ဆုံခွင့်ချစ်ခင်ခွင့်
ရခဲ့ကြတာမဟုတ်လား။
ဘာလို့များတစ်ယောက်အပေါ်တစ်ယောက်
ခွင့်မလွှတ်နိုင်လောက်အောင်
စိတ်ဆိုးငြိုးတေးနေရတာလဲ။
နာကျည်းမှုကင်းရှုကုဋာနဲ့
ဝမ်းနည်းစွာလမ်းခွဲခဲ့ကြမှတော့
သံသရာတစ်ကွေ့ပြန်လာတွေ့တဲ့အခါ
ဘယ်လိုအပြုံး ဘယ်လိုမျက်လုံးတွေနဲ့
နှုတ်ဆက်ဖက်ပွေ့ကြမလဲကွယ်။

http://www.dhammadownload.com

## ဝမ်းနည်းတယ်ဆိုတာ
## အလုပ်မရှိသူတွေရဲ့အလုပ်ပါ

ဒါကြောင့် ကစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အလုပ်နဲ့ လမ်းခွဲတာဟာ ဝမ်းနည်းစရာမလိုဘူး။ ဝမ်းမနည်းရဘူး။ အလုပ်မရှိဘဲနဲ့ လမ်းခွဲတာကတော့ ဝမ်းနည်းစရာကောင်းတယ်။ ဝမ်းနည်းရတယ်။

အလုပ်ဆိုတဲ့နေရာမှာ ခံယူချက်လေးနက်ပြီးတော့ ဦးတည်ချက်ပြတ်သားတဲ့ အလုပ်မျိုးကိုပြောတာပါ။ ခံယူချက်လေးနက်ပြီးတော့ ဦးတည်ချက်ပြတ်သားတဲ့အလုပ်မျိုး စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာရှိနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်သူနဲ့ ဘာအကြောင်းကြောင့်ပဲ လမ်းခွဲရ လမ်းခွဲရ ဝမ်းမနည်းပါဘူး။

နှစ်ယောက်ဆုံတွေ့နေတာကမှ ကိုယ့်အလုပ်ကို မလုပ်ဖြစ်တဲ့အတွက်ကြောင့် အချိန်ကုန်သေးတယ်၊ အနှောင့်အယှက် ဖြစ်သေးတယ်။ သို့သော် ဆုံသင့် ဆုံထိုက်သလောက်တော့ သူ့အတိုင်းအတာနဲ့ သူ ဆုံတွေ့ရမှာပေါ့။ လုံးဝ မဆုံတွေ့လို့လည်း မဖြစ်ဘူး။ အမြဲတမ်း

http://www.dhammadownload.com

ဆုံတွေ့နေလို့လည်း မဖြစ်ဘူး။ သူ့အချိန်နဲ့သူ လိုအပ်သလောက် ဆုံတွေ့ရင် လုံလောက်ပါပြီ။

အမြဲတမ်းကြီး ဆုံတွေ့ပြီးတော့ နေကြမယ်ဆိုရင်လည်း ကိုယ့်ရဲ့ ခံယူချက် လေးလေးနက်နက်နဲ့ ဦးတည်ချက် ပြတ်ပြတ်သားသား ချမှတ်ထားတဲ့အလုပ်ကို အပြည့်အဝ မလုပ်ဖြစ်တော့ဘဲ အလုပ်တွေ နှောင့်နှေးသွားလိမ့်မယ်။ အလုပ်တွေ လစ်ဟင်းသွားလိမ့်မယ်။ အလုပ် ပျက်သွားလိမ့်မယ်။

ဒီတော့ လမ်းခွဲလိုက်ရတဲ့အခါမှာ ကိုယ့်အလုပ်ကို အချိန်ပြည့် ကြိုးစားပြီး လုပ်လိုက်ခြင်း၊ လုပ်နေခြင်းအားဖြင့်၊ ကိုယ့်အလုပ်ထဲမှာ စိတ်ကို အပြည့်အဝ နှစ်ထားလိုက်ခြင်းအားဖြင့် ဝမ်းနည်းတဲ့စိတ်ဟာ ဖြစ်မလာတော့ပါဘူး။

ဒီအလုပ်ဟာ ငါမလုပ်မဖြစ်တဲ့ အလုပ်ပဲလို့ နားလည်ထားတဲ့ အလုပ်၊ ဒီအလုပ်ဟာ ငါကိုယ်တိုင်လုပ်မှဖြစ်မယ့်အလုပ်လို့ သဘောပေါက် လက်ခံထားတဲ့အလုပ်၊ ဒီအလုပ်ဟာ လုပ်လို့ရှိရင် ကောင်းကျိုးချမ်းသာတွေ အကြီးအကျယ် ဖြစ်ထွန်းစေနိုင်တယ်လို့ ယုံကြည်ချက်ရှိတဲ့အလုပ်၊ ဒီအလုပ်ဟာ အချိန်ဆွဲပြီးတော့ လေးလေးဖင့်ဖင့် လုပ်နေရမယ့် အလုပ်မဟုတ်ဘူး၊ မြန်မြန်ထက်ထက် သွက်သွက်လက်လက်နဲ့ အခုချက်ချင်းကိုပဲ လုပ်ရမယ့် အလုပ်ပဲလို့ သိမြင်ထားတဲ့အလုပ်၊ အဲဒီလို အလုပ်မျိုး ခိုင်ခိုင်မာမာ စွဲစွဲမြဲမြဲရှိနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူနဲ့ ဘာအကြောင်းကြောင့်ပဲ လမ်းခွဲရ လမ်းခွဲရ ဝမ်းမနည်းတော့ပါဘူး။

ကိုယ် ချစ်တဲ့၊ ခင်တဲ့ပုဂ္ဂိုလ်နဲ့ မဆုံတွေ့ဘဲ နေရတဲ့အချိန်မှာ

http://www.dhammadownload.com

ကိုယ့်ရဲ့အလုပ်၊ ကိုယ်အလေးအနက်ထားတဲ့အလုပ်၊ ကိုယ်စိတ်ပါဝင်စားတဲ့ အလုပ်လေးက ရှိနေတော့ သူ့မှာ ဝမ်းနည်းဖို့ အချိန်မရတော့ဘူး။

ဝမ်းနည်းတယ်ဆိုတာ အလုပ်မရှိတဲ့ လူတွေရဲ့အလုပ်ဖြစ်ပါတယ်။ စိုးရိမ်ပူဆွေးတယ်ဆိုတာလည်း အလုပ်မရှိတဲ့လူတွေရဲ့အလုပ်ဖြစ်ပါတယ်။ သတိရ တမ်းတနေတယ်ဆိုတာလည်း အလုပ်မရှိတဲ့လူတွေရဲ့အလုပ်ဖြစ်ပါတယ်။ ငိုကြွေးမြည်တမ်းတယ်ဆိုတာလည်း အလုပ်မရှိတဲ့လူတွေရဲ့အလုပ် ဖြစ်ပါတယ်။

ခံယူချက်လေးနက်ပြီးတော့ ဦးတည်ချက် ပြတ်သားတဲ့အလုပ်၊ မလုပ်မဖြစ် လို့ ခံယူထားတဲ့အလုပ် ကိုယ့်မှာရှိနေပြီ၊ အဲဒီအလုပ်ပေါ်မှာ ကိုယ်က တကယ်စိတ်ဝင်စားမှုရှိနေပြီဆိုရင် ဘယ်သူနဲ့ ဘာအကြောင်းကြောင့် လမ်းခွဲရလို့မှ ဝမ်းနည်းမနေတော့ပါဘူး။

ဘယ်သူ့ကိုမှလည်း သတိရတမ်းတပြီးတော့ လွမ်းဆွတ်ပူဆွေးမနေပါဘူး။ ဘယ်သူ့အတွက်မှလည်း စိုးရိမ်သောကတွေ ဖြစ်မနေတော့ပါဘူး။ အလုပ်မရှိတဲ့သူတွေမှာသာ ဝမ်းနည်းတာတို့၊ ပူဆွေးတာတို့၊ စိုးရိမ်သောကဖြစ်တာတို့ဆိုတာ ဖြစ်နေရတာပါ။

ခိုင်မာစွဲမြဲတဲ့ အလုပ်ရှိနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူနဲ့ပဲ လမ်းခွဲရခွဲရ၊ ဘာအကြောင်းကြောင့်ပဲ လမ်းခွဲရခွဲရ ဝမ်းမနည်းတော့ပါဘူး။ ခိုင်မာစွဲမြဲတဲ့အလုပ် မရှိတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ အတွေးတွေ ပျံ့လွင့်ချင်တိုင်းပျံ့လွင့်ပြီးတော့ အတွေးထဲက ဇာတ်ရုပ်တွေ၊ ဇာတ်လမ်းတွေရဲ့ စေစားချက်အတိုင်း ဝမ်းနည်းမှုတွေ ဖြစ်ရပါတယ်။

ဝမ်းနည်းတယ်တို့၊ ပူဆွေးတယ်တို့၊ သတိရတမ်းတတယ်တို့၊

http://www.dhammadownload.com

လွမ်းဆွတ်တယ်တို့ဆိုတာ တကယ်တော့ အတွေးတွေကြောင့် ဖြစ်တာပါ။ သူ့အကြောင်းကိုသာ တကယ်လို့ မတွေးမိရင် သူ့ကို သတိရတမ်းတတယ်ဆိုတာ ဖြစ်ပါ့မလား။ သူ့ကိုသာ သတိမရဘူးဆိုရင် သူနဲ့ပတ်သက်ပြီးတော့ ဝမ်းနည်းတဲ့ ခံစားချက် ဖြစ်ပါ့မလား။ မဖြစ်ပါဘူး။ အတွေးတွေကြောင့်သာလျှင် ဝမ်းနည်းခြင်းစတဲ့ မကောင်းတဲ့ စိတ်တွေ ဖြစ်နေရခြင်း ဖြစ်ပါတယ်။

ခိုင်မာလေးနက်တဲ့ အလုပ်ကို စွဲစွဲမြဲမြဲ စိတ်ပါဝင်စားစွာ လုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူ့အကြောင်းမှ တွေးဖို့ အချိန်မရတော့ပါဘူး။ အတွေးထဲမှာ ဘယ်သူမှ ထင်ပေါ်မလာတဲ့အတွက်ကြောင့် ထင်ပေါ်လာရင်ဖြစ်မယ့် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်းစတဲ့ မကောင်းတဲ့ စိတ်သဘာဝတွေ ဖြစ်ပေါ်မလာတော့ပါဘူး။

ဒါကြောင့် လူတစ်ယောက် ဝမ်းနည်းနေပြီ၊ ပူဆွေးနေပြီ၊ သောကတွေဖြစ်နေပြီ၊ လွမ်းဆွတ်နေပြီ၊ တမ်းတနေပြီဆိုရင် အားနာပါးနာနဲ့ အားမနာတမ်း မေးရမှာကတော့ ....

'နင် အားနေလား'

လို့ ဒီလိုပဲ မေးရမှာ ပေါ့နော်။ 'နင် ဒီလောက် ဝမ်းနည်းနေတာ၊ သိပ်အားနေလား' လို့ ဒီလိုပဲ မေးရပါမယ်။

ဘာလို့လဲဆိုတော့ ဝမ်းနည်းတယ်၊ ပူဆွေးတယ်ဆိုတာ အားမှပဲ လုပ်လို့ရတဲ့ အလုပ်ဖြစ်နေလို့ပါ။ ကိုယ့်အလုပ်ကို စိတ်ပါဝင်စားနေမယ်၊ ကိုယ့်အလုပ်ကို စိတ်လိုလက်ရလုပ်နေမယ်ဆိုရင် အပိုအတွေးတွေ တွေးဖို့ မအားတဲ့အတွက် ဝမ်းနည်းစရာ အတွေးတွေ ဝင်ခွင့်မရတော့

http://www.dhammadownload.com

ပါဘူး။

ဝမ်းနည်းစရာမှ မတွေးမိရင် ဝမ်းနည်းတယ်ဆိုတာ ဖြစ်မလာနိုင်တော့ပါဘူး။ ဝမ်းနည်းတယ်ဆိုတာ ဝမ်းနည်းစရာတွေကို တွေးမိလို့ပါ။ ဝမ်းနည်းစရာတွေကို မတွေးမိရင် ဝမ်းမနည်းပါဘူး။

ဒီလိုပြောလိုက်တော့လည်းပဲ ဝမ်းနည်းပူဆွေးတတ်တဲ့သူတွေ၊ စိုးရိမ်သောကဖြစ်တတ်တဲ့သူတွေကို အားမနာသလိုကြီးတော့ ဖြစ်နေတာပေါ့။ မညှာတာတဲ့သဘော၊ မစာနာတဲ့သဘော သက်ရောက်နေတယ်။ ဒါပေမဲ့ တရားအရှိကိုတော့ တရားအရှိအတိုင်းပြောရမှာပါပဲ။ လိုက်နာနိုင်တာ,မလိုက်နာနိုင်တာ၊ စိတ်ဓာတ်ရင့်ကျက်လာတာ,မရင့်ကျက်လာတာကတော့ ကာယကံရှင်တွေရဲ့အပိုင်းပါပဲ။

အဲဒီတော့ အလုပ်နဲ့ လမ်းခွဲလို့ရှိရင် ဝမ်းနည်းမှု မဖြစ်ပါဘူး။ အလုပ်မရှိဘဲနဲ့ လမ်းခွဲလို့ရှိရင်တော့ ဝမ်းနည်းမှုဖြစ်ပါတယ်။ အလုပ်လို့ဆိုတဲ့ နေရာမှာလည်းပဲ အသက်မွေးဝမ်းကျောင်းအလုပ်ကို ဆိုလိုတာမဟုတ်ပါဘူး။ အသက်မွေးဝမ်းကျောင်း အလုပ်ဆိုတာကတော့ အများအားဖြင့် သူ့အချိန်ပိုင်းနဲ့သူ လုပ်ရတာဆိုတော့ အချိန်ပြည့် လုပ်ရတဲ့အလုပ်မဟုတ်ပါဘူး။

တချို့သိပ်ကို အလုပ်ကြီးကျယ်တဲ့ပုဂ္ဂိုလ်ဆိုရင်တော့ အိပ်ပျော်နေတဲ့အချိန်ကလွဲရင် အချိန်ပြည့် ဒီအသက်မွေးဝမ်းကျောင်း အလုပ်ထဲမှာ စိတ်ကိုနှစ်ထားရမှာပေါ့လေ။ အများစုကတော့ အဲဒီလို အိပ်ပျော်နေတဲ့ အချိန်ကလွဲရင် စက္ကန့်နှင့်အမျှ၊ မိနစ်နှင့်အမျှ၊ အသက်မွေးဝမ်းကျောင်းအလုပ်ထဲမှာချည်းပဲ နှစ်ထားစရာအလုပ်မျိုး မရှိကြပါဘူး။

http://www.dhammadownload.com

ဈေးရောင်းတဲ့သူဆိုလို့ရှိရင် ဈေးဖွင့်တဲ့အချိန်ကနေ ဈေးပိတ်တဲ့အချိန်ထိ ဒီအချိန် အကန့်အသတ်အတွင်းမှာပဲ ဈေးရောင်းတဲ့အလုပ်ကို လုပ်ရတယ်၊ အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်ရတယ်။ ဈေးသိမ်းလို့ အိမ်ပြန်ပြီဆိုရင် အားသွားပြီပေါ့။ အသက်မွေးဝမ်းကျောင်းနဲ့ ပတ်သက်တဲ့အလုပ် အားသွားတာကိုပြောတာပါ။ အိမ်မှုကိစ္စတို့ လူမှုကိစ္စတို့တော့ ရှိမှာပေါ့။

အဲဒီတော့ ခိုင်မာစွဲမြဲတဲ့ အလုပ်တစ်ခုရှိရမယ်ဆိုတာ အဓိကအားဖြင့်တော့ ဝါသနာပါတဲ့ အလုပ်တစ်ခု စွဲစွဲမြဲမြဲ ရှိရမှာကို ပြောတာပါ။ လောကအလုပ်ပဲဖြစ်ဖြစ်၊ ဓမ္မအလုပ်ပဲဖြစ်ဖြစ်ပေါ့။

လောကအလုပ်အနေနဲ့ဆိုရင်လည်း ဥပမာ–စာဖတ်တဲ့အလုပ်ပေါ့၊ စာဖတ်တဲ့အလုပ်အပေါ်မှာ ခံယူချက်လေးနက်တယ်ဆိုရင် အားပြီဆိုတာနဲ့၊ အသက်မွေးဝမ်းကျောင်းအလုပ် အားပြီးဆိုတာနဲ့ ကိုယ်စိတ်ပါဝင်စားတဲ့စာကို ကောက်ဖတ်လိုက်မယ်။ ဒါဆို ဝမ်းနည်းချိန်ရသေးလား။ မရတော့ပါဘူး။ အတွေးတွေ ဝင်ခွင့်မရတော့ ဝမ်းနည်းမှုဆိုတာ မဖြစ်တော့ပါဘူး။

နောက်ပြီးတော့ အားကစားပေါ့၊ အသက်မွေးဝမ်းကျောင်းအလုပ်ကနေ အားပြီဆိုတာနဲ့ အချိန်ယူပြီးတော့ ကိုယ်ဝါသနာပါတဲ့ အားကစားအလုပ်ကို လုပ်မယ်ဆိုရင်၊ ကိုယ်စိတ်ပါဝင်စားတဲ့ အားကစားထဲမှာ စိတ်ကိုနှစ်ထားလိုက်မယ်ဆိုရင် အတွေးတွေ ဝင်ခွင့်မရတော့တဲ့အတွက် ဝမ်းနည်းဖို့ အချိန်မရှိတော့ဘူး။ ဝမ်းမနည်းရတော့ဘူး။

အဲဒီလိုအားဖြင့်ပေါ့လေ၊ ဝါသနာပါတဲ့ လောကအလုပ်တစ်ခု

http://www.dhammadownload.com

ခု ခိုင်မာလေးနက် စွဲမြဲစွာ ရှိနေရပါမယ်။ ပြီးတော့ ဓမ္မအလုပ်ကလည်း ခိုင်မာလေးနက် စွဲမြဲစွာ ရှိနေရမှာပါပဲ။ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ကုသိုလ်အလုပ်၊ ဓမ္မအလုပ်ကိုလည်းပဲ ဝါသနာပါရမယ်။

တကယ်လို့ ဝါသနာမပါဘူးဆိုရင်လည်းပဲ ဝါသနာပါအောင် ပြုစုပျိုးထောင်မွေးမြူရမှာပါပဲ။ ဝါသနာပါတဲ့ အလုပ်ကိုပဲ လုပ်ရမယ်၊ ဝါသနာမပါတဲ့အလုပ်ကို မလုပ်ရဘူးဆိုတော့ တရားဓမ္မအလုပ် ဝါသနာ မပါဘူး၊ မလုပ်ဘူးကွာလို့ ဒီလိုပစ်ထားလို့မရဘူး။ တရားဓမ္မနဲ့ ပတ်သက်တဲ့အလုပ်ကတော့ ဝါသနာပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ပါအောင် ပြုစုပျိုးထောင်ရမှာပါပဲ။

စာဖတ်ခြင်းအစရှိတဲ့ လောကအလုပ်၊ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာစတဲ့ ဓမ္မအလုပ်၊ အဲဒီလိုအားဖြင့် ဝါသနာပါတဲ့ လောက အလုပ်၊ ဓမ္မအလုပ်ကို ခိုင်ခိုင်မာမာ၊ လေးလေးနက်နက်၊ စွဲစွဲမြဲမြဲ၊ စိတ် ပါဝင်စားစွာ အစဉ်သဖြင့် ပြုလုပ်အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာလည်းပဲ ဘယ်သူနဲ့ ဘာအကြောင်းကြောင့်ပဲ လမ်းခွဲရ လမ်းခွဲရ ဝမ်းမနည်းတော့ ပါဘူး။

မိမိတို့ဉာဏ်နဲ့ချိ့ထွင်ပြီးတော့ ဘယ်လိုလမ်းခွဲခြင်းက ဝမ်းနည်း ရတယ်၊ ဘယ်လို လမ်းခွဲခြင်းကတော့ ဝမ်းမနည်းရတော့ဘူးဆိုတာ စဉ်းစားဆင်ခြင်ကြရုံပါပဲ။ ဒီတော့ မေတ္တာနဲ့လမ်းခွဲခြင်း၊ အလုပ်နဲ့ လမ်းခွဲ ခြင်းဆိုတဲ့ သဘောနှစ်မျိုးကို ဆောင်ပုဒ်လေးတွေ ဆိုကြရအောင်။

မေတ္တာနဲ့သာ၊ လမ်းခွဲပါ၊ စိတ်မှာဝမ်းမနည်း။

အလုပ်နဲ့သာ၊ လမ်းခွဲပါ၊ စိတ်မှာဝမ်းမနည်း။

http://www.dhammadownload.com



## ပြဟ္မာဝင်စားမို့ တဏှာအခင်မထားပါ

မြတ်စွာဘုရားရှင်လက်ထက်တုန်းက အရှင်မဟာကဿပမထေရ်နဲ့ ဘဒ္ဒါကာပိလာနီထေရီမဆိုတာ တရားနာပရိသတ်အများစုကြားဖူးပြီးသားပါ။ အဲဒီအရှင်မဟာကဿပမထေရ်အလောင်း ပိပ္ပလိလုလင်နဲ့ ဘဒ္ဒါကာပိလာနီထေရီမအလောင်း မယ်ဘဒ္ဒါတို့ရဲ့ လမ်းခွဲခြင်းဟာ အင်မတန် အတုယူစရာ၊ ကြည်ညိုစရာ၊ အားကျစရာ၊ လိုက်နာကျင့်သုံးစရာ ကောင်းပါတယ်။

လမ်းခွဲတာ ဝမ်းနည်းစရာမဟုတ်ဘူးဆိုတာကို သူတို့ရဲ့ လမ်းခွဲခြင်းက သက်သေပြခဲ့ပါတယ်။ သာသနာ့သမိုင်းမှာ အကောင်းဆုံးလမ်းခွဲခြင်း၊ အမြင့်မြတ်ဆုံး လမ်းခွဲခြင်းနဲ့ လမ်းခွဲခဲ့ကြတဲ့ အရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင်နဲ့ ဘဒ္ဒါကာပိလာနီထေရီမအလောင်း မယ်ဘဒ္ဒါတို့ အကြောင်းထဲက လမ်းခွဲခြင်းနဲ့ဆိုင်တဲ့ အချက်အလက်တစ်စိတ်တစ်ဒေသကိုပဲ ကွက်ပြီးတော့ အာရုံပြုကြည့်ရအောင်။

http://www.dhammadownload.com

ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါတို့ နှစ်ယောက်လုံးဟာ ဗြဟ္မာပြည်ကနေ ဆင်းသက်လာတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ လူ့ဘဝက လာတဲ့သူကို လူ့ဝင်စားလို့ပြောရင် ဗြဟ္မာဘဝက လာတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဗြဟ္မာဝင်စားလို့ပြောရမှာပေါ့။

ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါတို့ဟာ ဗြဟ္မာဝင်စားတွေဖြစ်ကြပါတယ်။ ဗြဟ္မာဝင်စားတွေဆိုတော့ လောကီအာရုံ ကာမဂုဏ်တွေအပေါ်မှာ သာယာနှစ်သက်တက်မက်စွဲလမ်းခြင်းမရှိကြပါဘူး။ အထူးသဖြင့် အိမ်ထောင်မှုသုခနဲ့ ပတ်သက်တဲ့ ကာမဂုဏ်ချမ်းသာပေါ်မှာလုံးဝ စိတ်ပါဝင်စားခြင်း မရှိကြပါဘူး။

ပိပ္ပလိလုလင် အရွယ်ရောက်လာတော့ မိဘနှစ်ပါးက အိမ်ထောင်ပြုဖို့ အကြိမ်ကြိမ်အခါခါ တိုက်တွန်းကြပါတယ်။ ပိပ္ပလိလုလင်ကလည်း အကြိမ်ကြိမ်အခါခါ ငြင်းပယ်ပါတယ်။

'အမေတို့ အဖေတို့၊ ကျွန်တော် အိမ်ထောင်မပြုရပါစေနဲ့၊ အမေတို့ အဖေတို့ အသက်ထင်ရှားရှိနေသမျှ ကာလပတ်လုံး ကျွန်တော် အမေနဲ့ အဖေကို ပြုစုလုပ်ကျွေးပါ့မယ်။ အမေတို့ အဖေတို့ ကွယ်လွန်သွားလို့ရှိရင်တော့ သား ရဟန်းပြုပါ့မယ်၊ ဒါကြောင့် အိမ်ထောင်မပြုပါရစေနဲ့'

အကြိမ်ကြိမ် အခါခါ ငြင်းပါတယ်။ မိဘနှစ်ပါးကလည်း ခွဲမလျှော့ဘူး၊ အကြိမ်ကြိမ် အခါခါ တိုက်တွန်းပါတယ်။

ကြာတော့ ပိပ္ပလိလုလင် နားငြီးလာတယ်၊ နားပူလာတယ်။ 'ငါ့မှာ ရဟန်းဝတ်ချင်တဲ့စိတ် အင်မတန်ထက်သန်နေတယ်ဆိုတာ မိဘ

http://www.dhammadownload.com

တွေ သိပါစေတော့’ ဆိုပြီးတော့ အင်မတန်ချောမောလှပတဲ့ ရွှေစင်ရုပ်ကလေးတစ်ခု ထုလုပ်လိုက်တယ်။ ရွှေသားအတိပြီးတဲ့ ရွှေစင်ရုပ်ကလေး ထုလုပ်လိုက်ပြီးတော့ ....

‘ဒီရွှေစင်ရုပ်လောက် ချောတဲ့ မိန်းကလေး လောကမှာ ရှိရင်တော့ ကျွန်တော် အိမ်ထောင်ပြုပါ့မယ်၊ တကယ်လို့ ဒီရွှေစင်ရုပ်နဲ့ တူတဲ့၊ ဒီရွှေစင်ရုပ်လောက် ချောမောလှပတဲ့ အမျိုးသမီး မရှိဘူးဆိုရင်တော့ ကျွန်တော် အမေတို့ အဖေတို့ သေတဲ့အထိ မစောင့်တော့တဲ့ မတွေ့တဲ့အချိန်က စပြီးတော့ သာသနာ့ဘောင် ဝင်ပါရစေ၊ ရဟန်းပြုပါရစေ’

အဲဒီလိုပြောတော့ မိဘတွေကလည်းပဲ ....

‘ငါ့သားဟာ သံသရာ ကျင်လည်စဉ်က ကုသိုလ်ကောင်းမှုတွေကို တစ်ဦးတည်း လုပ်ခဲ့တာတော့ မဟုတ်နိုင်လောက်ဘူး။ အတူတကွ ကုသိုလ်ပြုဖက်၊ ပါရမီဖြည့်ဖက်တော့ ရှိမှာပဲ၊ ငါ့သားဟာ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်ပဲ၊ ငါ့သားနဲ့ ထိုက်တန်တဲ့ ရွှေစင်နတ်သမီး တွေ့ကို တွေ့ရမယ်’

ဆိုပြီးတော့ ဒီရွှေစင်ရုပ်ကလေးကို ရထားပေါ်တင်ပြီးတော့ အနယ်နယ်အရပ်ရပ် လှည့်လည်ပြီး ချွေးမလောင်း အရှာထွက်ခိုင်းပါတယ်။ အဲဒီမှာ မယ်ဘဒ္ဒါကို တွေ့တယ်ဆိုကြပါစို့၊ မယ်ဘဒ္ဒါရဲ့ မိဘတွေနဲ့ တွေ့ဆုံပြီးတော့ အကျိုးအကြောင်းပြောပြတော့ မယ်ဘဒ္ဒါရဲ့ မိဘတွေကလည်း သဘောတူလက်ခံပါတယ်။

ပိပ္ပလိလုလင်ဆီကိုလည်း ရွှေစင်ရုပ်လောက်ချောတဲ့၊ ရွှေစင်ရုပ်ထက်တောင်မှ အဆပေါင်းသောင်းသိန်းကုဋေကုဋာချီပြီးတော့ ချောတဲ့

http://www.dhammadownload.com

မိန်းကလေးတစ်ယောက် လောကကြီးမှာ ရှိနေပါပြီ၊ နားဖောက်ခဲ့ပြီးပါပြီ လို့ပြောတော့ ပိပ္ပလိလုလင် တော်တော် စိတ်ညစ်သွားပါတယ်။

ဟိုဘက်က မယ်ဘဒ္ဒါလည်းပဲ စိတ်ညစ်သွားပါတယ်။ မယ်ဘဒ္ဒါကလည်း ပိပ္ပလိလုလင်နဲ့ အလားတူပါပဲ၊ သူ့ရဲ့မိဘတွေက အိမ်ထောင်ပြုဖို့ပြောတော့ ....

'မပြုပါရစေနဲ့၊ အမေတို့ အဖေတို့ အသက်ထင်ရှား ရှိသမျှ အပျိုကြီးဘဝနဲ့ ပြုစုလုပ်ကျွေးပါ့မယ်။ အမေတို့ အဖေတို့ သေလွန်သွားရင်တော့ သမီး ရဟန်းမ ပြုပါ့မယ်'

အဲဒီလို ပြောခဲ့သူပါ။ ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါတို့ဟာ စိတ်တူကိုယ်တူတွေ ဖြစ်ကြပါတယ်။

အခုတော့ သူတို့နှစ်ဦး လာပြီးတော့ တွေ့နေကြပြီ။ ဒီတော့ ပိပ္ပလိလုလင်က လျှို့ဝှက်စာတစ်စောင် ရေးပြီးတော့ သူ့ရဲ့လူယုံတော်တစ်ယောက်နဲ့ မယ်ဘဒ္ဒါဆီ ပို့ခိုင်းလိုက်တယ်။ မယ်ဘဒ္ဒါကလည်းပဲ လျှို့ဝှက်စာတစ်စောင်ရေးပြီးတော့ ပိပ္ပလိလုလင်ဆီကို စာတစ်စောင် ပို့ခိုင်းလိုက်ပါတယ်။ သူတို့ရေးထားတဲ့ စာတွေက အဓိပ္ပာယ်အတူတူပါပဲ။

ပိပ္ပလိလုလင်ရေးတဲ့စာကတော့ ....

'ချစ်နှမ မယ်ဘဒ္ဒါ၊ သင်ဟာ သင်နဲ့ အမျိုးဇာတ်ချင်းတူသူ အမျိုးသားတစ်ယောက်ကို လက်ထပ်လိုက်ပါ။ ကျွန်ုပ်ဟာ ရဟန်းပြုမယ့်သူ ဖြစ်ပါတယ်။ နောင်မှ စိုးရိမ်သောကမဖြစ်ပါနဲ့'

မယ်ဘဒ္ဒါရေးတဲ့ စာကလည်း နည်းတူပါပဲ။

http://www.dhammadownload.com

'အရှင့်သား၊ အရှင့်သားနဲ့ ဂုဏ်ရည်တူ အမျိုးသမီး တစ်ယောက်ကို လက်ထပ်လိုက်ပါ။ ကျွန်မကတော့ ရဟန်းမ ပြုမယ့်သူဖြစ်ပါတယ်။ နောင်မှ စိုးရိမ်သောကမဖြစ်ပါနဲ့'

စာအဓိပ္ပာယ်ချင်းတော့ အတူတူပါပဲ၊ စကားလုံးချင်းတော့ ထပ်တူဖြစ်ချင်မှဖြစ်မယ်ပေါ့။

အဲဒါနဲ့ သတို့သားဘက်က လူယုံတော်နဲ့ သတို့သမီးဘက်က လူယုံတော်တို့ လမ်းခရီးတစ်ဝက်မှာ ဆုံကြတယ်။ ဆုံကြတော့ ဘယ်သွားမလို့လဲ၊ ဘာကိစ္စလဲ၊ ဒီလိုဒီလိုပဲဆိုတော့ 'ဟာ' စိတ်ဝင်တစားနဲ့ စာကို ဖောက်ဖတ်ကြတယ်။

ဘာများ ရေးထားပါလိမ့်မလဲ၊ ဒီလောက်ချော ဒီလောက်လှတဲ့ သတို့သား၊ သတို့သမီးတို့ ချစ်သူနှစ်ဦးရဲ့ စာကတော့ အင်မတန်ကို ကဗျာဆန်မှာပဲ စသည်အားဖြင့်ပေါ့လေ၊ စိတ်ဝင်စားပြီးတော့ ဖောက်ဖတ်ကြည့်လိုက်တော့ အထင်နဲ့အမြင် ပါစင်အောင်လွဲနေတယ်။

အံ့သြထိတ်လန့်ပြီးတော့ သွားကြတယ်၊ 'ဩော် အသက်ငယ်ငယ်နဲ့ ရေးထားလိုက်တဲ့စာတွေက အံ့သြစရာပဲ'၊ အဲဒါနဲ့သူတို့က သတို့သားလောင်းနဲ့ သတို့သမီးလောင်း ရေးထားတဲ့စာတွေကို ဆုတ်ဖြဲပြီးတော့ တောထဲမှာ လွှင့်ပစ်လိုက်တယ်။

လွှင့်ပစ်လိုက်ပြီးတော့ နှစ်ဦးသဘောတူ တိုင်ပင်ပြီးတော့ စာတစ်စောင် အသစ်ပြန်ရေးလိုက်တယ်၊ ဥပမာ ဆိုပါတော့ လုလင်ရေးတဲ့စာဆိုရင် ....

'ချစ်နှမ မယ်ဘဒ္ဒါရေ၊ မောင်ကြီးလေ လောကကြီးမှာ ရွှေစင်

http://www.dhammadownload.com

ရုပ်ကလေးလောက် ချောမောလှပတဲ့ မိန်းကလေးမျိုး လုံးဝ မရှိနိုင်ဘူးလို့ ထင်ထားခဲ့မိတာပါ၊ အခုတော့ ချစ်နှမက ရွှေစင်ရုပ်ကလေးထက် တောင် အဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် ချောမောလှပနေ တယ်ဆိုပါလားကွယ်၊ ချစ်နှမကို မတွေ့ရသေးခင်ကတည်းက မောင် ကြီး ရင်ထဲမှာ ချစ်သဒ္ဓါစိတ်တွေ ယိုဖိတ်နေပါပြီ'

'ချစ်နှမကို မောင်ကြီး သိပ်ကို တွေ့ချင်လှပါပြီ၊ ဘယ်တော့များ မှ တွေ့ရပါ့မလဲ မိန်းကလေးရယ်၊ ဖိုးလမင်းကတစ်ဆင့် မောင်ကြီး ပြောလိုက်တဲ့ စကားတွေကို ချစ်နှမကြားရဲ့လားကွယ်'

ဘာညာပေါ့လေ၊ ကြားထဲက အောင်သွယ်တော်တွေက လက်စွမ်းပြတော့တာပေါ့။ မယ်ဘဒ္ဒါရဲ့ စာမှာလည်း မယ်ဘဒ္ဒါက ပိပ္ပလိလုလင်အပေါ်မှာ ချစ်သဒ္ဓါစိတ်တွေ ယိုဖိတ်နေတဲ့သဘော သက် ရောက်စေတဲ့ စာတွေ တဖွဲ့တနွဲ့ ရေးလိုက်တယ်။

အဲဒီလိုရေးလိုက်တဲ့စာတွေဖတ်ပြီးတော့ သတို့သားလောင်းနဲ့ သတို့သမီးလောင်းတို့က စိတ်ညစ်ညစ်နဲ့ပဲ မိဘတွေစီမံတဲ့အတိုင်း အိမ် ထောင်ပြုလိုက်ရပါတယ်။

အိမ်ထောင်ပြုလိုက်ကြပေမယ့်၊ အိမ်ထောင်ပြုပြီး တစ်အိမ် တည်း အတူတူနေကြပေမယ့် ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါတို့ဟာ တကယ့် မောင်နှမအရင်းတွေလိုပဲ နေကြပါတယ်။ လင်လိုမယားလို လုံးဝ မနေ ကြပါဘူး။ တစ်ယောက်အပေါ်တစ်ယောက် ကာမရာဂစိတ်၊ တဏှာ ရာဂစိတ် တစ်စက္ကန့်လေးတောင် မဖြစ်ကြပါဘူး။

မောင်နှမအရင်းလိုပဲ ပြောဆိုကြတယ်။ မေတ္တာစိတ်သန့်သန့်

http://www.dhammadownload.com

နဲ့ပဲ ကြည့်ကြတယ်။ တဏှာရာဂစိတ်နဲ့ ပြုံးပြီးတောင် မကြည့်ကြပါဘူး။ မျက်စလေးတောင် မပစ်ပါဘူး။ မျက်ခုံးလေးတောင် ပင့်ပြီးတော့ မကြည့်ပါဘူးနော်။ ည အိပ်ကြပြီဆိုတော့လည်း အိပ်တာကတော့ တစ်ခုတင်တည်းပါပဲ၊ ဒါပေမဲ့ လင်မယားလို မအိပ်ကြပါဘူး၊ မောင်နှမလိုပဲ အိပ်ကြပါတယ်။

ခုတင်ကို အိပ်ခန်းရဲ့ ထောင့်မှာ ကပ်မထားပါဘူး။ အလယ်မှာ ထားပါတယ်။ အိပ်ရာဝင်ပြီဆိုရင် ပိပ္ပလိလုလင်က ခုတင်ရဲ့ ညာဘက်နေရာကနေ ခုတင်ပေါ် တက်တယ်။ မယ်ဘဒ္ဒါက ခုတင်ရဲ့ ဘယ်ဘက်နေရာကနေ ခုတင်ပေါ် တက်တယ်။

တစ်ယောက်ကို ပန်းကုံးတစ်ကုံးစီ ယူလာတယ်။ ကိုယ်ယူလာတဲ့ ပန်းကုံးကို ကိုယ့်ဘက်မှာ ထားကြတယ်။ နှစ်ယောက်ရဲ့ အလယ်မှာပေါ့။ အိပ်ရာရဲ့ အလယ်မှာ ပန်းကုံးတစ်ကုံးစီ ခြားပြီးတော့ အိပ်ကြတယ်။ သစ္စာအဓိဋ္ဌာန်လည်း ပြုထားကြတယ်။

'ကျွန်ုပ်ရဲ့ စိတ်မှာ တဏှာရာဂစိတ် ပေါ်လာရင် ကျွန်ုပ်ဘက်က ပန်းကုံးညှိုးပါစေ'

'ကျွန်မရဲ့ စိတ်အစဉ်မှာ တဏှာရာဂစိတ်ဖြစ်ပေါ်လာရင်၊ ကာမရာဂစိတ်ကလေး တစ်စက္ကန့်လေးပဲဖြစ်ဖြစ် ဖြစ်ပေါ်လာရင် ကျွန်မဘက်က ပန်းကုံးလေး ညှိုးပါစေ'

အဲဒီလို ကတိထားပြီးတော့ အိပ်စက်ကြပါတယ်။

အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ယောက်အသားတစ်ယောက်၊ တစ်ယောက်ခန္ဓာတစ်ယောက် ထိမိမှာစိုးလို့၊ တစ်ညလုံး

http://www.dhammadownload.com

အိပ်မပျော်ကြပါဘူး။ သတိကြီးစွာထားပြီးတော့ လဲလျောင်းနေကြတာပါပဲ။ သူတို့ရဲ့အလယ်မှာထားတဲ့ ပန်းကုံးတွေကလည်း မညှိုးနွမ်းကြပါဘူး။

သူတို့ရဲ့စိတ်အစဉ်မှာ တဏှာရာဂစိတ်၊ ကာမရာဂစိတ် လုံးဝမဖြစ်ဘူးဆိုတာ သက်သေပြနေကြတာပါပဲ၊ ဗြဟ္မာဝင်စား မြင့်မြတ်တဲ့သူတွေဆိုတော့ ကြည်ညိုစရာကောင်းလိုက်တာ။

ပန်းကုံးမညှိုးတဲ့ အကြောင်းပြောတော့ ဦးပဋ္ဌင်းတို့က စာသင်သားဘဝတုန်းက အမျိုးသမီးနှစ်ယောက်ပြောတဲ့စကား သွားပြီးတော့ သတိရတယ်။

ဦးပဋ္ဌင်းတို့ စာသင်တိုက်ထဲ အနီးအနားက ရွာတစ်ရွာက အမျိုးသမီးတွေ မြို့ထဲမှာ ရက်ကန်းယက်ဖို့ဆိုပြီးတော့ ကျောင်းဝင်းထဲက ဖြတ်သွားကြတယ်။ တစ်ခုသောမနက်မှာ ဦးပဋ္ဌင်းကလည်း ကျောင်းဝင်းထဲမှာ သန့်ရှင်းရေး တံမြက်စည်းလှဲနေတယ်။ အဲဒီတုန်းကတော့ ကိုရင်ဘဝပဲ ရှိပါသေးတယ်။

အမျိုးသမီးနှစ်ယောက် ဖြတ်သွားရင်းနဲ့ သူတို့ချင်း စကားပြောနေကြတယ်။ ဘာပြောနေသလဲဆိုတော့ သူတို့က ဘာသာရေးဗဟုသုတလည်း ရှိပုံပေါ်ပါတယ်။ အမျိုးသမီးတစ်ယောက်က ပြောတယ်။

'ငါနဲ့ ငါ့ ယောက်ျားတို့လည်း ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါတို့လိုပဲ ကျင့်သုံးနေကြတယ်။ ညအိပ်လို့ရှိရင် သူကလည်း ပန်းကုံးတစ်ကုံး၊ ငါကလည်း ပန်းကုံးတစ်ကုံး အလယ်မှာထားပြီးတော့ အိပ်တယ်။ မနက်

http://www.dhammadownload.com

ကျတော့ ပန်းကုံးတွေ မညှိုးဘူးတော်ရေ'

ဆိုတော့ ဟိုဘက်က အမျိုးသမီးကလည်း 'ညည်းတော့ တယ်ဟုတ်ပါလား၊ မြတ်သောအကျင့်ကို နေ့စဉ်နဲ့အမျှ ကျင့်နေကြတာ ကြည်ညို စရာပဲပေါ့၊ ဒါနဲ့နေပါဦး၊ ညည်းတို့အလယ်မှာထားတဲ့ ပန်းက ဘာပန်းလဲ' လို့မေးတော့ 'ပလတ်စတစ်ပန်းတွေပါ' တဲ့။

ပလတ်စတစ်ပန်းတွေကို အလယ်မှာထားပြီးတော့ အိပ်မှတော့ ပန်းတွေညှိုးပါဦးမလား၊ မညှိုးတော့ပါဘူး။ ပလတ်စတစ်ပန်းကို ခေါ်တာကိုက 'မညှိုပန်း' လို့ ခေါ်တာပဲနော်။

ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါတို့ကတော့ တကယ့် စံပယ်ပန်းတို့၊ မြတ်လေးပန်းတို့၊ တကယ်ညှိုးတတ်တဲ့ ပန်းတွေကို အလယ်မှာ ထားပြီး တော့ အိပ်တာပါ။ ဒါပေမဲ့ ပန်းတွေ မညှိုးကြပါဘူး။

**တစ်ယောက်အပေါ်တစ်ယောက်**
**တဏှာအစေးခာတ်နဲ့**
**ငြိကပ်တွယ်တာနေမယ်ဆိုရင်**
**ခဏလေးလမ်းခွဲရလည်း**
**ဘဝေးနစ်ခြမ်းကွဲသွားသလို**
**ဝမ်းနည်းရင်နင့်ရပါတယ်။**

http://www.dhammadownload.com



## နှစ်ဦးသဘောတူထားဝရလမ်းခွဲခြင်း

အဲဒီလို တကယ့် မောင်နှမအရင်းတွေလို နေကြရင်းနဲ့ တစ်နေ့ တော့ ပိပ္ပလိလုလင် သူ့ရဲ့လယ်ကွင်းတွေဆီ သွားပြီးတော့ လုပ်ငန်းကိစ္စ တွေ သွားကြည့်တယ်။ အဲဒီလိုကြည့်တော့ လယ်ထဲမှာ လယ်ယာ လုပ် သားတွေက လယ်ထွန်ပြီးတော့ နေကြတယ်။

လယ်ထွန်တော့ ထွန်ခဲလေးတွေရဲ့ကြားထဲမှာရှိတဲ့ တီကောင် လေးတွေ၊ ပိုးကောင်လေးတွေကို ကျီးငှက်တွေက လာပြီးတော့ ထိုးဆိတ် စားကြတယ်။ အဲဒီလို စားကြတာ ကြည့်ပြီးတော့ ပိပ္ပလိလုလင်က လယ်ယာလုပ်သားတွေကို မေးတယ်။

'အမောင်တို့၊ ဒီကျေးငှက်တွေ ဘာစားနေကြတာလဲ'

'ထွန်ခဲတွေကြားမှာရှိတဲ့ တီကောင်၊ ပိုးကောင်လေးတွေ စားနေ ကြတာပါ အရှင်'

'ဒါဖြင့် အဲဒီ ကျီးတွေ၊ ငှက်တွေက တီကောင်လေးတွေ၊ ပိုး

http://www.dhammadownload.com

ကောင်လေးတွေကို စားခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ အကုသိုလ်ကံဟာ ဘယ်သူ့ရဲ့ အကုသိုလ်ကံများ ဖြစ်နိုင်မလဲ'

အဲဒီလိုမေးတော့ လယ်ယာလုပ်သားတွေကလည်းပဲ ....

'အရှင့်သားတို့အတွက် လယ်ထွန်နေကြတာ၊ အရှင့်သားတို့ အတွက် ဒီလယ်ယာလုပ်ငန်းကို လုပ်ဆောင်နေကြတာဖြစ်တဲ့အတွက် ကြောင့် ဒီကျီးငှက်တွေ တီကောင်၊ ပိုးကောင် စားခြင်းကြောင့် ဖြစ်ပေါ် လာတဲ့ အကုသိုလ်ကံကို အရှင့်သားတို့ပဲ ရမှာပေါ့'

အဲဒီလိုလည်း ပြောလိုက်ရော၊ ပိပ္ပလိလုလင်က သံဝေဂတွေ အထွတ်အထိပ် ရောက်သွားတယ်။

'ဩော် ဘုရား ဘုရား၊ ဒီလို ကျီးငှက်တွေ တီကောင်၊ ပိုးကောင် စားတဲ့ အကုသိုလ်ကံဟာ ငါတို့ ရဲ့ အကုသိုလ်ကံ ဖြစ်တယ်ဆိုရင်တော့ ဒီလို လယ်ယာစီးပွားရေးလုပ်ငန်းတွေ လုပ်နေခြင်းအားဖြင့် ဘာအကျိုးရှိ တော့မှာလဲ။ ဒီ လောကီစည်းစိမ် ချမ်းသာတွေဟာ ဘာအဓိပ္ပာယ်ရှိ တော့မှာလဲ။ တော်ပြီ၊ ငါတော့ ဒီနေ့ပဲ ရဟန်းဝတ်ပြီးတော့ တောထွက် တော့မယ်'

ပိပ္ပလိလုလင် သံဝေဂတွေ ရသွားပါတယ်။ အဲဒီနေ့မှာပဲ မယ် ဘဒ္ဒါကလည်း အိမ်မှာနေရင်းနဲ့ အိမ်ရှေ့ကွက်လပ်ကလေးမှာ ဖျာတွေ ခင်းပြီးတော့ နှမ်းတွေ လှမ်းနေပါတယ်။ နှမ်းအလုပ်သမကြီးတွေက နှမ်းတွေကို လှမ်းနေတဲ့အချိန်မှာ ကျီးတွေ ငှက်တွေက လာပြီးတော့ နှမ်းပိုးလေးတွေ စားကြပြန်တယ်။

အဲဒါကို ကြည့်ပြီးတော့ မယ်ဘဒ္ဒါကလည်း ပိပ္ပလိလုလင်

http://www.dhammadownload.com

လိုပဲ မေးတာပါပဲ။

'ဘာတွေ စားနေကြတာလဲ'

'ကျီးတွေငှက်တွေက နှမ်းပိုးလေးတွေကို စားနေကြတာပါ'

'နှမ်းပိုးလေးတွေကို စားခြင်းကြောင့် ဖြစ်ပေါ်လာမယ့် ကျီးငှက်တွေရဲ့ အကုသိုလ်ကံဟာ ဘယ်သူ့ အကုသိုလ်ကံ ဖြစ်နိုင်မလဲ'

'အရှင်မတို့အတွက် နှမ်းလုပ်ငန်း လုပ်နေတာဆိုတော့ နှမ်းပိုးလေးတွေကို ကျီးတွေ ငှက်တွေစားလို့ဖြစ်ပေါ်လာတဲ့ အကုသိုလ်ကံဟာ အရှင်မတို့ရဲ့ အကုသိုလ်ကံပဲ ဖြစ်မှာပေါ့'

အဲဒီလိုလည်း ပြောလိုက်ရော၊ မယ်ဘဒ္ဒါကလည်း သံဝေဂတွေ အထွတ်အထိပ် ရောက်သွားပါတယ်။

'နို့ဆီဘူးတစ်လုံးချက်ထက် ပိုပြီးတော့ စားနိုင်တာလည်း မဟုတ်၊ လေးတောင်အထည်ထက် ပိုပြီးတော့ ဝတ်နိုင်တာလည်း မဟုတ်၊ တစ်ဝမ်းဝရုံ၊ တစ်ခါးလုံရုံလေး စားရ ဝတ်နေရပြီးတော့ နေ့စဉ်နဲ့အမျှ အကုသိုလ်တွေ တိုးနေမယ်ဆိုရင်တော့ သံသရာမှာ အပါယ်လေးပါး ထဲကနေ ငါတော့ ခေါင်းဖော်ခွင့်ရမှာ မဟုတ်တော့ဘူး'

'တော်ပြီ၊ ငါ ဒီနေ့ပဲ ရဟန်းမ ပြုပြီးတော့ တောထွက်တော့မယ်၊ အရှင့်သား ပြန်လာလို့ရှိရင် နားလည်အောင် ပြောပြပြီးတော့ ငါ ဒီနေ့ပဲ တောထွက်တော့မယ်'

အဲဒီလို သူကလည်းပဲ စဉ်းစားဆုံးဖြတ်ထားပါတယ်။ အဲဒါနဲ့ ပိပ္ပလိလုလင် အိမ်ပြန်ရောက်၊ ရေမိုးချိုး၊ နှစ်ယောက်အတူ ထမင်းစား၊ ထမင်းစားလို့လည်းပြီးရော ပိပ္ပလိလုလင်က မယ်ဘဒ္ဒါကို ပြောပါတယ်။

http://www.dhammadownload.com

'ချစ်နှမ မယ်ဘဒ္ဒါ၊ သင့်ရဲ့မိဘတွေဆီက ပါလာတဲ့ စည်းစိမ်ချမ်းသာတွေရော၊ ကျွန်ုပ်မှာရှိတဲ့ စည်းစိမ်ချမ်းသာတွေရော၊ စည်းစိမ်ချမ်းသာအကုန်လုံးကို ချစ်နှမပဲ သိမ်းပိုက်ပါတော့၊ ချစ်နှမပဲ သုံးဆောင်ခံစားပါတော့'

'ဒါဖြင့် အရှင့်သားက ဘာလုပ်မလို့လဲ'

'ကျွန်ုပ် ဒီနေ့ပဲ ရဟန်းဝတ်ပြီးတော့ တောထွက်တော့မယ်'

'အို .... ဘုရားရေ ....၊ တိုက်ဆိုင်လိုက်တာ။ ကျွန်မလည်း ဒီနေ့ပဲ ရဟန်းဝတ်ပြီး တောထွက်မလို့ စိတ်ကူးနေတာရှင့်'

ဆိုပြီးတော့ သူတို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် သံဝေဂဖြစ်ကြတဲ့ အကြောင်းလေးတွေ ပြန်ပြီးတော့ ပြောကြတယ်။

ပြန်ပြောပြီးတော့ 'ကဲ၊ တို့ စိတ်တူကိုယ်တူ တောထွက်ကြစို့' ဆိုပြီးတော့ တစ်ယောက်ခေါင်း တစ်ယောက် ရိတ်ပေးကြပါတယ်။ ဈေးထဲက သင်္ကန်းပရိက္ခရာတွေ သွားဝယ်ယူပြီးတော့ ကိုယ်တိုင်ပဲ သင်္ကန်းဝတ်လိုက်ကြတယ်။ အဲဒီအချိန်မှာတော့ ဥပဇ္ဈာယ်ဆရာက လည်း မရှိသေးဘူး။ ဒါပေမဲ့ ရည်မှန်းပြီးတော့ ဥပဇ္ဈာယ်ဆရာကိုတော့ တင်ထားလိုက်ကြပါတယ်။

'လောကမှာ ကိလေသာ အာသဝေါကုန်ခန်းကြတဲ့ ရဟန္တာအရှင်မြတ်များကို ဥပဇ္ဈာယ်ပြုပြီးတော့ ဘုရားတပည့်တော်၊ တပည့်တော်မတို့ ရဟန်းပြုပါတယ်၊ ရဟန်းမပြုပါတယ်' လို့ ရှိုးတိုင်တည်ပြီးတော့မှ ရဟန်းပြုလိုက်ကြပါတယ်။

အဲဒီလိုနဲ့ နှစ်ယောက်သား တောအုပ်တစ်ခုဆီကို ထွက်ခွာ

http://www.dhammadownload.com

သွားကြတယ်ဆိုပါတော့။ တောအုပ်ကြီးဆီကို ထွက်ခွာသွားရင်းနဲ့ တစ်နေရာရောက်တော့ လမ်းခွလေးတစ်ခု တွေ့တယ်။

အဲဒီလမ်းခွလေးလည်း ရောက်ရော လမ်းဆုံမှာ မတ်တတ်ရပ်လိုက်တယ်။ ရှေ့ကသွားတဲ့ ပိပ္ပလိလုလင်က မတ်တတ်ရပ်လိုက်တော့ နောက်ကလိုက်တဲ့ မယ်ဘဒ္ဒါကလည်း မတ်တတ်ရပ်လိုက်တယ်။

'ချစ်နှမ မယ်ဘဒ္ဒါ၊ ငါတို့ ရဟန်းပြုပြီးတဲ့နောက် နှစ်ယောက်အတူတူ တွဲပြီးတော့ နေလို့ကတော့ မသင့်တော်ဘူး။ တော်ကြာနေ စိတ်ကောင်းမရှိတဲ့သူတွေ၊ သဒ္ဓါတရားနည်းပါးတဲ့သူတွေက သူတို့နှစ်ယောက်ဟာ ရဟန်းပြုပြီးကြတာတောင်မှ တစ်ယောက်နဲ့ တစ်ယောက် မခွဲနိုင်၊ မခွာရက် တပူးတွဲတွဲ ဖြစ်နေကြတယ်လို့ အပြစ်ပြောကြလိမ့်မယ်၊ ကဲ့ရဲ့ကြလိမ့်မယ်'

'အဲဒီလို အပြစ်ပြောကြ၊ ကဲ့ရဲ့ကြမယ်ဆိုရင် သူတို့အတွက် အကုသိုလ်ကံဖြစ်လိမ့်မယ်၊ သူတို့တစ်တွေ အပါယ်လေးပါး ကျရောက်ကြလိမ့်မယ်။ ဒါကြောင့် တို့နှစ်ယောက် ဒီနေရာကနေ လမ်းခွဲကြပါစို့'

'ချစ်နှမနှစ်သက်တဲ့ လမ်းကို ယူပါ၊ ချစ်နှမနှစ်သက်တဲ့ လမ်းကို ယူပြီး အဲဒီလမ်းအတိုင်း ရှေ့ဆက်လျှောက်ပါ။ ကျွန်ုပ်ကတော့ ချစ်နှမ မနှစ်သက်တဲ့၊ ချစ်နှမ သဘောမကျတဲ့ လမ်းကိုပဲ ယူပြီး ရှေ့ဆက်သွားပါမယ်'

လမ်းခွဲစကားစပြောပြီပေါ့၊ အဲဒီတော့ မယ်ဘဒ္ဒါကလည်း ....

'အရှင့်သားပြောတာ မှန်ပါတယ်။ မာတုဂါမဆိုတာ ရဟန်းတော်တွေအတွက် အညစ်အကြေးဖြစ်ပါတယ်။ မာတုဂါမနဲ့ ရဟန်း

http://www.dhammadownload.com

တော်နဲ့ အမြဲတမ်း တပူးတွဲတွဲ သွားလာနေထိုင်နေတာ မသင့်တော်ပါဘူး။ ဒါကြောင့် အရှင့်သားနဲ့ ကျွန်တော်မျိုးမတို့ ဒီနေရာကပဲ လမ်းခွဲကြရအောင်ပါ'

'အရှင့်သားက လက်ယာဇာတ် မြင့်မြတ်တဲ့ယောကျ်ားဖြစ်တဲ့အတွက် လက်ယာဘက်လမ်းကို ယူပြီးတော့ လျှောက်ပါ။ ကျွန်တော်မျိုးမကတော့ လက်ဝဲဇာတ် မမြင့်မြတ်တဲ့ အမျိုးသမီးဖြစ်တဲ့အတွက် လက်ဝဲလမ်းကပဲ လျှောက်ပါမယ်'

အဲဒီလို ပြောပြီးတော့ မယ်ဘဒ္ဒါက ပိပ္ပလိလုလင်ကို လက်ယာရစ်သုံးကြိမ် လှည့်ပတ်ပြီးတော့ အရပ်လေးမျက်နှာကနေ ရှိခိုးပါတယ်။

အရှေ့ဘက်ကနေ တစ်ခါရှိခိုး၊ အနောက်ဘက်ကနေ တစ်ခါရှိခိုး၊ တောင်ဘက်ကနေ တစ်ခါရှိခိုး၊ မြောက်ဘက်ကနေ တစ်ခါရှိခိုး၊ အရပ်လေးမျက်နှာကနေ လှည့်ပတ် ရှိခိုးပြီးတော့ သူက လက်ဝဲလမ်းကို ယူပြီး ထွက်သွားပါတယ်။ ပိပ္ပလိလုလင်က လက်ယာလမ်းအတိုင်း လျှောက်လှမ်းသွားပါတယ်။ နှစ်ယောက်လမ်းခွဲသွားကြပြီ။

ဒါပေမဲ့ သူတို့နှစ်ဦး ဝမ်းနည်းကြသလားဆိုတော့ ဝမ်းမနည်းကြပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဟာ မေတ္တာနဲ့ လမ်းခွဲကြတာဖြစ်လို့ပါပဲ။

လူ့ဘဝမှာ နေစဉ်ကတည်းကိုက တစ်ယောက်နဲ့တစ်ယောက် တဏှာရာဂတွေနဲ့ သံယောဇဉ်နှောင်ဖွဲ့ပြီးတော့ ချစ်နေခဲ့ကြတာ မဟုတ်ပါဘူး။ တကယ့် မောင်နှမအရင်းတွေလို မေတ္တာသန့်သန့်လေးနဲ့ ချစ်နေခဲ့ကြတာပါ။ တစ်ယောက်အကျိုး တစ်ယောက်လိုလားတဲ့ မေတ္တာစိတ်

http://www.dhammadownload.com

သန့်သန့်လေးနဲ့ ချစ်နေကြတာဆိုတော့ လမ်းခွဲကြတဲ့အခါမှာလည်း ဝမ်းမနည်းတော့ပါဘူး။

သူ့လည်း သူ့လမ်းသူသွားပြီးတော့ သူ့ဘဝ စိတ်ချမ်းသာအောင် သူ့ဘဝ ကောင်းကျိုးဖြစ်အောင် နေထိုင်သွားလိမ့်မယ်။ ငါလည်းပဲ ငါ့လမ်း ငါလျှောက်ပြီးတော့ ငါ့ဘဝ စိတ်ချမ်းသာအောင်၊ ငါ့ဘဝ ကောင်းကျိုးဖြစ်အောင် နေထိုင်သွားမယ်။ သူလည်းပဲ သူ့ဘဝသူ ချမ်းချမ်းသာသာ ဆောင်ရွက်နိုင်ပါစေ။ ကိုယ်လည်းပဲ ကိုယ့်ဘဝကိုယ် ချမ်းချမ်းသာသာ ဆောင်ရွက်နိုင်ပါစေ။ မေတ္တာစာတ်လေး ပို့ပြီးတော့ လမ်းခွဲကြပါတယ်။

နောက်ပြီးတော့ သူတို့က အလုပ်နဲ့ လမ်းခွဲကြတာ ဖြစ်တယ်။ ခန္ဓာရဲ့ အပြစ်၊ ဘဝရဲ့ အပြစ်ကို မြင်ပြီးတော့ ၊ သံသရာရဲ့ အပြစ်ကို မြင်ပြီးတော့ သံသရာကနေ ထွက်မြောက်ကြောင်းအလုပ်ကို လုပ်မယ် ဆိုတဲ့ရည်ရွယ်ချက်နဲ့ လမ်းခွဲသွားကြတာဆိုတော့ ပိပ္ပလိလုလင်ကလည်း ငါရှေ့ဆက်ပြီး ဘာတရားအားထုတ်ရမလဲ၊ ဘာအကျင့်တွေကျင့်ရမလဲ၊ ဒါပဲ စဉ်းစားပြီးတော့ သုတတ်သမျှ၊ မှတ်သမျှ၊ သမထဘာဝနာလေး တစ်ခုခု ပွားများနေမှာပါပဲ။

မယ်ဘဒ္ဒါကလည်း ငါရှေ့ဆက်ပြီးတော့ ဘယ်သွားရမလဲ၊ ဘယ်သူ့ဆီမှာ တပည့်ခံပြီးတော့ ဘာအကျင့် ကျင့်ရမလဲ၊ ဒီလို စဉ်းစား ပြီးတော့ ကိုယ်ရှေ့ဆက်လုပ်ရမယ့် ရှေ့လုပ်ငန်းစဉ်တွေကို ချမှတ်ပြီး တော့ မိမိ ပါရမီအားလျော်စွာ သိရှိတဲ့ သမထဘာဝနာ ကမ္မဋ္ဌာန်းလေး တစ်ခုခု ပွားများနေမှာပါ။ ဘာ ဘာဝနာမှ မပွားများဘူးပဲ ထားဦး။

http://www.dhammadownload.com

အနည်းဆုံး လောကရဲ့ အပြစ်၊ ဘဝရဲ့ အပြစ်၊ ခန္ဓာရဲ့ အပြစ်ကိုတော့ သံဝေဂဉာဏ်တင်ပြီးတော့ ဆင်ခြင်နေမှာပါပဲ။

အဲဒီလို ခံယူချက်လေးနက်ပြီးတော့ ဦးတည်ချက်ပြတ်သားတဲ့ အလုပ် ကိုယ်စီရှိကြတဲ့ အတွက်ကြောင့် သူတို့နှစ်ဦးလမ်းခွဲရပေမယ့် ဝမ်းမနည်းကြပါဘူး။

နောက်တော့ ပိပ္ပလိလုလင် ရည်မှန်းကိုးကွယ်တဲ့ မြတ်စွာဘုရားက လမ်းခရီးကနေ ခရီးဦးကြိုဆိုပြီးတော့ သင်္ကန်းချင်း လဲဝတ်ကြတယ်။ ဩဝါဒ စကားသုံးခွန်း ပြောတယ်။ အဲဒီ ဩဝါဒကို ပိပ္ပလိလုလင် ခံယူလိုက်တာနဲ့တစ်ပြိုင်နက်တည်း ပိပ္ပလိလုလင်လည်း ရဟန်းဖြစ်သွားပါတယ်။

ဩဝါဒကို ခံယူလိုက်တာနဲ့ ရဟန်းဖြစ်သွားတာပါ။ 'ဩဝါဒပဋိဂ္ဂဟဏဥပသမ္ပဒါ' လို့ ခေါ်ပါတယ်။ သာသနာမှာ အရှင်မဟာကဿပ တစ်ပါးတည်းပဲ ရှိပါတယ်။ ဩဝါဒစကားလေးကလည်း သုံးခွန်းတည်းပဲ ရှိပါတယ်။

ပထမဩဝါဒက ....

'ချစ်သား ....၊ သင်ဟာ မိမိထက်ကြီးတဲ့ သီတင်းကြီးပုဂ္ဂိုလ်၊ မိမိအောက်ငယ်တဲ့ သီတင်းငယ်ပုဂ္ဂိုလ်၊ မိမိနဲ့တန်းတူ သီတင်းလတ်ပုဂ္ဂိုလ်၊ သီတင်းကြီး၊ သီတင်းငယ်၊ သီတင်းလတ် ပုဂ္ဂိုလ်သုံးမျိုးရဲ့ အပေါ်မှာ ထက်သန်တဲ့ ဟိရီဩတ္တပ္ပတရား၊ အရှက်အကြောက်တရား ရှေးရှုထားရမယ်'

ဒုတိယဩဝါဒကတော့ ....

http://www.dhammadownload.com

'ချစ်သား ....၊ သင်ဟာ အပြစ်ကင်းတဲ့တရား၊ ကုသိုလ်နဲ့ ဆက်စပ်တဲ့တရားတွေကို လိုလိုချင်ချင်၊ လေးလေးစားစားနဲ့ စိတ်ပါ လက်ပါ နာယူရမယ်'

ပသာဒနားဆိုတဲ့ ပကတိနားနဲ့ရော၊ ပညာနားလို့ခေါ်တဲ့ ဉာဏ် နားနဲ့ရော၊ သဘာဝနားနဲ့ရော ဉာဏ်နားနဲ့ရော နားနှစ်ဖက်လုံးနဲ့ စိုက်ပြီး တော့ တရားဓမ္မကို နာယူရမယ်။

တတိယဩဝါဒကတော့ ....

'သုံးဆယ့်နှစ်ကောဋ္ဌာသလို့ခေါ်တဲ့ ကာယဂတာသတိအာရုံနဲ့ ဝင်လေ ထွက်လေ လို့ခေါ်တဲ့ အာနာပါန အာရုံအပေါ်မှာ အာရုံပြုပြီး တော့ ပီတိသုခနဲ့ယှဉ်တဲ့ ပဌမဈာန်ကိုလည်း အမြဲတမ်းပဲ ဖြစ်နေစေရ မယ်။ ဒီပဌမဈာန်ကို ပျောက်ပျက်မသွားအောင် အသင်ချစ်သား ထိန်း သိမ်းထားရမယ်။'

အဲဒီဩဝါဒသုံးခွန်းကို ပိပ္ပလိလုလင်က ရိုရိုသေသေ၊ လေး လေးမြတ်မြတ်နဲ့ ဦးထိပ်ပန်ဆင် လက်ခံလိုက်တာနဲ့ တစ်ပြိုင်နက်တည်း သူဟာ ရဟန်းဖြစ်သွားပါတယ်။ သိမ်ဝင်ပြီးတော့ ကမ္မဝါ ဖတ်စရာ မလိုတော့ပါဘူး။

နောက်တော့ တရားတွေ အားထုတ်လိုက်တာ ပုထုဇဉ်အဖြစ်နဲ့ ခုနစ်ရက်ပဲ နေရပါတယ်။ ရှစ်ရက်မြောက် အရုဏ်တက်တဲ့အချိန်မှာ ရဟန္တာ ဖြစ်သွားပါတယ်။

မယ်ဘဒ္ဒါကတော့ အဲဒီအချိန်မှာ ဘိက္ခုနီသာသနာ ခွင့်မပြု သေးတဲ့အတွက် ပရိဗိုဇ်ကျောင်းတစ်ခုမှာ သွားပြီးတော့ ပရိဗိုဇ်ဝတ်နေ

http://www.dhammadownload.com

ရတယ်၊ ရသေ့ဝတ်နေရတယ်။ ငါးနှစ် ရသေ့မဘဝနဲ့ နေရပါတယ်။

မြတ်စွာဘုရား ငါးဝါပြည့်လို့ မဟာသက္ကရာဇ် ၁၀၈ ခုနှစ် ရောက်တဲ့အခါ မဟာပဇာပတိဂေါတမီက တောင်းပန်လျှောက်ထားတဲ့ အတွက် ဘိက္ခုနီသာသနာခွင့်ပြုတော့မှပဲ သူဘိက္ခုနီမဝတ်ခွင့်ရပါတယ်။ အဲဒီကျမှ တရားဘာဝနာ ဆက်ပြီး အားထုတ်လိုက်တာ သူလည်းပဲ ရဟန္တာဖြစ်သွားတာပါပဲ။

အဲဒီတော့ ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါတို့ရဲ့ လမ်းခွဲခြင်းဟာ မေတ္တာနဲ့လမ်းခွဲခြင်း၊ အလုပ်နဲ့လမ်းခွဲခြင်းဖြစ်တဲ့ အတွက်ကြောင့် လမ်းခွဲမှာ ဝမ်းနည်းစရာမလိုပါဘူး။

ကာယကံရှင်တွေက ဝမ်းမနည်းကြပေမယ့်လည်း မဟာပထဝီမြေကြီးကတော့ ဝမ်းနည်းပါတယ်။ ကာယကံရှင်တွေက မျက်ရည်မကျကြပေမယ့် မဟာပထဝီမြေကြီးကတော့ မျက်ရည်ကျပါတယ်။ ကာယကံရှင်တွေ မငိုပေမယ့် မဟာပထဝီ မြေကြီးကတော့ ငိုပါတယ်။

ငိုတယ်ဆိုတာကတော့ ပဲ့တင်သံတွေ မြည်ဟည်းပြီးတော့ အကြီးအကျယ် လျှော်လှုပ်တာကို ပြောတာပါပဲ။ ကောင်းကင်ကလည်း မိုးကြိုးထစ်တဲ့ အသံတွေလို ဖြစ်ပြီးတော့ တော်လည်းသံကြီးတွေ အကြီးအကျယ် ဖြစ်ပါတယ်။

ဒါဟာ မဟာပထဝီမြေကြီးက လမ်းခွဲသူနှစ်ဦးကို ကြည့်ပြီးတော့ သူတို့ရဲ့ 'လမ်းခွဲမှာ ဝမ်းမနည်းတဲ့ ဂုဏ်ကျေးဇူး'ကို ထိန်းမထားနိုင်တော့တဲ့ အတွက်ကြောင့် 'စကြဝဠာတောင်၊ မြင်းမိုရ်တောင်တွေလို ကြီးလေးတဲ့အရာတွေကို ထိန်းထားနိုင်ပေမယ့် အရှင်မြတ်တို့ရဲ့ ဂုဏ်ကို

http://www.dhammadownload.com

မထိန်းနိုင်ပါဘူး' ဆိုတာကို မပြောသော်လည်း ပြောသကဲ့သို့ဖြစ်ပြီးတော့ မြေငလျင် အကြီးအကျယ် တုန်လှုပ်ခဲ့ပါတယ်။

ဒီတော့ ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါတို့ရဲ့ လမ်းခွဲခြင်းဟာ သဒ္ဓါတရားရှိတဲ့လူတိုင်း၊ မေတ္တာစိတ်ခံရှိတဲ့လူတိုင်း ကြည်ညိုလို့မဝ၊ အတုယူလို့မဝ၊ အားကျလို့မဝတဲ့ သာဓကလေးပါ။ ဒါကြောင့် ဆောင်ပုဒ် ဆိုလိုက်ပါ။

မေတ္တာနဲ့သာ၊ လမ်းခွဲပါ၊ စိတ်မှာဝမ်းမနည်း။
အလုပ်နဲ့သာ၊ လမ်းခွဲပါ၊ စိတ်မှာဝမ်းမနည်း။

ကိုယ်တန်ဖိုးထားတဲ့အလုပ်တစ်ခုခုကို
စိတ်ဝင်စားမှုအပြည့်အဝနဲ့
စွဲစွဲမြဲမြဲလုပ်နေခဲ့ရင်
စိတ်ဓာတ်တွေခိုင်မာပြီး
အသိဉာဏ်တွေရင့်ကျက်လာမှာပါ။
နှလုံးသားတွေမာကျောနေမှတော့
ဘာသဘောနဲ့ဘယ်သူကိုယ့်ကိုစွန့်စွန့်
တွန့်လွန့်မနေတော့ပါဘူး။
နှုတ်ဆက်ပြုံးပြရုံပဲပေါ့ကွယ်။

http://www.dhammadownload.com



## စာမျက်နှာဆယ့်ငါး

အခုပြောခဲ့တာကတော့ ရှင်ကွဲကွဲရတဲ့ လမ်းခွဲခြင်းနဲ့ ပတ်သက်တဲ့ ဝမ်းမနည်းစရာ အကြောင်းအရာတစ်ခု ဖြစ်ပါတယ်။ လမ်းခွဲခြင်း နှစ်မျိုးရှိတယ်လို့ ပြောခဲ့ပါတယ်။ နောက်လမ်းခွဲခြင်းက ဘာလဲ၊ သေကွဲခွဲရတဲ့ လမ်းခွဲခြင်း၊ သေကွဲခွဲရတဲ့ လမ်းခွဲခြင်းမှာရော ဝမ်းနည်းစရာ လိုလား။

'မလိုပါဘူးဘုရား'

အမယ် တယ်ဟုတ်နေကြပါလား၊ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားတာ ဝမ်းမနည်းကြဘူးပေါ့လေ။ စိတ်ဓာတ်တွေ ရင့်ကျက်ပြီးတော့ အသိဉာဏ်တွေ မြင့်တက်နေကြတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့။

တစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက်ပဲ ချစ်ကြတဲ့ သူတွေဖြစ်ဖြစ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ သေကွဲခွဲပြီး လမ်းခွဲကြရ

http://www.dhammadownload.com

မှာပါ။ သူ့က ကိုယ့်ကို အရင်ခွဲမလား၊ ကိုယ်က သူ့ကို အရင်ခွဲမလားသာ မသိနိုင်တာပါ။ ကံကောင်းလွန်းလို့ ဘယ်သူကမှ ဘယ်သူ့အရင် မသေဘဲ အတူတူ တစ်ပြိုင်တည်း သေကြတယ်ဆိုတောင်မှ တစ်ယောက်နဲ့ တစ်ယောက် သေကွဲခွဲပြီး လမ်းခွဲရတာပါပဲ။ တစ်ပြိုင်တည်း လမ်းခွဲခြင်းပေါ့။

အခု မိုးတွင်းကာလဆိုတော့ မှိုတွေကလည်း သိပ်ပေါနေပြီ။ တချို့ဆို မှိုတွေကို မဆင်မခြင်နဲ့ ရသတဏှာ လိုက်ပြီးတော့ စားကြလို့လည်း အန်တာနဲ့၊ ဆေးခန်းရောက်တာနဲ့ ဖြစ်ကုန်ကြပြီ။ ဒီတော့ မှိုလေးနဲ့ပဲ ဥပမာ ပေးကြတာပေါ့လေ။

မှိုပွင့်လေးတစ်ပွင့် မြေကြီးထဲက ထွက်လာပြီဆိုရင် မှိုပွင့်လေးရဲ့ ဦးထိပ်မှာ ဘာပါလာသလဲ၊ မြေမှုန်လေးတွေ၊ သဲမှုန့်လေးတွေ ပါလာတယ်။ ဦးထိပ်မှာတင်မကဘူးပေါ့လေ၊ အောက်က ပွင့်ဖတ်တွေရဲ့ ကြားမှာလည်း ပါလာတာပါပဲ။ အဲဒီတော့ မှိုပွင့်တစ်ပွင့် ထွက်လာပြီဆိုရင် သူ့ရဲ့ ဦးထိပ်မှာ၊ သူ့ရဲ့ခန္ဓာမှာ၊ သူ့ရဲ့အထည်ကိုယ်မှာ သဲမှုန့်တွေ၊ မြေမှုန့်တွေ ကပ်ပြီးတော့ ပါလာတယ်။

အဲဒါကို စိတ်ရှည်လက်ရှည်နဲ့ နိုင်နိုင်နင်းနင်း ဆေးကြောမှပဲ အဲဒီ သဲမှုန့်တွေ၊ မြေမှုန့်တွေ ပျောက်သွားတယ်။ ဆွမ်းဝိုင်းများ မှိုဟင်းပါလာပြီဆိုရင်တော့ သတိထားပြီးတော့သာ စားပေတော့ပေါ့လေ၊ သဲတကျိကျိနဲ့ ဖြစ်နေတတ်တာများပါတယ်။ ဒါပေမဲ့ ပကတိမှိုမှာပါလာတဲ့ သဲက ဘယ်လောက်ပဲ များတယ်ပြောပြော စိတ်ရှည်လက်ရှည်နဲ့ ဆေးကြောမယ်ဆိုရင်တော့ ပြောင်စင်သွားနိုင်ပါသေးတယ်။

http://www.dhammadownload.com

သတ္တဝါတွေရဲ့ခန္ဓာ၊ ဦးပဥ္စင်းအပါအဝင် , တရားနာပရိသတ် အပါအဝင် သတ္တဝါအားလုံးရဲ့ခန္ဓာဟာလည်းပဲ မှိုပွင့်နဲ့ တူပါတယ်။ ဦးပဥ္စင်းတို့ရဲ့ ခန္ဓာတည်းဟူသော မှိုပွင့်ကလည်း အမိဝမ်းခေါင်းတည်း ဟူသော မြေကြီးထဲကနေ ထွက်လာတဲ့အခါမှာ သေခြင်းတရားတည်း ဟူသော မြေမှုန့်၊ သဲမှုန့်ကလေးကို ဦးထိပ်ရွက်ပြီးတော့ ထွက်လာခဲ့ ကြတာ ဖြစ်ပါတယ်။

မွေးဖွားလာပြီဆိုတာနဲ့ သေလက်မှတ်က ရပြီးသားပဲ ဖြစ်နေ တယ်။ ပကတိမှိုမှာ ရှိတဲ့ သဲမှုန့်၊ မြေမှုန့်ကို ပြောင်စင်အောင် ဆေးကြော လို့ ရပေမယ့် သတ္တဝါတွေရဲ့ ခန္ဓာမှာ ကပ်ပြီးတော့ ပါလာတဲ့ သေခြင်း တရားဆိုတဲ့ သဲမှုန့်၊ မြေမှုန့်ကိုတော့ ဆေးကြောလို့ရရဲ့လား၊ မရပါဘူး။

ရဟန္တာအရှင်မြတ်တွေတောင်မှ ဆေးကြောလို့မရဘူး။ ဒီဘဝ ဒီခန္ဓာအနေနဲ့ ဒီဘဝ ဒီခန္ဓာမှိုပွင့်မှာပါလာတဲ့ သေခြင်းတရားကိုတော့ ရင်ဆိုင်ရသေးတာပါပဲ။ ဆေးကြောလို့ရတယ်ဆိုရင် ခန္ဓပရိနိဗ္ဗာန် မစံဘဲ နေလို့ ရရမှာပေါ့၊ အခုတော့ ဒီလို မရပါဘူး။

မြတ်စွာဘုရားအပါအဝင် ရဟန္တာအရှင်မြတ်များလည်း ခန္ဓပရိ နိဗ္ဗာန်စံပြီးတော့ သေခြင်းတရားရဲ့ အမိန့်ကို ခံယူကြရတယ်။ နောက် ဘဝခန္ဓာအသစ် ထပ်မဖြစ်တော့တဲ့အတွက်ကြောင့် တစ်နည်းပြောရင် တော့ နောက်ထပ်မှိုပွင့် ထပ်မထွက်တော့တဲ့အတွက်ကြောင့် နောက် နောင်မှာတော့ မသေရတော့ဘူးပေါ့လေ။

ဒီဘဝ ခန္ဓာမှိုပွင့်အနေနဲ့တော့ သေခြင်းတရားဆိုတဲ့ သဲမှုန့်၊ မြေမှုန့်တွေကို ရဟန္တာအရှင်မြတ်များတောင် ဆေးကြောနိုင်စွမ်းမရှိကြ

http://www.dhammadownload.com

ပါဘူး။ ဒီခန္ဓာအနေနဲ့ သေကြရဦးမယ်။ ဒါကြောင့် မွေးဖွားလာတဲ့ ပုဂ္ဂိုလ်တိုင်း တစ်နေ့နေ့တစ်ချိန်ချိန်မှာ သေရမယ်ဆိုတာကတော့ သေချာပါတယ်။ ဒီတော့ ကိုယ်ချစ်တဲ့ ပုဂ္ဂိုလ်တွေနဲ့လည်း တစ်နေ့နေ့တစ်ချိန်ချိန်မှာ သေချာပေါက် လမ်းခွဲကြရမယ်။

နေ့စဉ်နဲ့အမျှ သတင်းစာဖတ်တဲ့ ပုဂ္ဂိုလ်ဆိုရင် နာရေးသတင်း၊ နာရေးကြော်ငြာကို ကြည့်လိုက်လို့ရှိရင် အသက်အရွယ်မျိုးစုံ၊ ရာထူးအဆင့်အတန်းမျိုးစုံ၊ အခြေအနေမျိုးစုံ၊ အလွှာမျိုးစုံကနေ သေနေကြတာကို တွေ့နေရတယ်။

သတင်းစာထဲမှာ နာရေးပါတာ စာမျက်နှာ ဘယ်လောက်ပါလိမ့်။

'.... ....'

'အဲဒါလေး စဉ်းစားလိုက်ပါဦး'

'နောက်ဆုံးအရွက်နားမှာပါ ဘုရား'

'သတင်းစာထဲမှာ စာမျက်နှာနံပါတ် ဘယ်လောက်ပါသလဲ၊ နောက်ဆုံးအရွက်နားမှာဆိုတော့ သတင်းစာတစ်စောင်မှာ စာမျက်နှာ ဘယ်လောက်ပါသလဲ'

'.... ....'

ပုံမှန်ပေါ့လေ၊ အချပ်ပိုတွေမပါဘူး၊ ပုံမှန်ဆိုလို့ရှိရင် သတင်းစာဟာ စာမျက်နှာ ဆယ့်ခြောက်မျက်နှာပါတယ်။ ဆယ့်ခြောက်မျက်နှာပါတယ်ဆိုတော့ ဒကာကြီးလျှောက်သလို နောက်ဆုံးအရွက်နားမှာဆိုတော့ ဆယ့်ငါးဖြစ်မယ်။ စာမျက်နှာဆယ့်ငါးဟာ နာရေးသတင်းဖြစ်ပါ

http://www.dhammadownload.com

တယ်။ ဒါနဲ့ သူနဲ့ကပ်လျက်က စာမျက်ဆယ့်လေးက ဘာသတင်းတွေ ပါတုံး။

'.... ....'

စာမျက်နှာဆယ့်လေးမှာက မင်္ဂလာသတင်းတွေ၊ ကောင်း သတင်းတွေ ပါပါတယ်။

သတင်းစာတစ်စောင်ရဲ့ စာမျက်နှာ ဆယ့်လေးနဲ့ ဆယ့်ငါး ဟာ စိတ်ထားတတ်တဲ့ ပုဂ္ဂိုလ်တွေ၊ ယောနိသောမနသိကာရရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ယူတတ်တဲ့ပုဂ္ဂိုလ်တွေ အတွက်တော့ သံဝေဂဉာဏ်ပွားစရာ ဖြစ်ပါတယ်။

တစ်နည်းပြောရရင်တော့ သတင်းစာတစ်စောင်ရဲ့ စာမျက်နှာ ဆယ့်လေးနဲ့ ဆယ့်ငါးဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလို့ ခေါ်တဲ့ ဗြဟ္မစိုရ်တရားတွေ ပွားများရမယ့် စာမျက်နှာတွေဖြစ်ပါတယ်။

စာမျက်နှာဆယ့်လေးကတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဗြဟ္မစိုရ်တရားသုံးပါး ပွားများဖို့ပါ။ စာမျက်နှာဆယ့်ငါးကတော့ ဥပေက္ခာလို့ခေါ်တဲ့ ဗြဟ္မစိုရ်တရား ပွားများဖို့ပါ။

စာမျက်နှာနံပါတ် ဆယ့်လေးမှာတော့ မင်္ဂလာဆောင်ကြတဲ့ သတင်းတွေ၊ စေ့စပ်ကြောင်းလမ်းတဲ့သတင်းတွေ၊ မွေးနေ့သတင်းတွေ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ဘွဲ့တံဆိပ်ရတာတို့၊ အကယ်ဒမီရတာ တို့ စတဲ့ အောင်မြင်မှုရတာတို့နဲ့ ပတ်သက်ပြီးတော့ ဝမ်းမြောက်ကြောင်း သတင်းတွေ၊ ဂုဏ်ယူကြောင်း သတင်းတွေ အဲဒီသတင်းတွေ ပါပါ တယ်။ တစ်ခါတစ်ရံမှာတော့ ကြော်ငြာသတင်းလေးတွေလည်း ပါ

http://www.dhammadownload.com

တတ်ပါတယ်။

စာမျက်နှာနံပါတ် ဆယ့်ငါးကတော့ သေဆုံးကြတဲ့ပုဂ္ဂိုလ်တွေ ချည်းပါပဲ။ ဘယ်မြို့ဘယ်ရွာက ဘယ်သူဘယ်ဝါတော့ ဘယ်နေ့ဘယ် ရက်က သေသွားပါပြီ၊ ဘယ်နေ့ဘယ်ရက်ကျရင် ဘယ်သင်္ချိုင်း ဘယ် သုသာန်မှာ ကြွင်းကျန်ရစ်တဲ့ ဥတုဇရုပ်ကလာပ်ကို မြုပ်နှံသင်္ဂြိုဟ်ပါ မယ်။ နေအိမ်က ကားများ ဘယ်နှနာရီမှာ ထွက်ပါမယ်။

သေဆုံးသူအတွက် ရက်လည်ဆွမ်းသွတ်၊ လလည်ဆွမ်းသွတ် ပွဲကို ဘယ်နေ့ဘယ်ရက်မှာ ပြုလုပ်ပါမယ်။ ဘယ်သူဘယ်ဝါ ဘယ်နေ့ ဘယ်ရက်က သေဆုံးသွားကြောင်း ကြားသိရတဲ့အတွက် ကျန်ရစ်သူ မိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါတယ် စသည်အားဖြင့် သေဆုံးခြင်းနဲ့ ပတ်သက်တဲ့ ဝမ်းနည်းကြေကွဲဖွယ် သတင်းတွေ၊ လွမ်း ဆွတ်တမ်းတဖွယ်သတင်းတွေပဲ စာမျက်နှာနံပါတ် ဆယ့်ငါးမှာ ပါပါ တယ်။

ဒီတော့ စာမျက်နှာနံပါတ်ဆယ့်လေးကို ကြည့်ပြီးတော့ သူတို့ တွေရဲ့ အောင်မြင်မှုတွေ၊ ပြည့်စုံမှုတွေ၊ အဆင်ပြေမှုတွေကို ကြည့်ပြီး မေတ္တာပွားများရမယ်။ 'ကျန်းမာချမ်းသာကြပါစေ၊ အောင်မြင်ကြပါ စေ၊ ပြည့်စုံကြပါစေ၊ အစစအရာရာ အဆင်ပြေကြပါစေ'။

မေတ္တာဘာဝနာလည်း ပွားများလို့ ရပါတယ်။

အိမ်ထောင်ပြုတဲ့ သတင်းကြည့်ပြီး ....

'ဩော် သူတို့တစ်တွေတော့ အိမ်တည်းဟူသော ထောင်ထဲကို ဆင်းကြပြီ၊ သနားစရာပါလား၊ အိမ်ထောင်မှု ဒုက္ခမျိုးစုံတွေကို သူတို့

http://www.dhammadownload.com

ခံစားသွားရတော့မယ်။ သူတို့နှစ်ဦးတည်းဆိုရင်လည်းပဲ တစ်ယောက် ထက်စာရင်တော့ ဒုက္ခတွေ ပိုပြီး ခံစားရတော့မယ်'

'သားတွေသမီးတွေ ပွားစီးလာကြဦးမယ်ဆိုရင် ဒီသားသမီး တွေ လူလားမြောက်တဲ့အထိ၊ စိတ်ထားမတတ်တဲ့ မိဘအတွက် ဆိုရင် တော့ သားသမီးတွေ သေဆုံးတဲ့အထိ၊ သို့မဟုတ် မိမိကိုယ်တိုင် သေဆုံး သွားတဲ့အထိ သောကတွေ ဖြစ်ကြရဦးမယ်။ ဪ ဒီဒုက္ခတွေကနေ အမြန်ဆုံး လွတ်မြောက်အောင် ရုန်းထွက်နိုင်ကြပါစေ'။

ကရုဏာဘာဝနာလည်း ပွားများလို့ ရပါတယ်။

သူတစ်ပါးတွေ အောင်မြင်တာ၊ ပြည့်စုံတာကို ကြည့်ပြီးတော့

'ယခုလိုပဲ ရှေ့ဆက်ပြီးတော့ အောင်မြင်နိုင်ကြပါစေ၊ ပြည့်စုံနိုင် ကြပါစေ၊ မိမိရဲ့ အောင်မြင်မှု၊ ပြည့်စုံမှုကနေ လျှော့ကျမသွားပါစေနဲ့၊ အောင်မြင်သထက် အောင်မြင်၊ ပြည့်စုံသထက် ပြည့်စုံကြပါစေ၊ မိမိတို့ ရဲ့ စည်းစိမ်ချမ်းသာ မပျက်စီးဘဲ တည်မြဲကြပါစေ'။

အဲဒီလို ပွားများလိုက်တော့ မုဒိတာဘာဝနာလည်း ဖြစ်သွားပါ တယ်။ အဲဒီလိုအားဖြင့် သတင်းစာရဲ့ စာမျက်နှာဆယ့်လေးဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုတဲ့ ဗြဟ္မစိုရ်တရားသုံးပါး ပွားများဖို့အတွက် ဖြစ်ပါ တယ်။

စာမျက်နှာဆယ့်ငါးက သေဆုံးကြတဲ့သူတွေကို ကြည့်ပြီးတော့

'ဪ အသက်ဆယ်နှစ်အောက် ကလေးတွေလည်း သေဆုံး သွားကြတာပဲ၊ လူငယ်ပိုင်းတွေ၊ လူလတ်ပိုင်းတွေ၊ လူကြီးပိုင်းတွေ၊ အ သက်မျိုးစုံ၊ အဆင့်အတန်းမျိုးစုံ၊ အလှာမျိုးစုံ သေဆုံးနေကြတယ်'

http://www.dhammadownload.com

'အသက်ငယ်ငယ်နဲ့ ဘယ်သူမှ သေချင်မှာလည်း မဟုတ်ဘူး။ ဒါပေမဲ့ သူ့ကံက ငယ်ငယ်နဲ့ သေရမယ့်ကံက ပါလာပြီဆိုတော့ သေသွားရတာပဲ။ ကံစီမံသမျှ ခံသွားရတာပဲ။ ကံပေးတဲ့ အမွေကို ယူသွားရတာပဲ'

'သြော် သတ္တဝါတွေဟာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိပါလား၊ ကံပေးတဲ့ အမွေကိုပဲ ခံယူကြရပါလား၊ သေဆုံးသွားပြီးတဲ့နောက်မှာလည်း ကိုယ်ပြုခဲ့တဲ့ ကံအားလျော်စွာ ခံစားခြင်း၊ စံစားခြင်း ဖြစ်သွားကြရမှာပါလား'

'ကောင်းတဲ့ကုသိုလ်ကံနဲ့ သေဆုံးသွားတဲ့ပုဂ္ဂိုလ်တွေက ကောင်းရာသုဂတိဘဝတွေ ရောက်ပြီးတော့ ကောင်းကျိုးချမ်းသာတွေ ခံစားရမှာပါလား၊ မကောင်းတဲ့ အကုသိုလ်ကံနဲ့ သေဆုံးသွားတဲ့ ပုဂ္ဂိုလ်တွေက မကောင်းတဲ့ဒုဂ္ဂတိဘဝတွေရောက်ပြီးတော့ မကောင်းကျိုးဆင်းရဲတွေကို ခံစားသွားရမှာပါလား။'

'သတ္တဝါတွေဟာ ကံဇာတ်ဆရာ စီမံတဲ့အတိုင်း နာခံကြရပါလား။'

ကံ ကံရဲ့အကျိုးကို ဆင်ခြင်လိုက်တော့ ဘာ ဘာဝနာ ဖြစ်သွားလဲ။ ဥပေက္ခာဘာဝနာဖြစ်သွားပါတယ်။ 'သဗ္ဗေ သတ္တာ ကမ္မဿကာ' 'သတ္တဝါအားလုံး ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်' ဆိုတော့ ဥပေက္ခာဘာဝနာပေါ့။

ဒါကြောင့် သတင်းစာရဲ့ စာမျက်နှာဆယ့်လေးနဲ့ဆယ့်ငါးဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးကို

http://www.dhammadownload.com

ထွန်းကားစေတဲ့ စာမျက်နှာတွေ ဖြစ်ပါတယ်။ ခေတ်ခံကောင်းတဲ့ သူတော်ကောင်းပုဂ္ဂိုလ်မှန်ရင် သတင်းစာ ဖတ်တိုင်း ဖတ်တိုင်း အဲဒီဗြဟ္မစိုရ်တရားလေးပါး ပွားများရပါမယ်။ အထူးသဖြင့် စာမျက်နှာဆယ့်ငါးကို ကြည့်ကြည့်ပြီးတော့ သံဝေဂဉာဏ်တွေ ပွားများရပါမယ်။

ကိုယ်နဲ့သွေးသားမတော်တဲ့သူ၊ ကိုယ်နဲ့မပတ်သက်တဲ့သူတွေ သေဆုံးသွားရင်တော့ ဘယ်သူ အသက်ဘယ်နှနှစ်၊ ဘယ်ဝါအသက် ဘယ်နှနှစ်လို့ မြင်ပေမယ့် စိတ်ထဲမှာ ဘာမှ မခံစားရဘူး၊ အဲဒီထဲမှာ ကိုယ်သိပ်ချစ်တဲ့သူတွေ၊ ကိုယ်နဲ့ ပတ်သက်တဲ့သူတွေပါခဲ့လို့ရှိရင်တော့ 'ဟာ ဘယ်သူတော့ သေသွားပြီဆိုပါလား၊ အမေကြီးရေ လာပါဦး၊ ဒီမှာကြည့်' ဘာညာနဲ့ တစ်ခါတည်း အော်ပြီးတော့ အထိတ်အလန့်တွေဖြစ်ကြတယ်။

သေသွားတဲ့သူက ကိုယ်သိပ်ပြီး စွဲလမ်းရတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ သတင်းစာ နာရေးကြော်ငြာလေးဖတ်ပြီးတော့ မျက်ရည်တွေ စီးကျ၊ အော်ကြီးဟစ်ကျယ်နဲ့ ငို၊ ဒီလိုဖြစ်ကြတယ်။

ကိုယ်နဲ့ပတ်သက်တဲ့သူတွေ သေပြီဆိုရင် စိတ်ထိခိုက်ခံစားရတာ လူ့သဘာဝပါပဲ။ ဆေးရုံတွေမှာ နေ့စဉ်နဲ့အမျှ လူတွေ သေဆုံးနေကြတယ်၊ ငိုနေတဲ့သူ ဘယ်သူမှ မရှိပါဘူး၊ ကိုယ်နဲ့ မပတ်သက်တော့လည်း မငိုဘူးပေါ့။

ကိုယ်နဲ့မပတ်သက်တဲ့သူတွေရဲ့ သေရေးကိစ္စမှာ မပတ်သက်သလိုပဲ နေလိုက်နိုင်ပေမယ့် ကိုယ်နဲ့ ပတ်သက်တဲ့သူတွေ သေသွားကြပြီဆိုရင်တော့ ကိုယ့်မှာ ခံစားရတော့တာပါပဲ။ ပတ်သက်မှု အားကြီး

http://www.dhammadownload.com

ရင် ကြီးသလောက် ခံစားမှု အားကြီးရပါတယ်။ လမ်းခွဲမှာ ဝမ်းနည်းရ တော့တာပါပဲ။ ကိုယ့်စိတ်ကိုယ် ဆောက်တည်ရာ မရတော့ဘူး။ ကိုယ့် စိတ်ကိုယ် မထိန်းချုပ်နိုင်တော့ဘူး။

အဲဒီလို မဖြစ်ဖို့အတွက် ကာကွယ်ဆေးစားတဲ့ သဘောမျိုးနဲ့ ကြိုတင်ပြီး မရဏာသတိပွားများထားရတယ်။ သတ္တဝါတွေ အားလုံး ဟာ တစ်နေ့သေကြရမှာပဲလို့ ခြုံငုံပြီးတော့ ပွားတာမျိုး မဖြစ်စေဘဲနဲ့ ကိုယ့်ဘဝ၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ တိုက်ရိုက်ထိစပ်ပြီးတော့ ပွားများရမယ်။

ငါဟာ တစ်နေ့သေရမယ်၊ ငါ့ရဲ့အသက်ရှင်ခြင်းဟာ မမြဲဘူး၊ သေခြင်းသာလျှင်မြဲတယ်။ ငါဟာ တစ်နေ့နေ့မှာ သေချာပေါက် သေကို သေရမယ်၊ တစ်နေ့နေ့ဆိုတာ ဝေးပါသေးတယ်၊ အချိန်မရွေး သေသွား နိုင်တယ်၊ အခုအသက်ရှင်နေပေမယ့် တော်ကြာ ငါသေရင် သေသွားမှာ၊ ဒီနေ့အသက်ရှင်နေပေမယ့် ငါ မနက်ဖြန်သေရင် သေသွားမှာ၊ ဒီနေ့ လည်း ငါသေရင် သေသွားနိုင်တယ်ဆိုပြီးတော့ ကိုယ်ကိုယ်တိုင် သေရ မယ်ဆိုတာကိုလည်း ထပ်တလဲလဲ ပွားများရမယ်။

ပြီးတော့ ကိုယ်နဲ့ပတ်သက်တဲ့ပုဂ္ဂိုလ်တွေကိုလည်း ပွားများရ မယ်။ ဆိုပါတော့ ဇနီးခင်ပွန်းနှစ်ယောက်တည်း ရှိတယ်ဆိုရင်လည်းပဲ ခင်ပွန်းသည်က 'ငါလည်းပဲ တစ်နေ့ သေရမယ်၊ ငါသိပ်ချစ်တယ်ဆိုတဲ့ ဒီ ဇနီးလည်း တစ်နေ့ သေကိုသေရမယ်၊ ငါရောသူပါ အချိန်မရွေး သေသွားနိုင်တယ်' လို့ ဆင်ခြင်ရမယ်။

ဇနီးသည်အနေနဲ့ဆိုရင်လည်း 'ငါလည်း တစ်နေ့ သေရမယ်။ ငါသိပ်ချစ်တဲ့ ငါ့ရဲ့ခင်ပွန်းလည်း တစ်နေ့နေ့မှာ သေချာပေါက် သေကို

http://www.dhammadownload.com

သေရမှာပါပဲ။ အခု ဒီနေ့ ငါ့ခင်ပွန်း အသက်ရှင်နေပေမယ့် မနက်ဖြန် ငါ့ရဲ့ ခင်ပွန်း ရှိချင်မှ ရှိတော့မှာ' စသည်အားဖြင့် ဆင်ခြင်ရမယ်။

အဲဒီလိုအားဖြင့် ကိုယ်နဲ့ပတ်သက်တဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ်သံယောဇဉ်ကြီးရတဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ် ချစ်ခင်စွဲလမ်းမှု အားကြီးရတဲ့ပုဂ္ဂိုလ်တွေလည်းပဲ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သေရမယ်။ အချိန်မရွေး သေရမယ်ဆိုတာကို ပွားများထားဖို့ လိုအပ်ပါတယ်။

'ငါ့အဖေ၊ ငါ့အမေလည်း တစ်နေ့ သေရမယ်၊ အချိန်မရွေး သေသွားနိုင်တယ်'

'ငါ့သား၊ ငါ့သမီးလည်း တစ်နေ့ သေရမယ်၊ အချိန်မရွေးသေသွားနိုင်တယ်'

'ငါသိပ်ချစ်တဲ့ ဘယ်သူ၊ ဘယ်ဝါလည်း တစ်နေ့ သေရမယ်၊ အချိန်မရွေး သေသွားနိုင်တယ်'

စသည်အားဖြင့် ကိုယ်သိပ်ချစ်ရတဲ့သူတွေ တစ်နေ့ သေရမယ့်အကြောင်း၊ အချိန်မရွေး သေသွားနိုင်တဲ့အကြောင်း ကြိုတင်ပြီးတော့ ဆင်ခြင်စဉ်းစား နှလုံးသွင်းထားရပါမယ်။

ဒါမှ ကိုယ်ကိုယ်တိုင် သေရတော့မယ့်အခါ၊ ကိုယ်က သူတို့ကို လမ်းခွဲထားခဲ့ရမယ့် အခါမျိုးမှာလည်း မတုန်မလှုပ်ဘဲ ခံနိုင်ရည်ရှိသွားပါမယ်။ သေဖို့ ရဲရင့်သွားပါမယ်။ အသေဖြောင့်သွားပါမယ်။

ကိုယ်နဲ့ အနီးကပ်ဆုံးပတ်သက်တဲ့ ပုဂ္ဂိုလ်တွေ သေဆုံးသွားတဲ့အခါ၊ သူတို့က ကိုယ့်ကို လမ်းခွဲသွားတဲ့အခါမျိုးမှာလည်း ဝမ်းနည်းခြင်း မဖြစ်ဘဲ မတုန်မလှုပ် ခံနိုင်ရည်ရှိသွားပါလိမ့်မယ်။

http://www.dhammadownload.com

အဲဒီလို သေခြင်းတရားကို ကိုယ့်တာဝန်နဲ့ အနီးကပ်ဆုံး ဆင်ခြင်နှလုံးသွင်းတဲ့ မရဏာဿတိဘာဝနာက စိတ်ကို ထူးခြားတဲ့ စွမ်းအားတွေ တိုးတက်လာစေပါတယ်။ မရဏာဿတိဘာဝနာကြောင့် စိတ်မှာစွမ်းအားတက်လာပါလိမ့်မယ်။ မရဏာဿတိရဲ့တန်ခိုးကို ဘယ်လိုမှ နှုတ်နဲ့ ထုတ်ဖော်ပြောပြဖို့မလွယ်ပါဘူး။ အင်မတန် နက်ရှိုင်းပါတယ်။ တကယ့် ဂမ္ဘီရအစစ်ပါပဲ။

သေကွဲခွဲရတဲ့လမ်းခွဲခြင်းလောက်
ဝမ်းနည်းစရာကောင်းတဲ့အဖြစ်အပျက်
တစ်ခုမှမရှိတော့ပါဘူး။
ပြန်မဆုံနိုင်တဲ့လမ်းခွဲခြင်းမျိုးနဲ့တောင်
တစ်နေ့လမ်းခွဲကြရမှာပဲဥစ္စာ၊
ခေတ္တခဏလမ်းခွဲရတာလေးကို
ဝမ်းနည်းမနေပါနဲ့လားကွယ်။
အိုသွေးရှိသူတိုင်းအိုကြရသလို
ခွဲသွေးရှိသူတိုင်းခွဲကြရမှာပါ။
အချိန်မရွေးရှင်ကွဲခွဲဖို့လည်း
အခွင့်အလမ်းရှိသလို
သေကွဲခွဲဖို့ကလည်း
အသေအချာအတိအကျပါပဲ။

http://www.dhammadownload.com



## ဆုံစည်းခြင်းကောင်းမှ လမ်းခွဲခြင်းကောင်းမယ်

ဒီတော့ စာမျက်နှာဆယ့်ငါးက ပုံမှန် သေကြတဲ့သူတွေ အကြောင်းတွင် မကဘူးပေါ့လေ၊ စာမျက်နှာလေးတို့၊ ခြောက်တို့က နိုင်ငံခြားသတင်းလေးတွေကို ကြည့်လိုက်ပြီဆိုရင်လည်း ထူးထူးဆန်းဆန်း သေကြရတဲ့သူတွေအကြောင်း မကြာခဏ ဖတ်ရတာပါပဲ။ ထူးထူးဆန်းဆန်းလေး သေကြတဲ့သူတွေအကြောင်း တွေ့ပြီဆိုရင် ဦးပဥ္စင်းတို့က အဲဒီသတင်းလေး ကပ်ကြေးလေးနဲ့ ညှပ်ပြီးတော့ သိမ်းထားလိုက်တယ်။

မကြာခင်ရက်ပိုင်းလေးကပါပဲ၊ နှစ်ရက်သုံးရက်လောက်ပဲ ရှိပါသေးတယ်။ နိုင်ငံတစ်ခုမှာ ဆယ့်ခုနစ်နှစ်ပဲရှိသေးတဲ့ မိန်းကလေး တစ်ယောက် သေဆုံးသွားတယ်။ သေတာကလည်း ထိမ်းမြား လက်ထပ်ပြီးတဲ့ ညမှာပဲ သေဆုံးသွားတာပါပဲ။ ရိုးရိုးသေတာလားဆိုတော့ မဟုတ်ဘူး၊ သတို့သားနဲ့ ယောက္ခမတွေက သတ်လို့သေတာ။ ဒီတော့

http://www.dhammadownload.com

သတို့သားနဲ့ သတို့သမီး ထိမ်းမြားလက်ထပ်တယ်၊ ညမှာ သတို့သားနဲ့ ယောက္ခမတွေက အသေသတ်လိုက်ကြတယ်ဆိုတော့ ဘာကြောင့်များ ပါလိမ့်လို့ တွေးရခက်ကြီးနော်။

အဲဒီ သူတို့နိုင်ငံရဲ့ထုံးစံက ဘယ်လိုလဲဆိုတော့ အိမ်ထောင် ပြုကြပြီဆိုရင် သတို့သမီးက မင်္ဂလာခန်းဝင်ပစ္စည်းနဲ့ ငွေကြေးအမြောက် အမြားကို သတို့သားဘက်ကို ပေးရတယ်။ သူတို့ ထုံးစံကလည်း အံ့ဩ စရာကြီးနော်။ ဒေသတစ်ခုမှာဆိုရင်တော့ အဲဒီ အစွဲအလမ်းပိုပြီးတော့ ပြင်းထန်ပါတယ်။ ခုန အမျိုးသမီးလေး သေဆုံးသွားတဲ့ ဒေသကတော့ အဲဒီ အစွဲအလမ်း ပြင်းထန်တဲ့ဒေသပါပဲ။

အဲဒီတော့ ခုန သေဆုံးသွားတဲ့ ဆယ့်ခုနစ်နှစ်အရွယ် သတို့ သမီးလေးက ထိမ်းမြားလက်ထပ်ပွဲကြီး ကျင်းပပြီးတဲ့အခါမှာ မင်္ဂလာ ခန်းဝင်ပစ္စည်းနဲ့ ငွေကြေးအမြောက်အမြား သတို့သားဘက်ကို မပေးနိုင် တဲ့အတွက် သတို့သားနဲ့ ယောက္ခမတွေက အဲဒီသတို့သမီးကို ညတွင်း ချင်းပဲ အသေသတ်လိုက်ကြတယ်။

အပြင်းအထန် ရိုက်နှက်ပြီးတော့ ပိုးသတ်ဆေးတွေ ကျွေးပြီး တော့ သတ်လိုက်ကြတယ်။ သတို့သမီးလည်း အဆိပ်မိပြီးတော့ သေဆုံး သွားပါတယ်။ နောက်တော့ သတ်တဲ့သူတွေလည်းပဲ သက်ဆိုင်ရာက ဖမ်းဆီးခြင်း ခံရတာပါပဲ။

တကယ်တော့ ဒီထုံးစံဟာ သဘာဝတော့ မကျဘူးနော်၊ သတို့ သမီးက ပေးရတယ်လို့ပဲ နော်၊ ပေးခြင်းပေး ဘယ်သူက ပေးရမလဲ၊ သတို့သားက ပေးရမှာပေါ့။

http://www.dhammadownload.com

အမှန်ကတော့ သတို့သားကလည်း ဘာမှ ပေးစရာမလိုပါဘူး၊ သတို့သမီးကလည်း ဘာမှ ပေးစရာမလိုပါဘူး။ သတို့သားနဲ့ သတို့သမီး စိတ်တူကိုယ်တူ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြလို့ နှစ်ဦးသဘောတူ ထိမ်းမြားလက်ထပ်ပြီး အိုးအိမ်ထူထောင်ကြတာပဲ။ ဘယ်သူကမှ ဘယ်သူ့ဘက်ကို ဘာမှ ပေးစရာ မလိုပါဘူး။

ဒါပေမယ်လို့ သတို့သားရဲ့ မိဘဘက်ကရော၊ သတို့သမီးရဲ့ မိဘဘက်ကရော သူတို့ရဲ့ သားသမီးတွေ ဘဝတစ်ခုကို အဆင့်အတန်း မြင့်မြင့် ထူထောင်နိုင်ကြပါစေဆိုတဲ့ရည်ရွယ်ချက်နဲ့ လက်ဖွဲ့တဲ့အနေနဲ့ ပစ္စည်းတွေ၊ အသုံးအဆောင်ပစ္စည်းတွေ၊ ခန်းဝင်ပစ္စည်းတွေ ပေးလိုက်တာကတော့ သဘာဝကျပါတယ်။

အဲဒီ ပစ္စည်းတွေဟာ သတို့သား၊ သတို့သမီးနှစ်ဦးလုံးရဲ့ နှစ်ဦးပိုင်ပစ္စည်းတွေဖြစ်ပါတယ်။ သူတို့နှစ်ဦး ဘဝတစ်ခု ထူထောင်ဖို့အတွက် ဖြစ်ပါတယ်။ ဒါဆိုရင်တော့ သဘာဝကျပါတယ်။ အခု သူတို့ထုံးစံက အဲလို မဟုတ်ဘူး၊ သတို့သားကို ပေးပြီးတော့ သတို့သားနဲ့ သတို့သမီး အတူတကွ ပိုင်ဆိုင်တာ၊ သုံးဆောင်ခံစားတာလည်း မဟုတ်ဘူး။

သတို့သားနဲ့ သတို့သားရဲ့မိသားစုအတွက်ကို သတို့သမီးက ငွေကြေးအမြောက်အမြား အလုံးအရင်း၊ ခန်းဝင်ပစ္စည်းကလည်း အကြီးအကျယ် အပြည့်အစုံ ဒီလို ပေးရတယ်။ ဘာမှ မဆိုင်ဘူးနော်၊ အဲဒီလို ပေးရတဲ့အတွက်ကြောင့် မပေးနိုင်တဲ့ ခုန အမျိုးသမီးလေး သေဆုံးသွားပါတယ်။

သူတို့ပေါင်းဆုံခြင်းဟာ သဘာဝမကျတဲ့ ပေါင်းဆုံခြင်း ဖြစ်နေ

http://www.dhammadownload.com

တယ်။ ပေါင်းဆုံခြင်းကိုက သဘာဝမကျတော့ လမ်းခွဲခြင်းကလည်း သဘာဝ မကျတော့ဘူးပေါ့။ ပေါင်းဆုံခြင်းကိုက မလှပတော့ လမ်းခွဲခြင်းကလည်း အကျည်းတန်အရုပ်ဆိုးသွားပါတယ်၊ ဒါကြောင့် သဘာဝကျတဲ့ ပေါင်းဆုံခြင်း၊ သဘာဝကျတဲ့ လမ်းခွဲခြင်းတွေ ဖြစ်ဖို့ လိုအပ်ပါတယ်။

ခုန သတို့သားနဲ့ သတို့သားရဲ့မိဘတွေက သတို့သမီးဆီက ပစ္စည်းပေးတာနည်းလို့ သတ်လိုက်တယ်ဆိုကတည်းကိုက ဒီသတို့သမီးကို ထိမ်းမြားလက်ထပ်တာဟာ သတို့သားက သတို့သမီးကို တကယ်ချစ်လို့ လုံးဝမဖြစ်နိုင်ပါဘူး။

သတို့သားမိဘတွေကလည်း ကိုယ့်သား အခြေတကျနဲ့ ဘဝတစ်ခု ထူထောင်နိုင်ပါစေဆိုတဲ့ မိဘမေတ္တာစိတ်ရှိလို့၊ မေတ္တာစစ်၊ မေတ္တာမှန်နဲ့ သားကို ချစ်လို့ မဟုတ်ပါဘူး။ သူတစ်ပါးပစ္စည်း မတော်မတရားလိုချင်တဲ့ လောဘကြောင့်သာ ကိုယ့်သားကို အိမ်ထောင်ပြုပေးခြင်းဖြစ်ပါတယ်။

ဒီတော့ သံသရာခရီး ကျင်လည်ကြတဲ့အခါမှာ ကိုယ့်အပေါ်မှာ တစ်ဖက်သားက မေတ္တာစစ်၊ မေတ္တာမှန်နဲ့ ပေါင်းဆုံပြီး ချစ်ခင်ဖို့၊ မိမိနဲ့ ပတ်ဝန်းကျင် ဆက်ဆံတဲ့အခါမှာ တစ်ယောက်အပေါ်တစ်ယောက် မေတ္တာစစ်၊ မေတ္တာမှန်နဲ့ ပေါင်းသင်ဆက်ဆံမိဖို့၊ မေတ္တာရှိတဲ့ ပတ်ဝန်းကျင်မှာ မိမိက လူဖြစ်ဖို့ အင်မတန်အရေးကြီးပါတယ်။

မေတ္တာတရား ပြည့်ဝတဲ့သူတွေနဲ့ချည်းပဲ ပေါင်းသင်းဆက်ဆံနိုင်ဖို့ဆိုတာကလည်း ကိုယ့်တက်ကချည်းပဲ မေတ္တာလိုချင်နေလို့ မဖြစ်ပါ

http://www.dhammadownload.com

ဘူး။ သူတစ်ပါးအပေါ် မိမိကိုယ်တိုင်က စတင်ပြီး မေတ္တာပေးရပါမယ်။ မိမိနဲ့ ထိတွေ့ဆက်ဆံရတဲ့ ပတ်ဝန်းကျင်အပေါ်မှာ မိမိက ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ၊ မေတ္တာခတ်သုံးပါးလုံး သုံးပြီး မေတ္တာအပြည့်အဝနဲ့ ဆက်ဆံရပါမယ်။ မိမိက မေတ္တာပေးမှ မိမိလိုချင်တဲ့ မေတ္တာဆိုတာလည်း ရမှာပါပဲ။

အဲဒီလိုအားဖြင့်ပေါ့လေ၊ အတူဆုံစဉ်မှာ မေတ္တာနဲ့ပေါင်းသင်း ဆက်ဆံကြတယ်ဆိုရင် လမ်းခွဲတော့လည်း မေတ္တာနဲ့ပဲ လမ်းခွဲရတဲ့ အတွက်ကြောင့် လမ်းခွဲမှာ ဝမ်းနည်းစရာ မလိုတော့ပါဘူး။ အသက်ရှင် ရက်နဲ့ပဲ လမ်းခွဲခွဲ၊ သေပြီးတော့ပဲ လမ်းခွဲခွဲပေါ့။

နောက် ဒီရက်ပိုင်းလေးမှာပဲ အံ့ဩစရာကောင်းပြီးတော့ အင်မတန် သနားကရုဏာသက်စရာ သေသွားတာက လူတော့ မဟုတ်ပါဘူး၊ ခွေးတစ်ကောင်ပါ။

သူ့ရဲ့ပိုင်ရှင်က တခြားခွေးတစ်ကောင်ကို တွေ့တော့ သူ့ခွေးနဲ့ တခြားခွေးနဲ့ ရန်ဖြစ်အောင် ရန်တိုက်ပေးတယ်၊ ရန်တိုက်ပေးလို့ ခွေးနှစ်ကောင် ကိုက်ကြတဲ့အခါ သူ့ခွေးက ရှုံးတယ်၊ တခြားခွေးကို နိုင်အောင် မကိုက်ရကောင်းလားဆိုပြီးတော့ သူမွေးထားတဲ့ခွေးကို မီးရှို့ပြီးတော့ သတ်လိုက်ပါတယ်။

သနားကရုဏာဖြစ်စရာပါပဲနော်၊ အံ့ဩစရာလည်း ကောင်းပါတယ်။ သူ့ရဲ့ နှလုံးသား ကျောက်ခဲနဲ့များ ထုထားသလား အောက်မေ့ရပါတယ်။ ကျောက်စရစ်နှလုံးသားပိုင်ရှင်များလား၊ သံမဏိနှလုံးသားနဲ့ တည်ဆောက်ထားတဲ့ စက်ရုပ်လူသားများလား မပြောတတ်ပါဘူး။

http://www.dhammadownload.com

အကြင်နာတရား ကင်းမဲ့လွန်းပါတယ်။ ကိုယ်ချင်းစာတရား ခေါင်းပါးလွန်းပါတယ်။

ခုန သတ္တိသမီးကို သတ်တဲ့ သတ္တိသားနဲ့ သတ္တိသားမိဘတွေကလည်း အကြင်နာတရား ကင်းမဲ့လွန်းလှပါတယ်၊ ကိုယ်ချင်းစာတရား ခေါင်းပါးလွန်းလှပါတယ်။ လူလို့တောင် ခေါ်ဖို့ မကောင်းတော့ပါဘူး။ အဲဒါ ခွေးကို မီးရှို့သတ်တဲ့ ပိုင်ရှင်လည်းပဲ ဖမ်းဆီးအရေးယူပြီးတော့ ထောင်ငါးနှစ် ချခံလိုက်ရပါတယ်။

ခွေးကလေးနဲ့ သူ့သခင်ရဲ့လမ်းခွဲခြင်းကလည်း ဝမ်းနည်းစရာကောင်းတဲ့ လမ်းခွဲခြင်းပါပဲ။ ဝမ်းနည်းတယ်ဆိုတာက ခွေးကလေးလည်း သေရမှာမို့ မျက်ရည်ကျပြီး ငိုနေတာ၊ ခွေးပိုင်ရှင်လည်း ထောင်ကျလို့ မျက်ရည်ကျပြီး ငိုနေတာကို ဆိုလိုတာ မဟုတ်ပါဘူး။

ဒီလို အကုသိုလ်တွေနဲ့ လမ်းခွဲလိုက်တဲ့အတွက်ကြောင့် အသတ်ခံရတဲ့ သူကလည်းပဲ သတ်တဲ့သူအပေါ်မှာ ရန်ငြိုးတွေဖွဲ့ပြီး၊ 'တစ်နေ့တော့ တွေ့ကြသေးတာပေါ့၊ အလှည့်ကြုံရင် ကလဲ့စားချေမယ်' ဆိုတဲ့ ဒေါသစိတ်နဲ့ သေရတဲ့အတွက်ကြောင့် သေသွားတဲ့သူမှာလည်း လားရာဂတိ မကောင်းပါဘူး။ ဒီတော့ သူ့ဘဝဟာလည်း ဒုဂ္ဂတိကို လားရောက်ရတဲ့အတွက်ကြောင့် ဝမ်းနည်းစရာပါပဲ။

သတ်တဲ့ သူကလည်းပဲ အကုသိုလ်ကံကို အကြီးအကျယ် စုဆောင်းပြီးသား ဖြစ်နေတဲ့အတွက် သံသရာမှာ အပါယ်လေးပါးကို လားရောက်ရဦးမယ်။ အပါယ်ကလွတ်လို့ လူဖြစ်ပြန်တော့လည်း အသက်တိုခြင်းစတဲ့ ဝဋ်ကြွေးတွေကို ခံစားရဦးမယ်။ ဒီတော့ သတ်တဲ့သူ

http://www.dhammadownload.com

အတွက်လည်း ဝမ်းနည်းစရာပါ။

တစ်ဦးနဲ့တစ်ဦး အကုသိုလ်တွေနဲ့ လမ်းခွဲကြမယ်ဆိုရင် နှစ်ဖက်လုံး ဝမ်းနည်းစရာတွေချည်းပါ။ ဒါကြောင့် ဘဝတစ်ကွေ့ခဏတွေ့ကြတဲ့ လူအချင်းချင်း၊ လူနဲ့ တိရစ္ဆာန်၊ သက်ရှိတွေ တစ်ဦးနဲ့တစ်ဦး တွေ့ဆုံကြတဲ့ အခိုက်အတန့်ကလေးမှာ ကုသိုလ်တရားတွေပဲ ဖြစ်အောင် ကြိုးစားသင့်ပါတယ်။

တိရစ္ဆာန်လေးတွေနဲ့ တွေ့ရလည်းပဲ ဒီတိရစ္ဆာန်လေးတွေကို အကြောင်းပြုပြီးတော့ ကုသိုလ်စိတ်ဖြစ်အောင် ကြိုးစားကြရမယ်။

လူအချင်းချင်း ပေါင်းသင်းဆက်ဆံကြတဲ့အခါမှာလည်းပဲ ကိုယ်နဲ့ ပေါင်းသင်းဆက်ဆံရတဲ့ လူကို အကြောင်းပြုပြီးတော့ ကုသိုလ်တွေဖြစ်အောင် ကြိုးစားကြရမယ်။ ကိုယ့်ကြောင့် သူလည်း ကုသိုလ်ဖြစ်၊ သူ့ကြောင့် ကိုယ်လည်း ကုသိုလ်ဖြစ်၊ အပြန်အလှန် ကုသိုလ်စိတ်တွေဖြစ်၊ မေတ္တာစိတ်တွေဖြစ်အောင် သတိနဲ့၊ ဉာဏ်နဲ့ ယှဉ်ပြီးတော့ နေထိုင်ကြရမယ်။

မေတ္တာနဲ့ ထုံမွမ်းထားတဲ့ ပေါင်းဆုံခြင်းဖြစ်မှသာလျှင် လမ်းခွဲခြင်းကလည်း မေတ္တာနဲ့ထုံမွမ်းထားတဲ့ လမ်းခွဲခြင်းဖြစ်မယ်။ ဝမ်းနည်းစရာ မကောင်းတဲ့လမ်းခွဲခြင်း၊ အဆင့်အတန်းမြင့်တဲ့ လမ်းခွဲခြင်းတွေ ဖြစ်ကြပါလိမ့်မယ်။

http://www.dhammadownload.com



## နိဗ္ဗာန်သွားမယ့်လမ်းခွဲ၊ ဝမ်းနည်းစရာမှမဟုတ်ဘဲ

ဒီတော့ သေကွဲခွဲပြီးတော့ လမ်းခွဲကြတဲ့နေရာမှာ အဆင့်အတန်းအမြင့်ဆုံး လမ်းခွဲခြင်းကတော့ ပရိနိဗ္ဗာန်စံပြီးတော့ လမ်းခွဲတဲ့ လမ်းခွဲခြင်းပါပဲ။

ခန္ဓပရိနိဗ္ဗာန်စံရပြီဆိုရင်တော့ နောက်ဘဝ ခန္ဓာအသစ်တွေ ထပ်မဖြစ်ရတဲ့အတွက် ခွဲထွက်သွားတဲ့လူအတွက်လည်း အကောင်းဆုံး ဖြစ်ပါတယ်။ ကျန်ရစ်ခဲ့တဲ့ လူကလည်းပဲ သြော် သူ ကောင်းရာကို ရောက်သွားတာပါပဲ။ ကောင်းရာရောက်တယ်ဆိုတာကတော့ ဘုံဌာန တစ်ခုခုကို ရောက်သွားတာကို မဆိုလိုပါဘူး။ ဆင်းရဲဒုက္ခရယ်လို့ မြူမျှမရှိ ချမ်းသာပကတိဖြစ်နေတဲ့ချမ်းသာ၊ အဲဒီချမ်းသာကလည်း ဘယ်တော့မှ မပျက်စီးတော့မယ့် အစဉ်ထာဝရတည်မြဲနေတဲ့ချမ်းသာ၊ အဲဒီလို နိဗ္ဗာန် ချမ်းသာကြီးကို ရရှိသွားပြီဆိုတော့ ဝမ်းမြောက်စရာပါ။

ဒီတော့ ခန္ဓပရိနိဗ္ဗာန် စံပြီးတော့ ခွဲခွာသွားတဲ့ လူကလည်း

http://www.dhammadownload.com

ရဟန္တာအရှင်မြတ်၊ ကျန်ရစ်ခဲ့တဲ့ လူကလည်း ရဟန္တာပုဂ္ဂိုလ်ဆိုရင်တော့ ဒီလို လမ်းခွဲခြင်းဟာ အင်မတန် ကျက်သရေရှိပြီး အင်မတန် အဆင့်အတန်းမြင့်တဲ့ လမ်းခွဲခြင်းပဲပေါ့။

အဲဒီလို ရဟန္တာအရှင်မြတ်တွေ ခန္ဓပရိနိဗ္ဗာန်စံပြီး လမ်းခွဲသွားကြတဲ့အခါမှာ ပုထုဇဉ်ပုဂ္ဂိုလ်တွေ၊ သောတာပန်ပုဂ္ဂိုလ်တွေ၊ သကဒါဂါမ်ပုဂ္ဂိုလ်တွေ၊ ဒေါသမကင်းကြသေးတဲ့ပုဂ္ဂိုလ်တွေကတော့ ဝမ်းနည်းကြဦးမှာပါပဲ။ နှလုံးသွင်းမမှန်ကန်ဘူးဆိုရင်ပေါ့လေ။

တကယ်တော့ ခန္ဓပရိနိဗ္ဗာန်စံပြီး သေကွဲခွဲသွားတဲ့ လမ်းခွဲခြင်းဟာ ဝမ်းနည်းစရာ လမ်းခွဲခြင်း မဟုတ်ပါဘူး။

ရုဒိတေန အလံ ပုတ္တာ၊ ဟာသကာလောယမဇ္ဇ ဝေါ။

ခန္ဓပရိနိဗ္ဗာန်စံပြီးတော့ လမ်းခွဲနေတဲ့ အချိန်ဟာ ဝမ်းနည်းရမယ့်အချိန်၊ ငိုကြွေးရမယ့်အချိန် မဟုတ်ပါဘူး။ ပျော်ရွှင်ရမယ့်အချိန်၊ ဝမ်းသာရမယ့်အချိန် ဖြစ်ပါတယ်။

န ယုတ္တံ သောစိတုံ ပုတ္တာ၊ ဟာသကာလေ ဥပဋ္ဌိတေ။

ဒီအချိန်ဟာ ဝမ်းနည်းရမယ့်အချိန် မဟုတ်ပါဘူး။ ဝမ်းမြောက်ရွှင်မြူးရမယ့် အချိန်အခါကြီး ဖြစ်ပါတယ်။

ဒီပါဠိနှစ်ခုလုံးကို ကြည့်လိုက်လို့ရှိရင် ခန္ဓပရိနိဗ္ဗာန်စံပြီးတော့ လမ်းခွဲရတဲ့ အချိန်ဟာ ဟာသကာလ၊ ပါဠိလို ဟာသကာလ။ ဟာသဆိုတာ ပါဠိစကားလုံးပါပဲ။ ဒါပေမဲ့ မြန်မာစကားလုံးထဲမှာ ပါဠိအတိုင်းယူသုံးပြီးတော့ အဓိပ္ပာယ်ထွက်နေတာကတော့ ဟာသလို့ ပြောလိုက်ရင် ရယ်စရာ၊ မောစရာ၊ ခပ်ပေါပေါ၊ ခပ်ပေါ့ပေါ့၊ ဒီသဘောထွက်နေတယ်။

http://www.dhammadownload.com

အခု ခန္ဓပရိနိဗ္ဗာန်စံနေတာဟာ ဟာသကာလဆိုတော့ ရယ်နေရမယ့် ကာလဟုတ်လား၊ တဝါးဝါး တဟားဟားနဲ့ မပြုံးဘဲ ဝါးလုံးကွဲ ရယ်နေရမယ့်အချိန် မဟုတ်ပါဘူးနော်။ ဟာသဆိုတာ ရယ်တာကိုသာ ဆိုလိုတာ မဟုတ်ပါဘူး၊ စိတ်ရွှင်လန်းတာ၊ စိတ်ပျော်ရွှင်တာ၊ စိတ်ကြည်နူးတာကို ဆိုလိုပါတယ်။ ဟာသကာလဆိုတာ စိတ်ရွှင်လန်းရမယ့် အချိန်၊ စိတ်ပျော်ရွှင်နေရမယ့်အချိန်၊ စိတ်ကြည်နူးနေရမယ့်အချိန်လို့ ဒီလို ဆိုလိုပါတယ်။

ဒီတော့ ခန္ဓပရိနိဗ္ဗာန်စံသွားရပြီး လမ်းခွဲရတဲ့ လမ်းခွဲခြင်းဟာ စိတ်ပျော်ရွှင်ရမယ့် လမ်းခွဲခြင်းဖြစ်တယ်ဆိုတဲ့ စကားကို ဘယ်သူ ပြောသွားတာလဲဆိုရင် မဟာပဇာပတိဂေါတမီထေရီမကြီး ပြောသွားတာ ဖြစ်ပါတယ်။ အများပြောနဲ့ ပြောရင်တော့ မိထွေးတော်ဂေါတမီပေါ့။

မိထွေးတော်ဆိုလို့လည်း အဖေက အမေသေသွားပြီး ယူထားတဲ့ နောက်မိန်းမကို ဆိုလိုတာ မဟုတ်ဘူးနော်။ ဒေါ်လေးကိုလည်း တချို့က မိထွေး လို့ခေါ်တယ် မဟုတ်လား။ မဟာပဇာပတိဂေါတမီနဲ့ မြတ်စွာဘုရားရဲ့မယ်တော် မဟာမာယာဒေဝီနဲ့က ညီအစ်မ အရင်းခေါက်ခေါက်တွေ ဖြစ်ပါတယ်။

မဟာမာယာကွယ်လွန်သွားပြီးမှ မဟာပဇာပတိဂေါတမီကို ယူထားတာမဟုတ်ပါဘူး။ သုဒ္ဓေါဒနမင်းကြီးက မဟာမာယာဒေဝီနဲ့ မဟာပဇာပတိဂေါတမီ ညီအစ်မနှစ်ယောက်လုံးကို တစ်ပြိုင်တည်း လက်ထပ် ယူထားတာပါနော်။

တစ်နေ့တော့ မိထွေးတော်ဂေါတမီက သူ့ရဲ့ အာယုသင်္ခါရကို

http://www.dhammadownload.com

ကြည့်လိုက်တော့ ဒီနေ့ ငါ ပရိနိဗ္ဗာန်စံရတော့မယ်ဆိုတာ သိသွားတယ်။ သိသွားတော့ ပရိနိဗ္ဗာန်မစံခင် မြတ်စွာဘုရားကိုလည်း ရှိခိုးမယ်၊ အရှင်သာရိပုတ္တရာအစရှိတဲ့ ရဟန္တာအရှင်မြတ်များကိုလည်း ရှိခိုးမယ်၊ သူတို့ကို ရှိခိုးပြီးတော့မှ လျှောက်ထားသင့် လျှောက်ထားထိုက်တာတွေကိုလျှောက်၊ တောင်းပန်သင့် တောင်းပန်ထိုက်တာတွေကို တောင်းပန်ပြီးတော့မှပဲ ပရိနိဗ္ဗာန်စံမယ်ဆိုပြီးတော့ စိတ်ကူးလိုက်ပါတယ်။

အဲဒီအချိန်မှာပဲ သူနဲ့အတူတူ ရဟန်းပြုကြတဲ့ ဘိက္ခုနီမငါးရာ၊ သာကီဝင်မင်းသမီးကနေ ရဟန်းပြုတဲ့ ဘိက္ခုနီမငါးရာကလည်းပဲ သူတို့ရဲ့ အာယုသင်္ခါရကြည့်လိုက်တော့ ငါတို့ ဒီနေ့ ပရိနိဗ္ဗာန်စံရတော့မယ်ဆိုတာ သိသွားကြပါတယ်။ ရဟန်းပြုကြတော့လည်း တစ်ချိန်တည်း အတူတူပဲဖြစ်ပါတယ်။ ပရိနိဗ္ဗာန်စံကြတော့လည်း တစ်နေ့တည်း၊ တစ်ရက်တည်း၊ တစ်ချိန်တည်းမှာပဲ ပရိနိဗ္ဗာန်စံကြပါမယ်။

ဒီတော့ မိထွေးတော်ဂေါတမီ ရှေ့က ဦးဆောင်ပြီးတော့ ဘိက္ခုနီမငါးရာ မြတ်စွာဘုရားရှိရာ ကျောင်းတော်ဆီ ချီတက်ကြပါတယ်။ မြတ်စွာဘုရားက ဝေသာလီမြို့အပြင် မဟာဝုန်ကျောင်းမှာ သီတင်းသုံးနေပါတယ်။ သူတို့က ဝေသာလီမြို့အတွင်းက ဘိက္ခုနီမကျောင်းမှာ သီတင်းသုံးနေပါတယ်။ မိထွေးတော်ဂေါတမီနဲ့တကွ ရဟန်းမငါးရာရဲ့နောက်ကို ဘိက္ခုနီမကျောင်းထဲမှာရှိတဲ့ ဘိက္ခုနီမ အကုန်လုံး ထွက်လိုက်လာကြပါတယ်။

ပြီးတော့ မိထွေးတော်ဂေါတမီက သူ ဒီနေ့ပဲ ပရိနိဗ္ဗာန်ပြုတော့မယ်ဆိုတဲ့အကြောင်း ကြေညာပါတယ်။ အဲဒီတော့ အိမ်တွေကနေပြီး

http://www.dhammadownload.com

တော့ သဒ္ဒါတရားရှိတဲ့ အမျိုးသမီးတွေ ထွက်ထွက်လာကြပြီးတော့ ဘိက္ခုနီမတွေရဲ့ ခြေတော်ရင်းမှာ ဝပ်စင်း၊ ဦးတိုက်ပြီးတော့ ငိုယိုကြတယ်၊ အမျိုးမျိုးအဖုံဖုံ ဖွဲ့နွဲ့ပြီးတော့ ငိုယိုကြပါတယ်။

အဲဒီလို ငိုယိုကြတဲ့ ဥပါသိကာ ဒကာမတွေကို မဟာပဇာပတိ ဂေါတမီထေရီမကြီးက အားပေးစကားပြောပါတယ်။ ပြောတဲ့စကားတွေထဲက တစ်ခွန်းက ....

စိရပ္ပဘုတိ ယံ မယှံ၊ ပတ္ထိတံ အဇ္ဇ သိဇ္ဈတေ။

အာနန္ဒဘေရိကာလောယံ၊ ကိံ ဝေါ အဿူဟိ ပုတ္တိကာ။

ဒီမှာတော့ ဟာသဆိုတဲ့စကားလုံးမပါသေးပါဘူး။ ငါ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းကြာကနေ စပြီးတော့ ကမ္ဘာပေါင်း ကြာမြင့်စွာလိုလားတောင့်တခဲ့တဲ့ အသခ်တနိဗ္ဗာန်ကြီးကို ငါ ဒီကနေ့ အပိုင်ရတော့မယ်၊ ငါ့ရဲ့လိုအင်ဆန္ဒ ဒီနေ့ ပြည့်ဝတော့မယ်၊ ကမ္ဘာတစ်သိန်းကြာကနေ ကာလကြာမြင့်စွာ တောင့်တခဲ့တဲ့ တောင်းဆု ပြည့်တဲ့နေ့ဟာ တကယ်တော့ ဝမ်းနည်းရမယ့်နေ့ မဟုတ်ပါဘူး။

ချစ်သမီးတို့ မငိုကြပါနဲ့၊ ငိုနေလို့ ဘာမှအကျိုးမရှိပါဘူး၊ ဒီအချိန်ဟာ ဘယ်လိုအချိန်လဲဆိုတော့ အာနန္ဒဘေရိကာလော .... တဲ့၊ ဟာသကာလောဆိုတာထက်တောင် ပိုပြီးတော့ အံ့သြစရာကောင်းနေသေးတယ်။ အာနန္ဒကာလ နှစ်သက်ဝမ်းမြောက်ရမယ့်အချိန်၊ ဘေရိကာလ စည်သံမောင်းသံတညံညံ တီးမှုတ်ကခုန်ပြီးတော့ကို ပျော်ရွှင်ရမယ့် အချိန်ပါ။

ငိုရမယ့် အချိန်မဟုတ်ပါဘူးတဲ့၊ ပျော်ရမယ့်အချိန်ပါ။ ပျော်တာ

http://www.dhammadownload.com

တောင်မှ ရိုးရိုးလေး စိတ်ထဲကနေ ပျော်ရမှာ မဟုတ်ဘူး၊ စည်သံမောင်းသံတွေနဲ့ ဆိုင်းတွေ ဘာတွေ တီးပြီးတော့ကို ပျော်ရမှာ။ ခုခေတ်လိုဆိုရင်တော့ ကာရာအိုကေလည်းဆို၊ စီဒီအိုကေလည်းဆိုပြီးတော့ ပျော်ရမယ့် အချိန်ပါပဲ။ ဝမ်းနည်းရမယ့် အချိန် မဟုတ်ပါဘူး။

ဒါကြောင့် ကာလများစွာက တောင့်တခဲ့တဲ့ ဘောင်းဆု ပြည့်တဲ့နေ့ဟာ ဝမ်းနည်းရမယ့်နေ့ မဟုတ်ပါဘူး။ ဝမ်းသာရမယ့်နေ့ပါ။

အသခ်တနိဗ္ဗာန်ဒိုင်းဆုကြီးကို အပြီးအပိုင်ရတဲ့နေ့လို့ ဆိုမယ်ဆိုဆိုလို့ရပါတယ်။ ဦးပဥ္စင်းတို့ ငယ်ငယ်တုန်းကတော့ ကျောင်းပေါင်းစုံအားကစားပွဲတွေ လုပ်ပြီဆိုရင် ဘောလုံးပွဲပဲဆိုပါတော့၊ ကျောင်းတစ်ကျောင်းက ပထမနဲ့ အနိုင်ရတယ်ဆိုရင် ဒိုင်းဆုတစ်ခု အပိုင်မရသေးဘူး။ ကျောင်းမှာတော့ ယူထားလို့ရတယ်၊ အပိုင်မဟုတ်သေးဘူး။ လေးနှစ်ဆက်တိုက် ပထမနဲ့ အနိုင်ရမှ ဒိုင်းဆုကြီးကို အပိုင်ယူလို့ရပါတယ်။

တချို့မြို့နယ်ဆိုရင်လည်း နှစ်နှစ်ဆက်တိုက် အနိုင်ရမှ၊ တချို့လည်း သုံးနှစ်ပေါ့လေ၊ အဲဒီတော့ လေးနှစ်ဆက်တိုက် ပထမရမှ ဒီဒိုင်းဆုကြီးကို ကိုယ့်ကျောင်းမှာ အပိုင်ခံစားခွင့်ရှိပါတယ်။ အခုလည်းပဲ တချို့နေရာ တချို့ဒေသ တချို့ထုံးစံအရ ဒီလိုတွေ ရှိကောင်းရှိနိုင်ပါတယ်။

အဲဒီတော့ သောတာပန်အဖြစ်နဲ့ နိဗ္ဗာန် မျက်မှောက်ပြုတယ်ဆိုတာ နိဗ္ဗာန်ဒိုင်းဆုကြီးကို တစ်နှစ်ပဲ ရသေးတာနဲ့တူတယ်၊ အပိုင်မရသေးဘူး။ သကဒါဂါမ်အဖြစ်နဲ့ နိဗ္ဗာန်ရတယ်ဆိုတာလည်း ဒိုင်းဆုကြီးကို နှစ်နှစ်ဆက်တိုက်တော့ ရသွားပြီ၊ အပိုင်မရသေးဘူး။

အနာဂါမ်အဖြစ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်ဆိုတာ

http://www.dhammadownload.com

လည်း နိဗ္ဗာန်ဒိုင်းဆုကြီးကို သုံးနှစ်ဆက်တိုက် ရသွားပြီ။ အပိုင်မရသေးဘူး။ ရဟန္တာဖြစ်ပြီဆိုမှ အသခ်တနိဗ္ဗာန်ဆိုတဲ့ ဒိုင်းဆုကြီးကို အပြီးအပိုင်ရသွားတာပါ။

အပြီးအပိုင်ရသွားတယ်ဆိုတာက ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်မစံသေးဘူးဆိုရင်တော့ အပိုင်ရတယ်လို့ အတိအကျ မဆိုနိုင်သေးဘူး။ အပိုင်ရတော့မယ်လို့တော့ သတင်းကြေညာချက်တော့ ထုတ်ပြန်ပြီးသားဖြစ်နေပြီ။ ဒါပေမဲ့ အပိုင်မရသေးဘူး။

အပိုင်မရသေးဘူးဆိုတာက နိဗ္ဗာန်ကိုပဲ အမြဲတမ်း အာရုံပြုဝင်စားပြီတော့ နေလို့ မရသေးဘူးလေ။ ဆွမ်းခံထွက်တဲ့အချိန် ထွက်ရသေးတယ်၊ တရားဟောတဲ့အချိန် ဟောရသေးတယ်၊ ခန္ဓာဝန် ရွက်ဆောင်ရတဲ့အလုပ်တွေ လုပ်ရသေးတယ်။ နိဗ္ဗာန်နဲ့ပဲ အချိန်ပြည့်မွေ့လျော်နေလို့ မရဘူး၊ ဒါကြောင့် နိဗ္ဗာန်ဒိုင်းဆုကြီး အပိုင်မရသေးဘူးလို့ ဆိုလိုပါတယ်။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဆိုရင်တော့ မပြောနဲ့တော့ပေါ့။ သောတာပန်အဖြစ်နဲ့ သေသွားလို့ရှိရင် နောက်ဘဝ နိဗ္ဗာန်ကို တန်းအာရုံပြုရတယ်လို့ မရှိဘူး။ ရဟန္တာအရှင်မြတ်ကတော့ ဒီဘဝအသက်ရှင်နေစဉ်မှာ အပိုင်မရသေးပေမယ့် ပရိနိဗ္ဗာန်စံသွားပြီဆိုရင်တော့ ဒီဘဝခန္ဓာ စုတိစိတ်ကျပြီးတာနဲ့တစ်ပြိုင်နက်တည်း အသခ်တနိဗ္ဗာန်မှာပဲ ထာဝရမွေ့လျော်လို့ ရသွားပါပြီ။

မွေ့လျော်တယ်ဆိုလို့လည်း နေရာဒေသကြီးတစ်ခု၊ ဘုံဗိမာန်ကြီးတစ်ခုအနေနဲ့ရှိတာယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ အငြိမ်းဓာတ်တစ်ခု

http://www.dhammadownload.com

အနေနဲ့ ထာဝရရှိနေတာကို ပြောတာပါ။

ကျောင်းသားတွေအနေနဲ့ အားကစားပွဲမှာ လေးနှစ်ဆက်တိုက် အနိုင်ရလို့ ဒိုင်းဆုကြီးကို အပိုင်ရတယ်ဆိုရင် ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား၊ ဝမ်းသာရမှာပါ။ ပျော်ရွှင်ရမှာ၊ အူမြူးရမှာပါ။ ဒိုင်းဆုကြီး အပိုင်ရတဲ့အချိန်ဆိုတာ ပျော်ရွှင်ရမယ့်အချိန်၊ ကခုန်ရမယ့်အချိန် ဖြစ်ပါတယ်။

အဲဒီလိုပါပဲ၊ ရဟန္တာအရှင်မြတ်က ခန္ဓပရိနိဗ္ဗာန်စံပြီးတော့ အသင်္ခတနိဗ္ဗာန် ဒိုင်းဆုကြီးကို အပြီးအပိုင် ယူခွင့်ရသွားတဲ့ အချိန်ဟာ ဝမ်းနည်းရမယ့် အချိန်မဟုတ်ပါဘူး၊ ဝမ်းသာရမယ့် အချိန်ဖြစ်ပါတယ်။ ဒါကြောင့် ချစ်သမီးတို့ မငိုကြပါနဲ့၊ ဒီအချိန်ဟာ ပျော်ရမယ့်အချိန်ပါ၊ စည်သံမောင်းသံတညံညံနဲ့ တီးမှုတ်ကခုန်ပြီးတော့ ပျော်နေရမယ့် အချိန်ပါ။

အဲဒီလို ပြောပြီးတော့ မြတ်စွာဘုရားကျောင်းတော်ရောက်၊ မြတ်စွာဘုရားကို ရှိခိုး၊ လျှောက်ထားစရာရှိတာ လျှောက်ထားပြီးတော့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်၊ အရှင်အာနန္ဒာ၊ အရှင်ရာဟုလာ အစရှိတဲ့ ရဟန္တာအရှင်မြတ်များကိုလည်း လှည့်ပတ်ပြီးတော့ ရှိခိုးပါတယ်။

ရှိခိုးပြီးတော့ တန်ခိုးတွေ ဘာတွေပြ၊ ပြပြီးတော့ ဘိက္ခုနီမ ကျောင်းကိုပြန်၊ ပြန်ပြီးတော့ ဈာန်သမာပတ်တွေ အစဉ်အတိုင်း ဝင်စားပြီးတော့၊ ပထမတော့ ပထမဈာန်ကနေ စတုတ္ထဈာန်အထိ အနုလုံ၊ ပဋိလုံဝင်စား၊ နောက်ဆုံး ပထမဈာန်ကနေ စတုတ္ထဈာန်အထိ ဆက်

http://www.dhammadownload.com

တိုက်ဝင်စားပြီးတော့ စတုတ္ထစျာန်က ထတာနဲ့ တစ်ပြိုင်နက်တည်း မီးတောက်ကြီးတစ်ခု၊ ဖယောင်းတိုင် မီးတိုင်လေးတစ်တိုင် ငြိမ်းသွားသလို၊ ဆီနဲ့ မီးစာကုန်သွားတဲ့အတွက်ကြောင့် မီးတောက်လေး လုံးဝငြိမ်းသွားသလို ဘဝဇာတ် ရုပ်သိမ်းပြီးတော့ ချုပ်ငြိမ်းတော်မူသွားပါတယ်။

မိထွေးတော်ဂေါတမီ အရှင်အာနန္ဒာကို သွားကန်တော့ တုန်းက အရှင်အာနန္ဒာကလည်း တရှုပ်ရှုပ် ငိုကြွေးပါတယ်။ အရှင်အာနန္ဒာက အဲဒီအချိန်မှာ သောတာပန် ဖြစ်ပြီးသားပါ။ ဒါပေမဲ့ အနာဂါမ်ဖြစ်မှ ဒေါသက ပယ်နိုင်တာဆိုတော့ ဒေါသမကင်းသေးတဲ့ အရှင်အာနန္ဒာ ငိုပါတယ်။ ငိုတော့လည်းပဲ အရှင်အာနန္ဒာကို မိထွေးတော်ဂေါတမီက

န ယုတ္တံ သောစိတုံ ပုတ္တ၊ ဟာသကာလေ ဥပဋ္ဌိတေ။

ဒီအချိန်ဟာ ငိုရမယ့်အချိန်မဟုတ်ပါဘူး၊ ချစ်သား အာနန္ဒာ၊ ရွှင်လန်းရမယ့်အချိန်ပါ၊ ဝမ်းမြောက်ဝမ်းသာဖြစ်ရမယ့် အချိန်ပါလို့ ပြောသွားခဲ့ပါတယ်။

ဒါကြောင့် သေကွဲခွဲပြီးတော့ လမ်းခွဲကြတဲ့အခါမှာလည်းပဲ ဘဝဇာတ် ရုပ်သိမ်းပြီးတော့ ခန္ဓာအသစ် ထပ်မဖြစ်တော့တဲ့ လမ်းခွဲခြင်းမျိုးနဲ့ လမ်းခွဲရမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။ လမ်းခွဲမှာ ဝမ်းနည်းစရာမလိုတဲ့ လမ်းခွဲခြင်းပါပဲ။

http://www.dhammadownload.com



## နို့နှစ်လုံးပိုးလုံးကျေပါတယ်

ဒီနေရာမှာလည်း ပြောစရာတွေကတော့ အများကြီး ရှိဟာပါပဲ။ မဟာပဇာပတိဂေါတမီထေရီမကြီး ပရိနိဗ္ဗာန်စံခန်းကို ထေရီအပဒါန်ပါဠိတော်တွေမှာ မိမိတို့ကိုယ်တိုင် လေ့လာဖတ်ရှုနိုင်ပါတယ်။ စိတ်ဝင်စားဖွယ်၊ အံ့သြဖွယ်တွေ အများကြီးရှိပါတယ်။

မိထွေးတော်ဂေါတမီရဲ့ ပရိနိဗ္ဗာန်ပြုပွဲ၊ အန္တိမအဂ္ဂိဈာပနပွဲက မြတ်စွာဘုရားရှင်ရဲ့ ပရိနိဗ္ဗာန်ပြုပွဲ၊ အန္တိမအဂ္ဂိဈာပနပွဲထက်ကိုပဲ ပိုစည်ကားပါတယ်။ ပိုကြီးကျယ်ပါတယ်။ ပိုပြီး အံ့သြဖွယ်ရာတွေဖြစ်ပါတယ်။

ဘာလို့လဲဆိုတော့ မြတ်စွာဘုရားရဲ့ အန္တိမအဂ္ဂိမဈာပနပွဲက မြတ်စွာဘုရားကိုယ်တိုင်လည်း မစီမံနိုင်တော့ဘူး။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်တို့လည်း မစီမံနိုင်တော့ဘူး။ မိထွေးတော်ဂေါတမီရဲ့ အန္တိမအဂ္ဂိဈာပနပွဲကိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်လည်း ဦးစီးပြီးတော့ စီမံတယ်။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာ

http://www.dhammadownload.com

မောဂ္ဂလ္လာန် စတဲ့ ရဟန္တာအရှင်မြတ်များကလည်း ဦးစီးကွပ်ကဲပြီးတော့ စီမံကြတယ်ဆိုတော့ အင်မတန် ကြီးကျယ်စည်ကားပါတယ်။

မဟာပဇာပတိဂေါတမီထေရီမကြီးရဲ့ ရုပ်ကလာပ်ကို စတု လောကပါလ နတ်မင်းကြီးလေးပါးက ထမ်းပိုးပြီးတော့ ပို့ကြတယ်၊ သာကီဝင်မင်းသမီးကနေဖြစ်လာတဲ့ ရဟန္တာဘိက္ခုနီမငါးရာကိုတော့ ဝိသကြုံနတ်သား ဖန်ဆင်းထားတဲ့ ရွှေပြာသာဒ်ငါးရာပေါ်တင်ပြီး နတ်သားတွေကပဲ ထမ်းပို့ကြပါတယ်။ အဲဒီလိုနဲ့ သုသာန်ပို့ပြီးတော့ အန္တိမ အဂ္ဂိစျာပနပွဲ ကျင်းပကြပါတယ်။

လူတစ်ယောက်မှ မထမ်းကြပါဘူး၊ အမျိုးသမီးတွေဖြစ်ပေမယ့် နတ်တွေကိုယ်တိုင် ထမ်းကြပါတယ်။ သိကြားမင်းကြီးက မဟာပဇာ ပတိဂေါတမီရဲ့ ပြာသာဒ်ကြီးမှာ ထိုင်ပြီးတော့တောင် လိုက်လိုက်ပါသေး တယ်။ အဲဒီတော့ ပြောချင်တာကတော့ မိထွေးတော်ဂေါတမီက မြတ်စွာ ဘုရားရှင်ကို ရှိခိုးလျှောက်ထားချက်စကားတွေထဲမှာ တစ်ခုက ....

ဗန္ဒနာရက္ခနေ မယှံ၊ အနဏော တွံ မဟာမုနေ။

'မြတ်စွာဘုရား၊ မြတ်စွာဘုရားရှင်ဟာ ဘုရားတပည့်တော်ကို ကိလေသာအနှောင်အဖွဲ့တွေက လွတ်မြောက်အောင် စောင့်ရှောက် လိုက်တဲ့ အတွက်ကြောင့် မြတ်စွာဘုရားအနေနဲ့ ဘုရားတပည့်တော်ရဲ့ အပေါ်မှာ နို့ဖိုးကြွေး လုံးဝမရှိတော့ပါဘူးဘုရား'

ဗန္ဒနာရက္ခနေ မယှံ၊ အနဏော တွံ မဟာမုနေ။

ဒီပါဠိကိုတော့ သေချာကို ကျက်ထားသင့်ပါတယ်။

'အရှင်ဘုရားမှာ ဘုရားတပည့်တော်ရဲ့အပေါ် နို့ဖိုးကြွေး လုံးဝ

မရှိတော့ပါဘူးဘုရား’ တဲ့။

နို့ဖိုးကြွေးဆိုတာ ဘာကို ပြောတာလဲဆိုရင် ....

မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားရဲ့ မယ်တော် မဟာမာယာဒေဝီက မြတ်စွာဘုရားအလောင်းတော် ခုနစ်ရက်သားနဲ့ ကွယ်လွန်သွားပါတယ်။ တာဝတိံသာနတ်ပြည်မှာ သန္တုသိတနတ်သား ဖြစ်သွားပါတယ်။

မြတ်စွာဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီးလို့ သုံးရက်မြောက်မှာ နန္ဒမင်းသားကို မိထွေးတော်ဂေါတမီက မွေးဖွားပါတယ်။ မာယာဒေဝီ နတ်ရွာစံသွားတဲ့အခါမှာ မိထွေးတော်ဂေါတမီက သူ့ရဲ့သားအရင်းဖြစ်တဲ့ နန္ဒမင်းသားကို အထိန်းတော်တွေ လက်ထဲ လွှဲအပ်ထားပြီးတော့ သူကိုယ်တိုင်ကတော့ မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကိုပဲ ပြုစုလုပ်ကျွေးပါတယ်။

သိဒ္ဓတ္ထမင်းသားကိုပဲ မိမိရဲ့ရင်မှဖြစ်တဲ့ နို့ချိုတိုက်ကျွေးပြီးတော့ မွေးမြူခဲ့ပါတယ်။ ရေမိုးသန့်စင်ပြီးတော့ မွေးမြူခဲ့ပါတယ်။ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်က စပြီးတော့ မိထွေးတော်ဂေါတမီက ချည်းပဲ ပြုစုစောင့်ရှောက်ခဲ့ပါတယ်။ အဲဒါကို ရည်ညွှန်းပြီးတော့ ပြောဆိုခြင်းဖြစ်ပါတယ်။

‘အရှင်ဘုရားမှာ တပည့်တော်အပေါ် နို့ဖိုးကြွေး မကျန်တော့ပါဘူး။ နို့ဖိုးကြွေး အကုန်ကျေပါပြီ’

အဲဒီစကားမပြောခင် ဘာပြောသလဲဆိုတော့ ....

‘အရှင်ဘုရားဟာ တပည့်တော်ရဲ့ ခမည်းတော်လည်း ဖြစ်ပါ

http://www.dhammadownload.com

တယ်။ တပည့်တော်ဟာ အရှင်ဘုရားရဲ့ မယ်တော်လည်းဖြစ်ပါတယ်'

လူနှစ်ယောက်ထဲမှာ တစ်ယောက်က တစ်ယောက်ရဲ့ ခမည်းတော်လည်းဖြစ်၊ မယ်တော်လည်းဖြစ်ဆိုတော့ ဆန်းသလိုပဲ။

'တပည့်တော်က အရှင်ဘုရားကို လောကနို့ရည် တိုက်ကျွေးပြီးတော့ ရူပကာယကို ကြီးထွားအောင် မွေးမြူခဲ့ရပါတယ်၊ ဒါကြောင့် တပည့်တော်ဟာ အရှင်ဘုရားရဲ့ မယ်တော်ကြီးဖြစ်ပါတယ်'

'အရှင်ဘုရားက တပည့်တော်ကို ဓမ္မနို့ရည် တိုက်ကျွေးပြီးတော့ တပည့်တော်ရဲ့ ဓမ္မကာယကို ကြီးထွားလာအောင် ပြုစုစောင့်ရှောက်ခဲ့ပါတယ်။ ဒါကြောင့် အရှင်ဘုရားဟာ တပည့်တော်ရဲ့ ခမည်းတော်ဖြစ်ပါတယ်'

'တကယ်တော့ တပည့်တော် တိုက်ကျွေးတဲ့ နို့ရည်ဆိုတာက အခိုက်အတန့် တဒင်္ဂတစ်ခဏပဲ ဆာလောင်မွတ်သိပ်မှုကို ပြေပျောက်စေပါတယ်၊ အရှင်ဘုရား တိုက်ကျွေးတဲ့ ဓမ္မနို့ရည်ကမှ ဆာလောင်မွတ်သိပ်ခြင်းကို အမြဲထာဝရ ငြိမ်းပျောက်စေပါတယ်'

ဆာလောင်ခြင်းဆိုတာ တဏှာပါပဲ။

မြတ်စွာဘုရားတိုက်ကျွေးတဲ့ ဓမ္မနို့ရည်ကို သောက်သုံးရတဲ့အတွက် ဆာလောင်ခြင်းဆိုတဲ့ တဏှာတွေ အကြွင်းမဲ့ချုပ်ငြိမ်းပြီး ရဟန္တာထေရီမ ဖြစ်ခွင့်ရတဲ့အတွက်ကြောင့် အရှင်ဘုရားတိုက်ကျွေးတဲ့ ဓမ္မနို့ရည်ဟာ ဆာလောင်မှုတွေကို ထာဝရ ပြေပျောက်စေပါတယ်'

ဗန္ဒနာရက္ခနေ မယှံ၊ အနဏော တွံ မဟာမုနေ။

'တပည့်တော်ကို ကိလေသာအနှောင်အဖွဲ့ ကင်းအောင် စောင့်

http://www.dhammadownload.com

ရှောက်တဲ့အတွက်ကြောင့် အရှင်ဘုရားဟာ တပည့်တော်အပေါ်မှာ နို့ဖိုး ကြွေး မကျန်တော့ပါဘူး'

ဒီစကားလေး ပြောသွားပါတယ်။ ဘာကြောင့် နို့ဖိုးကြွေးမကျန် တာလဲဆိုရင် ကိလေသာအနှောင်အဖွဲ့တွေကနေ လွတ်မြောက်အောင်၊ တစ်နည်းပြောရရင်တော့ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်အောင် စောင့်ရှောက်တဲ့အတွက်ကြောင့် နို့ဖိုးကြွေး မကျန်တော့တာပါ။

ဒီတော့ မိထွေးတော်ဂေါတမီရဲ့ နို့ဖိုးကြွေးတောင်မှ မကျန် တော့ဘူးဆိုတော့ မယ်တော်ရင်းဖြစ်တဲ့ မဟာမာယာဒေဝီရဲ့ နို့ဖိုး ကြွေးကော ကျန်ပါဦးမလား၊ မကျန်တော့ပါဘူး။ မဟာမာယာဒေဝီက ခုနစ်ရက်ပဲ နို့တိုက်ရတာပါ။ မဟာဂေါတမီက နို့မပြတ်မချင်း နို့တိုက် ရတာပါ။

မဟာဂေါတမီက မဟာမာယာထက် ပိုပြီးတော့ နို့ဖိုးကြွေး ကြီးတယ်လို့ ပြောရမှာပါပဲ။ ဒီတော့ မဟာဂေါတမီရဲ့ နို့ဖိုးကြွေးတောင်မှ ကျေတယ်ဆိုမှတော့ မယ်တော်ရဲ့ နို့ဖိုးကြွေးလည်း ကျေပါတယ်။

ဒါဆိုရင် အရပ်ထဲမှာ ပြောနေကြတဲ့ မြတ်စွာဘုရားရှင်တောင် မှ မိခင်ရဲ့ နို့ဖိုးကြွေးကို မကျေဘူး၊ နို့တစ်လုံးဖိုးပဲ ဆပ်နိုင်ခဲ့တယ်ဆိုတဲ့ စကားဟာ မှန်ပါ့မလား၊ မမှန်ပါဘူး။

'ဘုရားရှင်တောင်မှ နို့တစ်လုံးဖိုးပဲ မိခင်ကျေးဇူးဆပ်နိုင်ခဲ့တယ်၊ နို့တစ်လုံးဖိုးပဲ ကျေးဇူးကျေတယ်' ဆိုတဲ့ စကားဟာ ဘယ်ပိဋကတ်တော် မှာမှ မလာတဲ့ စကားဖြစ်ပါတယ်။ ဇာတ်မင်းသားတွေ၊ ဇာတ်ဆရာ တွေ၊ ကွက်စိပ်ဆရာတွေက တီထွင်ပြီးတော့ ပြောထားတဲ့ စကားဖြစ်ပါ

http://www.dhammadownload.com

တယ်။ မှန်ကန်တဲ့စကား မဟုတ်ပါဘူး၊ ပါစင်အောင် လွဲတဲ့စကား၊ တက်တက်စင် လွဲတဲ့စကား ဖြစ်ပါတယ်။

မိထွေးတော်ဂေါတမီအပေါ် တောင် မြတ်စွာဘုရား နို့ဖိုးကြွေး ကျေခဲ့ပါတယ်။ မယ်တော်ရင်းအပေါ်မှာလည်း နို့ဖိုးကြွေး ကျေပါတယ်။ နို့တစ်လုံးဖိုးပဲ ကျေတယ်ဆိုတာ မဟုတ်ပါဘူး။

နို့တစ်လုံးဖိုးပဲ ကျေတယ်ဆိုရင် မြတ်စွာဘုရား ပရိနိဗ္ဗာန်သာ စံသွားတယ်၊ အကြွေးမကျေဘူးဆိုတဲ့ အဓိပ္ပါယ် မသက်ရောက်ဘူးလား၊ သက်ရောက်တယ်နော်၊ နိဗ္ဗာန်အထိ အကြွေးလိုက်တောင်းရမလို ဖြစ်နေပြီ။

ကိုယ်တိုင်တော့ မကြည့်ရပါဘူး၊ စာစောင်တွေထဲမှာ ဖတ်ရတာ၊ အများပြောသံကြားဖူးတာတော့ တရားနာပရိသတ်များ လိုလိုချင်ချင် မက်မက်မောမော ကြည့်နေကြတဲ့ တရုတ်ကားတွေထဲမှာ ပါတယ်ဆိုပဲ။

'အဖေ့ရဲ့ အကြွေးကို သား နောက်ဘဝကျရင် ဆပ်ပါ့မယ်' တဲ့။ အဖေတင် မကဘူးပေါ့လေ၊ 'ခင်ဗျားရဲ့အကြွေးတွေကို ကျွန်တော် နောက်ဘဝကျရင် ဆပ်ပါ့မယ်' တဲ့။

အဖြစ်အပျက်တစ်ခုခု ကြုံလာရင်ပဲ ကြွေးတွေကို နောက်ဘဝမှ ချည်းပဲ ဆပ်မယ်ပြောနေတာနော်၊ နောက်ဘဝ ဘယ်ရောက်လို့ ဘယ်လိုက်ဆပ်ရမယ်ဆိုတာလည်း သိရတာမဟုတ်ဘူး။ အဲဒီ စကားရပ်ကြောင့်ကိုပဲ အကြွေးတွေက ပိုပြီးတော့ ဆပ်ရဖို့ များနေပါတယ်။ ဒီတော့ မယ်တော်ရဲ့ နို့တစ်လုံးဖိုးပဲ ကျေတယ်ဆိုတာ မဟုတ်ဘူးဆိုတာ စွဲစွဲ

http://www.dhammadownload.com

မြဲမြဲ မှတ်ထားရမယ်။

အဲဒီတော့ ဝမ်းနည်းစရာကောင်းတဲ့ လမ်းခွဲခြင်းနဲ့ ဝမ်းနည်းစရာမကောင်းတဲ့ လမ်းခွဲခြင်းဆိုတဲ့ နေရာမှာ ဥပဒေသတစ်ခု ထုတ်နိုင်တာကတော့ အကြွေးကင်းတဲ့ လမ်းခွဲခြင်းဟာ ဝမ်းနည်းစရာမလိုဘူး။ အကြွေးတင်နေတဲ့ လမ်းခွဲခြင်းကတော့ ဝမ်းနည်းစရာကောင်းတယ်။

ဒါက သေဆုံးမှ မဟုတ်ပါဘူး၊ အသက်ရှင်နေစဉ်မှာလည်း တစ်ယောက်နဲ့တစ်ယောက် လမ်းခွဲကြတာ အကြွေးတင်ပြီးတော့ လမ်းခွဲကြတယ်ဆိုရင် ပျော်စရာကောင်းပါဦးမလား။ အကြွေးပေးလိုက်ရတဲ့ လူကလည်း 'ဒီလူ ဆပ်မှ ဆပ်ပါ့မလား။ ဘယ်တော့များ ဆပ်မလဲ၊ အကြိမ်ပေါင်း မရေနိုင်တော့ဘူး' ဆိုပြီးတော့ စိတ်တွေတို၊ ဒေါသတွေဖြစ်ပြီးတော့ ဝမ်းနည်းနေရတာပါပဲ။

ဝမ်းနည်းတယ်ဆိုလို့ ငိုနေမှ ဝမ်းနည်းတာ မဟုတ်ပါဘူး။ စိတ်တိုနေတာ၊ ဒေါသထွက်နေတာ၊ ကိလေသာဖြစ်နေတာတွေ အားလုံးကို 'ဝမ်းနည်းတယ်' လို့ဆိုလိုပါတယ်။ 'လမ်းခွဲတာ ဝမ်းနည်းစရာလား' ဆိုတဲ့ စကားထဲမှာပါတဲ့ 'ဝမ်းနည်း' ဆိုတဲ့ စကားလုံးဟာ ကိလေသာတွေအားလုံး၊ အပူအလောင်တွေ အားလုံး၊ အရှုပ်အထွေးတွေ အားလုံးကို ကိုယ်စားပြုပါတယ်။

ကြွေးယူထားတဲ့လူကလည်းပဲ 'သူ့အကြွေး ငါဆပ်မှ ဆပ်နိုင်ပါဦးမလား၊ မဆပ်ဘဲနဲ့ လစ်ပြေးရင် ကောင်းမယ်ထင်ပါရဲ့' စသည်အားဖြင့် စိတ်မချမ်းသာတော့ဘူး၊ စိတ်ဆင်းရဲရတယ်။

ဒါကြောင့် ကြွေးတင်နေတဲ့ လမ်းခွဲခြင်းဟာ ဝမ်းနည်းစရာကြီး

http://www.dhammadownload.com

ပါ။ ဒီဘဝမှာ မဆပ်ဖြစ်လို့ သေသွားရင်လည်း နောက်ဘဝမှာ ကြွေးက ပြန်ဆပ်ရဦးမှာပါ။ သေသွားလို့ ပြီးပြီလို့ မထင်နဲ့နော်။ ကိုယ်ယူထားတဲ့ ကြွေး ဒီဘဝမှာ ကျေအောင် မဆပ်နိုင်ဘူးဆိုရင်တော့ နောက်ဘဝမှာ ဆက်ပြီး ဆပ်ရမယ်။

ဒီဘဝမှာ ဆပ်တာကမှ ကြွေးတစ်ရာ ယူထားတယ်ဆိုရင် တစ်ရာဆပ်လိုက်ရင် ပြီးသွားတယ်။ အတိုးမဲ့ ချေးထားတယ်ဆိုရင် ပေါ့ လေ။ တစ်ရာယူထား , တစ်ရာဆပ်လိုက်၊ ပြီးသွားတယ်။ ဒီဘဝမှာ ကျေအောင် မဆပ်ဘူးဆိုရင်တော့ တစ်ရာလည်း မကဘူး၊ တစ်သိန်း လည်း မကဘူး၊ ဒီဘဝမှာ ချေးထားတဲ့ တစ်ရာနဲ့ မတန်လောက်အောင် ကို အဆပေါင်းများစွာ ကြွေးဆပ်ရပါမယ်။

နောက်ဘဝမှ ကြွေးဆပ်ရင် တစ်ရာလောက် ဆပ်ရုံနဲ့ မရ တော့ဘူး။ နောက်ဘဝကျတော့ 'မင်းအရင်ဘဝက ငါ တစ်ရာယူထား တာ ရော့တစ်ရာ' ဆိုပြီးတော့ သွားဆပ်လို့ မရတော့ဘူး။ တစ်ရာထက်ကို အဆပေါင်းများစွာ ဆပ်ရပါမယ်။

'အဆပေါင်းများစွာ' ဆိုတာ ငွေအရေအတွက်ကို ပြောတာ မဟုတ်ပါဘူး။ ဆိုပါတော့၊ သူများဆီက အကြွေးယူထားပြီတော့ နောက် ဘဝ သူ့ဆီမှာ ခွေးသွားဖြစ်တယ်၊ ခွေးဘဝနဲ့ ဆယ်နှစ်လောက် နေရ တယ်ဆိုရင် ဆယ်နှစ်လုံး ကြွေးဆပ်နေရတာပေါ့။

သူ့အိမ်မှာ နွားသွားဖြစ်တယ်၊ ကျွဲသွားဖြစ်တယ် စသည်အား ဖြင့်ပေါ့လေ၊ သူ့အိမ်မှာ တိရစ္ဆာန်သော်လည်းကောင်း၊ အစေအပါး လူသော်လည်းကောင်း သွားဖြစ်ပြီးတော့ နွားကျွဲသက်တမ်းတစ်လျှောက်

http://www.dhammadownload.com

လုံး၊ လှူသက်တမ်းတစ်လျှောက်လုံး ကြွေးဆပ်ရတာပါပဲ။ အင်မတန် ကြောက်စရာ ကောင်းပါတယ်။ ဒီ ကြွေးဆပ်ရတဲ့ ဓာတ်လမ်းတွေ ထည့်ပြောမယ်ဆိုရင်တော့ တရားဆုံးမှာတောင် မဟုတ်တော့ဘူး။ အဲဒီ တော့ ကြွေးကျေအောင် ချေကြပါ။

တချို့ကလည်းပဲ သူများပစ္စည်းယူ၊ ချေးပြီးတော့ စားရတာ တော်တော် ဝါသနာပါတယ် ထင်တယ်နော်။ ကိုယ့်ဘက်က မဆပ် နိုင်တာလည်း မဟုတ်ဘူး၊ ကိုယ်ကြွေးယူထားတဲ့ လူကလည်း ကြောင် ကြောင်ကြီး ရှိနေတယ်။ ကိုယ်နဲ့ အမြဲတမ်း တွေ့နေတယ်။ ဆပ်နိုင်တဲ့ အနေအထားလည်း ကိုယ့်မှာ ရှိတယ်။

ဒါတောင်မှလည်း သူက အဲဒီကြွေးကို မေ့ထားလိုက်တယ်။ သူ့ဆီက တစ်ခါမှ အကြွေးမယူထားသလိုလိုပေါ့လေ။ အပြုံးမပျက်ဘဲ 'အကြွေးဆပ်ပါ' လို့ဆိုရင်တော့ 'ဟာ ဆပ်မှာပေါ့။ ခဏနေပါဦး အဆင်မပြေသေးလို့ပါ၊ ဘာဖြစ်တယ် ညာဖြစ်တယ်' နဲ့ မျက်နှာပြောင် တိုက်ပြီးတော့ ကြွေးမဆပ်ဘဲ ရှောင်လွှဲနေတယ်။ ကြွေးမဆပ်နိုင်လို့ ရှောင်လွှဲနေတာလားဆိုတော့ မဟုတ်ဘူး။ ဆပ်နိုင်ရက်သားကြီးနဲ့။

နောက်တစ်ယောက်ဆီ ထပ်ချေးပြန်တယ်။ အဲဒီလူကိုလည်း ကြွေးပြန်မဆပ်ဘဲ ရှောင်သွားလိုက်ပြန်တယ်။ လူတကာဆီ လိုက်ပြီး တော့ ချေးနေတယ်။ ပြန်လည်းမဆပ်ဘူး။ အဲဒီလို ချေးစားရတာ ဝါသ နာပါတဲ့ လူက မရှိဘူးလား၊ ရှိတယ်နော်။ ချေးစားတယ်ဆိုတာ ချေးထား ပြီး စားတာကို ပြောတာပါနော်။

အံ့သြစရာပါပဲ၊ အလွန် အံ့သြစရာကောင်းပါတယ်။ ပြန်မပေး

http://www.dhammadownload.com

နိုင်တာလည်း မဟုတ်ဘဲနဲ့၊ သူများပစ္စည်း အလကားလိုချင်တဲ့ သဘော ပေါ့လေ။ အဲဒီတော့ သံသရာကို သူမတွေးလို့ပါ၊ အင်မတန် ကြောက် စရာ ကောင်းပါတယ်။

အဲဒီလို လမ်းခွဲခြင်းကတော့ တစ်ယောက်နဲ့ တစ်ယောက် လမ်းခွဲတဲ့အခါ ဝမ်းနည်းရပါတယ်။ ကြွေးယူထားတဲ့သူအနေနဲ့လည်း ဝမ်းသာစရာမကောင်းပါဘူး၊ ဝမ်းနည်းရပါတယ်။ ကြွေးပေးလိုက်တဲ့ သူမှာလည်း ဒေါသဒေါမနဿတွေနဲ့ စိတ်ဆင်းရဲပြီး ဝမ်းနည်းရပါ တယ်။ တစ်ယောက်နဲ့တစ်ယောက် ကြွေးကင်းကင်းရှင်းရှင်းနဲ့ လမ်းခွဲရ ပြီဆိုရင်တော့ ဘယ်သူမှ ဝမ်းနည်းစရာမလိုတဲ့အတွက် နှစ်ဦးနှစ်ဖက် လုံး စိတ်ချမ်းသာရပါတယ်။ ဒါကြောင့်ဆိုလိုက်ပါ။

ကြွေးကင်းလျက်သာ၊ လမ်းခွဲပါ၊ စိတ်မှာဝမ်းမနည်း။

ပိုက်ဆံအကြွေးတင်တာထက်
မေတ္တာအကြွေးတင်တာက
အဆပ်ရပိုခက်ပါတယ်။
ကြွေးဆိုတာကြွေးရှင်နဲ့တွေ့တုန်းပဲ
ဆပ်ခွင့်ရတာလေ။
သံသရာခရီးဖော်တွေအပေါ်
မေတ္တာကြွေးအကျေဆပ်နိုင်ရင်
အနေမြတ်ရုံမက
အသေတတ်ဖို့လည်းသေချာပါတယ်။

http://www.dhammadownload.com



## လွန်သမျှဝန်ချတောင်းပန်ပါတယ် ခွင့်လွှတ်ပါနော်

နောက်ပြီးတော့ မိထွေးတော်ဂေါတမီက မြတ်စွာဘုရားရှင်ကို လျှောက်ထားသွားတဲ့ စကားတွေထဲက တစ်ခုကတော့ ....

'အရှင်ဘုရား၊ တပည့်တော်တို့ အမျိုးသမီးတွေဟာ အပြစ်မျိုးစုံရဲ့တည်ရာ ဖြစ်တယ်လို့ လောကက ပြောကြပါတယ်၊ တပည့်တော်တို့ အမျိုးသမီးတွေဟာ အပြစ်ဖောက်တဲ့ အမျိုးသမီးတွေလို့ ပြောကြပါတယ်။ ဒါကြောင့် တပည့်တော်မှာ တကယ်လို့ အပြစ်တွေများရှိခဲ့ရင် ခွင့်လွှတ်ပါ'

'ဘိက္ခုနီမသာသနာကို ခွင့်မပြုဖို့ အကြိမ်ကြိမ် ငြင်းဆန်တဲ့ အရှင်ဘုရားကို တပည့်တော်က ဘိက္ခုနီသာသနာ ခွင့်ပြုဖို့ အကြိမ်ကြိမ် တောင်းပန်ခဲ့မိပါတယ်ဘုရား။ တောင်းပန်ခဲ့တဲ့အတိုင်းလည်း အရှင်ဘုရားက ခွင့်ပြုခဲ့ပါတယ်။ အဲဒီလို ဘိက္ခုနီမသာသနာ၊ ရဟန်းမသာသနာ ခွင့်ပြုဖို့အတွက် တောင်းပန်ခဲ့တဲ့ကိစ္စမှာ တပည့်တော်မမှာ

http://www.dhammadownload.com

အပြစ်ရှိခဲ့လို့ရှိရင် တပည့်တော်မကို ခွင့်လွှတ်ပါ'

'ပြီးတော့ အရှင်ဘုရားခွင့်ပြုလိုက်တဲ့ ဘိက္ခုနီသာသနာတော်ထဲမှာ အရှင်ဘုရားရဲ့ လမ်းညွှန်ချက်အတိုင်း ဘိက္ခုနီမတွေကို ပြောဆိုဆုံးမ ဩဝါဒပေးတဲ့ကိစ္စမှာလည်းပဲ တပည့်တော်တက်က အမှားအယွင်းတွေများရှိခဲ့ရင် အရှင်ဘုရား ခွင့်လွှတ်တော်မူပါ'

လမ်းခွဲခါနီးမှာ တောင်းပန်သွားခဲ့ပါတယ်။ လမ်းခွဲကြသူတွေလိုက်နာကျင့်သုံးရမယ့် သူတော်ကောင်း ကျင့်ထုံးလေးတစ်ခုပါပဲ။

အဲဒီတော့ တပည့်တော်မ ဘိက္ခုနီသာသနာကို အကြိမ်ကြိမ်ခွင့်တောင်းမိတာ တကယ်လို့များ အပြစ်ရှိရင် ခွင့်လွှတ်ပါဆိုတဲ့ သူမရဲ့ ဘိက္ခုနီမသာသနာဖြစ်လာဖို့ ခွင့်တောင်းခဲ့ပုံလေးကလည်း ကြည်ညိုအားကျစရာ ကောင်းပါတယ်။

ဘိက္ခုနီသာသနာကို ခွင့်ပြုလိုက်တဲ့အချိန်မှာ မိထွေးတော်ဂေါတမီရဲ့အသက်ဟာ ကိုးဆယ့်ငါးနှစ်လောက်ရှိပါပြီ။ မြတ်စွာဘုရားဘုရားဖြစ်ပြီးလို့ ငါးဝါမြောက်၊ မဟာသက္ကရာဇ် (၁၀၈) ခုနှစ်မှာ ဘိက္ခုနီသာသနာ ခွင့်ပြုခဲ့ပါတယ်။

အဲဒီအချိန်မှာ သုဒ္ဓေါဒနမင်းကြီးက အသက်ကိုးဆယ့်ရှစ်နှစ်ရှိပါပြီ။ နန်းတော်ထဲက ထီးဖြူအောက်မှာပဲ အဲဒီ အသက်ကိုးဆယ့်ရှစ်နှစ်အရွယ်မှာ ရဟန္တာဖြစ်ပြီးတော့ အဲဒီနေ့မှာပဲ ထီးဖြူအောက်မှာပဲ ပရိနိဗ္ဗာန်စံသွားပါတယ်။

သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်စံသွားတော့ အသက်ကိုးဆယ့်ငါးနှစ်လောက်ရှိနေပြီဖြစ်တဲ့ မိထွေးတော်ဂေါတမီကြီးက 'ဒီတစ်ခါတော့

http://www.dhammadownload.com

ဘိက္ခုနီ သာသနာ ခွင့်မပြု ပြုအောင် ငါတောင်းပန်မယ်'၊ အရင်က တည်းကိုက သူက တောင်းပန်ပြီသားပါ။ အကြိမ်ကြိမ်တောင်းပန်တယ်၊ မြတ်စွာဘုရားက အကြိမ်ကြိမ် ပယ်ချခဲ့ပါတယ်။

ပယ်ချတယ်ဆိုတာကလည်း လွယ်လွယ်ရရင် တန်ဖိုးမထားမှာစိုးလို့ပါပဲ။ ဘိက္ခုနီမ ခွင့်ပြုပါလို့ပြောလိုက်လို့ ချက်ချင်း ခွင့်ပြုလိုက်ရင် လွယ်လွယ်လေးရတယ်ဆိုတော့ တန်ဖိုးမထားဘဲ နေလိမ့်မယ်။ ခက်ခက်ခဲခဲ တောင်းပန်ပြီးတော့မှရတဲ့ သာသနာဆိုရင်တော့ တန်ဖိုးထားလိမ့်မယ်ဆိုပြီးတော့ မြတ်စွာဘုရားက ခွင့်မပြုသေးဘဲ ထားတာပါ။

အဲဒီတော့ မိထွေးတော်ဂေါတမီကြီး အသက်ကိုးဆယ့်ငါးနှစ်အရွယ်လောက်ရောက်တော့မှ 'ဒီတစ်ခါလည်း ထပ်ပြီး ငြင်းပယ်နေမှာစိုးလို့' ဆိုပြီးတော့ သာကီဝင်မင်းသမီးငါးရာကိုလည်းပဲ၊ မဟာသမယသုတ်မှာပါတဲ့ ရဟန်းဖြစ်သွားကြတဲ့ သာကီဝင်မင်းသားတွေရဲ့ မင်းသမီးငါးရာကိုလည်းပဲ သူတို့ကလည်း ဘိက္ခုနီမပြုချင်တယ်ဆိုတော့ ခေါင်းရိတ်တဲ့ ဆတ္တာသည်ခေါ်ပြီးတော့ ခေါင်းရိတ်လိုက်ကြတယ်။

ခေါင်းရိတ်ပြီးတော့ သင်္ကန်းပရိက္ခရာတွေလည်း ဈေးထဲကဝယ်ပြီးတော့ ကိုယ့်ဘာသာကိုယ်ပဲ သင်္ကန်းဝတ်လိုက်ကြတယ်။ ဝတ်ပြီးတော့ သူတို့နေတဲ့ ကပိလဝတ်ကနေ မြတ်စွာဘုရား သီတင်းသုံးနေတဲ့ ဝေသာလီအထိ ငါးဆယ့်တစ်ယူဇနာခရီးကို ခြေကျင်လျှောက်ကြတယ်။

ရထားနဲ့ သွားမယ်ဆိုရင် သွားလို့ ရပါတယ်။ စီစဉ်ပေးတဲ့ ပုဂ္ဂိုလ်တွေကလည်း စီစဉ်ပေးပါတယ်။ ဒါပေမဲ့ ငါတို့နန်းတော်ကို မြတ်စွာဘုရားကြွတုန်းက ခြေကျင်ခရီးနဲ့ ကြွခဲ့တာ၊ ငါတို့လည်း ခြေကျင်

http://www.dhammadownload.com

ပဲ ကြွမယ်၊ ရထားနဲ့ ကြွမယ်ဆိုရင် ဘုရားကို မလေးစားရာ ရောက်နေမယ်ဆိုပြီးတော့ ငါးဆယ့်တစ်ယူဇနာ၊ တစ်ယူဇနာကို ရှစ်မိုင်နှုန်းနဲ့ တွက်မယ်ဆိုရင် မိုင်ပေါင်း လေးရာ့ရှစ်မိုင်ခရီးကို ခြေကျင်လျှောက်ကြတယ်။

မင်းမျိုးမင်းနွယ် မဟာဆီမဟာသွေးကလည်းဖြစ်၊ အသက်ကလည်း ကိုးဆယ့်ငါးရှိနေပြီဆိုတော့ ခြေထောက်တွေ ဖူးယောင်၊ ခန္ဓာကိုယ်ကလည်း ချွေးတွေ၊ ချေးတွေ၊ အညစ်အကြေးတွေနဲ့၊ မျက်ရည်တွေကလည်း ကျလို့ပေါ့လေ။

အဲဒါ ဝေသာလီမြို့ ဘုရားကျောင်းရှေ့ရောက်တယ်ဆိုရင်ပဲ အထဲထဲ မဝင်ရဲဘူး။ ကိုယ်ကိုယ်တိုင် ကတုံးတုံးပြီတော့ သင်္ကန်းပတ်လာတာဆိုတော့ ဘုရားဆူမှာလည်း ကြောက်တယ်။ ကြောက်တော့ ကျောင်းပေါက်ဝမှာပဲ ထိုင်ပြီးတော့ ငိုနေကြတယ်။

အရှင်အာနန္ဒာက တွေ့သွားလို့ ဘုရားကို သွားလျှောက်ပေးတယ်။ မြတ်စွာဘုရားက သုံးကြိမ်တိုင် ပယ်ချတယ်။ နောက်ဆုံးတော့ အရှင်အာနန္ဒာက ပရိယာယ်နည်းတစ်မျိုးနဲ့ လျှောက်မှပဲဆိုပြီးတော့ ....

'အရှင်ဘုရား၊ အမျိုးသမီးတွေ သာသနာ့ဘောင်မှာ ရဟန်းပြုကြရင်ကော သောတာပန်၊ သကဒါဂမ်၊ အနာဂါမ်၊ ရဟန္တာ မဖြစ်နိုင်ဘူးလားဘုရား'

'ဖြစ်နိုင်ပါတယ် အာနန္ဒာ'

'ဒါဆိုရင် မိထွေးတော်ဂေါတမီဟာ အရှင်ဘုရားအပေါ်မှာ အင်မတန်ကျေးဇူးများတဲ့ ပုဂ္ဂိုလ်ပါ။ မယ်တော်မာယာ နတ်ရွာစံသွားတဲ့

http://www.dhammadownload.com

အချိန်ကစပြီးတော့ နို့ချိုတိုက်ကျွေးခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ရေမိုး သန့်စင်ပေး၊ အစာရေစာ ခွံ့ကျွေးပြီးတော့ ပြုစုစောင့်ရှောက်ခဲ့တဲ့သူ ဖြစ်ပါတယ်'

'မိထွေးတော်ကြီးရဲ့ ကျေးဇူးတရားတွေ ကြီးမားလွန်းလို့ ဒီကျေးဇူးတွေ ထောက်ထားငဲ့ညှာသောအားဖြင့်၊ အမျိုးသမီးတွေ ရဟန်း ပြုခြင်းကြောင့်လည်း သောတာပန်၊ သကဒါဂမ်၊ အနာဂါမ်၊ ရဟန္တာဖြစ် နိုင်တယ်ဆိုတော့ ဘိက္ခုနီသာသနာ အရှင်ဘုရား ခွင့်ပြုတော်မူလိုက်ပါ ဘုရား။ မိထွေးတော်ကြီး သနားပါတယ်'

အဲဒီလို အရှင်အာနန္ဒာ အလျှောက်ကောင်းသွားတော့ မြတ်စွာ ဘုရားကလည်း ခွင့်ပြုလိုက်ပါတယ်။ ဒါပေမဲ့ လွယ်လွယ်တော့ ခွင့်မပြု ပါဘူး။

'ဂရုဓမ်ရှစ်ပါးလို့ခေါ်တဲ့ အလေးအနက် လိုက်နာကျင့်သုံးရမယ့် တရားရှစ်ပါးကို ဦးထိပ်ပန်ဆင်ပြီးတော့ ရာသက်ပန် လိုက်နာမယ်ဆိုရင် တော့ ခွင့်ပြုပါမယ်'

အဲဒါကို ပြန်ပြောလိုက်တာ မိထွေးတော်ဂေါတမီကလည်း ရှစ်ပါးမကလို့ အပါးရှစ်ဆယ်ပဲဖြစ်ဖြစ်၊ အပါးရှစ်ထောင်ပဲဖြစ်ဖြစ် လိုက်နာပါ့မယ်ဆိုပြီးတော့ ဂရုဓမ်ရှစ်ပါးကို လေးစားစွာ လိုက်နာလိုက် ပါတယ်။ ခံယူလိုက်ပါတယ်။

ဂရုဓမ္မ၊ ဂရုဆိုတာ အလေးအနက် , လေးလေးစားစား၊ ဓမ္မ ဆိုတာ တရားပါပဲ၊ ဂရုဓမ္မဆိုတော့ အလေးအနက် လိုက်နာရမယ့် တရားပေါ့။ ဂရုဓမ္မ = ဂရုဓမ် = အလေးအနက် လိုက်နာရမယ့်

http://www.dhammadownload.com

တရားရှစ်ပါးကို မိထွေးတော်ဂေါတမီ ခံယူလိုက်တာနဲ့ တစ်ပြိုင်နက်တည်း သူလည်းပဲ ဘိက္ခုနီမ အလိုလို ဖြစ်သွားပါတယ်။ ခုန အရှင်မဟာကဿပလိုပါပဲ။

'အဋ္ဌဂရုဓမ္မပဋိဂ္ဂဟာဏာဉပသမ္ပဒါ' လို့ ခေါ်ပါတယ်။ သာသနာမှာ သူတစ်ယောက်ပဲ ရှိပါတယ်။ ကျန်တဲ့ သာကီဝင်မင်းသမီးငါးရာကတော့ သိမ်ဝင် ကမ္မဝါဖတ်ပြီးတော့မှ ရဟန်းပြုရပါတယ်။ မိထွေးတော်ကြီးကတော့ သိမ်ဝင် ကမ္မဝါဖတ်စရာမလိုဘူး၊ ဂရုဓမ္မ အလေးအနက်တရားရှစ်ပါးကို ခံယူလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ရဟန်းမ ဖြစ်သွားတယ်။

ဒီရှစ်ပါးကတော့ ပြောနေဖို့ အချိန်မရတော့ဘူး။ ဒါပေမဲ့ ပထမဆုံးအချက်နဲ့ နောက်ဆုံးအချက်ကတော့ တရားနာပရိသတ်များ ဆင်ခြင်စဉ်းစားဖို့နဲ့ လိုက်နာကျင့်သုံးဖို့ကောင်းတဲ့ အတွက်ကြောင့် ပြောပြချင်ပါတယ်။

ပထမဆုံးအချက်ကတော့ ....

'ဝါတစ်ရာ၊ သိက္ခာတော် , ဝါတော် တစ်ရာရှိနေတဲ့ ဘိက္ခုနီမဖြစ်စေကာမူ ဒီကနေ့မှ ရဟန်းပြုလာတဲ့၊ ဒီကနေ့မှ သိမ်က ထွက်လာတဲ့ ရဟန်းအသစ်ကို၊ ပုထုဇဉ် ရဟန်းအသစ်ကို ရှိခိုးရမယ်၊ ခရီးဦးကြိုဆိုရမယ်၊ လက်အုပ်ချီရမယ်၊ အရိုအသေပြုရပါမယ်။ ဒီအချက်ကိုလည်း ရာသက်ပန်အသက်ထက်ဆုံး လိုက်နာကျင့်သုံးရပါမယ်'

ဘိက္ခုနီမတစ်ပါးဟာ ဝါတော်တစ်ရာရနေတဲ့ ရဟန္တာထေရီမကြီးဖြစ်နေစေကာမူ ကိလေသာတွေ တင်းကျမ်းပြည့်နေတဲ့၊ ဒီကနေ့မှ

http://www.dhammadownload.com

ရဟန်းပြုလာတဲ့ ပုထုဇဉ်ရဟန်းတော်လေးကို ဘာလုပ်ရမတဲ့လဲ၊ ရှိခိုး ရမယ်တဲ့။

ကိုယ်က ရဟန္တာလည်း ဖြစ်နေပြီ၊ ဝါတော်ကလည်း တစ်ရာ တောင် ရနေပြီ၊ ဒါတောင်မှပဲ ပုထုဇဉ်ရဟန်းကို၊ အခုမှ တစ်ရက်ပဲ၊ အခုမှ နာရီပိုင်းပဲ ရှိသေးတဲ့ ပုထုဇဉ်ရဟန်းကို ရှိခိုးရမယ်။

ဒီအချက်ဟာ အလေးအနက် စဉ်းစားရမယ်။ ရဟန္တာလည်း ဖြစ်၊ ဘိက္ခုနီလည်းဖြစ်တဲ့ ထေရီမကြီးတောင်မှ ပုထုဇဉ်အသစ်စက်စက် ရဟန်းကျပ်ချွတ်လေးကို ရှိခိုးရတယ်ဆိုရင် လူဝတ်ကြောင် သောတာပန်၊ သကဒါဂမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တွေက ဒီကနေ့မှ၊ အခုမှ သိမ်က ထွက်လာတဲ့ ရဟန်းကို ရှိခိုးသင့် မရှိခိုးသင့်၊ အရိုအသေပေးသင့် မပေး သင့်၊ လက်အုပ်ချီသင့် မချီသင့်၊ ခရီးဦးကြိုဆိုသင့် မကြိုဆိုသင့်။ ရှိခိုး သင့်ပါတယ်၊ အရိုအသေပေးသင့်ပါတယ်၊ လက်အုပ်ချီသင့်ပါတယ်၊ ခရီးဦးကြိုဆိုသင့်ပါတယ်။

ဒါက ဘုရားပညတ်လို့ လိုက်နာရတာမဟုတ်ပါဘူး။ တကယ့် သောတာပန်စစ်စစ်၊ တကယ့် သကဒါဂမ်စစ်စစ်၊ တကယ့် အနာဂါမ် စစ်စစ်ဆိုရင်တော့ ဘုရားပညတ်ချက်ကြောင့် မဟုတ်ဘဲ ပင်ကိုစိတ် သက်သက်နဲ့ကို ရဟန်းတော်များကို ရှိခိုးမှု၊ အရိုအသေပေးမှု၊ လက်အုပ် ချီမှု၊ ခရီးဦးကြိုဆိုမှု ပြုလုပ်ပါတယ်။ ကိုယ့်စိတ်နဲ့ကိုယ် အလိုအလျောက် ပြုလုပ်ပါတယ်။ မပြုလုပ်ချင်တဲ့စိတ် လုံးဝမရှိပါဘူး။

ရဟန္တာပုဂ္ဂိုလ်ကို ဘာလို့ ထည့်မပြောတာလဲဆိုတော့ လူဝတ် ကြောင်ဘဝနဲ့ ရဟန္တာဖြစ်လည်း ကြာကြာမရှိနိုင်ဘူး။ ဒီနေ့ ရဟန္တာဖြစ်၊

http://www.dhammadownload.com

ဒီနေ့ပဲ သာသနာဘောင်ဝင်ရင်ဝင်၊ မဝင်ရင် ဒီနေ့ပဲ ပရိနိဗ္ဗာန်စံရတယ်။ ဒါကြောင့် လူဝတ်ကြောင်ဘဝနဲ့ ရဟန္တာတစ်ယောက် အကြာကြီးရှိနေတယ်၊ အကြာကြီး အသက်ရှင်နေတယ် ဆိုတာ မရှိဘူး၊ 'သူကတော့ ရဟန္တာလူဝတ်ကြောင်ကြီးပဲ' လို့ လက်ညှိုးထိုးပြစရာ မရှိဘူး။

ဒါကြောင့် လူဝတ်ကြောင်ဘဝနဲ့ အမြင့်ဆုံးရှိနိုင်တာက အနာဂါမ်ပဲ။ ရဟန္တာမဖြစ်နိုင်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်။ ဖြစ်တော့ ဖြစ်တယ်၊ ဒါပေမဲ့ ကြာကြာနေလို့ မရလို့ မရှိဘူးလို့ ပြောတာ။

အဲဒီတော့ အနာဂါမ်ဖြစ်တဲ့ လူဝတ်ကြောင် အမျိုးသား၊ အမျိုးသမီးကတောင်မှ ဒီနေ့မှ ရဟန်းဖြစ်တဲ့ ပုထုဇဉ်၊ ကိလေသာ တင်းကျမ်းရှိတဲ့ ပုထုဇဉ်လေးကို ရှိခိုးရပါတယ်။

ဒီစကား ဘာကြောင့် ပြောရသလဲဆိုတော့ ယနေ့ခေတ်မှာ တချို့က ရိပ်သာလေး ခုနစ်ရက်လောက် ဝင်လိုက်ရရုံနဲ့၊ ရိပ်သာလေး ဆယ်ရက်လောက် ဝင်လိုက်ရရုံနဲ့၊ ပဋ္ဌိပတ်နဲ့ပတ်သက်တဲ့ ဗဟုသုတလေးတွေ အသင့်အတင့်ရှိလိုက်ရုံနဲ့ ....

'ဟို စာသင်တိုက်က ကိုယ်တော်တွေ တို့လောက်တောင် ပဋ္ဌိပတ္တိဗဟုသုတမရှိပါဘူး၊ တို့လောက် ခန္ဓာဉာဏ် မရောက်ပါဘူး။ တို့လောက် သစ္စာတွေ မမြင်ပါဘူး၊ တို့လောက် ပဋ္ဌိစ္စသမုပ္ပါဒ် နားမလည်ပါဘူး။ ရှိခိုးနေစရာ မလိုပါဘူး'

လို့ ပြောတတ်ကြပါတယ်။ အဲဒီလို ပြောတဲ့လူဝတ်ကြောင်တွေ မရှိကြဘူးလား၊ ရှိပါတယ်။

'ဒီကိုယ်တော်တွေ တို့လောက် ဘာမှသိတာ မဟုတ်ပါဘူး'

http://www.dhammadownload.com

တချို့ကျတော့ ကိုယ်ကိုယ်တိုင် သောတာပန်လည်း မဖြစ်သေးဘဲနဲ့ ကိုယ့်ကိုယ်ကို သောတာပန်ကြီး ဖြစ်နေသလိုလို အထင်ရောက်ပြီးတော့ 'ငါက သောတာပန်၊ သူက ပုထုဇဉ်ကိုယ်တော်၊ ရှိခိုးစရာမလိုပါဘူး' လို့ ဒီလိုလည်း ပြောတတ်ကြတယ်။

တကယ့် သောတာပန်စစ်စစ်ကတော့ ဘုရားက ရှိခိုးပါလို့ ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ ရဟန်းသာ မြင်ရင် အခုမှ ဖြစ်တဲ့ ရဟန်းပဲဖြစ်ဖြစ်၊ ဒက်ချေးလေးနဲ့ ကိုရင်လေးပဲဖြစ်ဖြစ်၊ ရှိခိုးတာပါပဲ။ ရဟန်းဆိုတာ အသာထား၊ ကိုရင်လေးကိုတောင် ရှိခိုးရပါတယ်။ ဒါက ဘိက္ခုနီကို ပြောတာမဟုတ်ပါဘူး။ လူ့ဝတ်ကြောင်ကို ပြောတာပါ။

လူ့ဝတ်ကြောင်မှန်သမျှ ဒီနေ့မှ ရဟန်းဖြစ်တဲ့ ရဟန်းကိုရော၊ အခုမှ သရဏဂုံယူပြီးတော့ ဖြစ်လာတဲ့ ကိုရင်လေးကိုရော ရှိခိုးရပါတယ်။ ဒါက ဆင်ခြင်စဉ်းစားဖို့နဲ့ လိုက်နာကျင့်သုံးဖို့ပါ။

သောတာပန်၊ သကဒါဂမ်၊ အနာဂါမ် အစစ်မဖြစ်ဘဲနဲ့ ကိုယ့်ကိုယ်ကို သောတာပန်၊ သကဒါဂမ်၊ အနာဂါမ်လို့ ထင်နေတဲ့ ပုဂ္ဂိုလ်တွေကိုသာ ပြောတာပါ။ ထင်နေတဲ့ ပုဂ္ဂိုလ်တွေက ထင်တစ်လုံးနဲ့ ရှိမခိုးဘဲနေနေကြပါတယ်။ တကယ့် အစစ်ကတော့ မရှိခိုးဘဲ မနေပါဘူး။ ဘုရားက မရှိခိုးပါနဲ့ခိုင်းလည်း ရှိခိုးမှာပါပဲ။

http://www.dhammadownload.com



## အပြစ်မရှိမှတော့
## ခွင့်လွှတ်နေဖို့ လိုသေးလို့လားကွယ်

ဂရုဓမ်ရှစ်ပါးထဲက  နောက်ဆုံးအချက်ကတော့ ....

'ရဟန်းမဖြစ်တဲ့ ဘိက္ခုနီတွေက ရဟန်းဖြစ်တဲ့ ဘိက္ခုယောကျ်ားတွေကို ဘယ်တော့မှ ဆုံးမ ဩဝါဒမပေးရပါဘူး။ ဘိက္ခုဖြစ်တဲ့ ရဟန်းယောကျ်ားတွေကသာလျှင် ရဟန်းမိန်းမ၊ ဘိက္ခုနီမတွေကို ဆုံးမ ဩဝါဒပေးရပါမယ်'

ဒါနောက်ဆုံးအချက်ပါပဲ၊ ရှစ်ခုမြောက်အချက်ပါပဲ။ ဘိက္ခုနီထေရီမတွေက ဘိက္ခုရဟန်းတော်တွေကို ဩဝါဒမပေးရဘူး။ ဆိုလိုတာကတော့ 'ရဟန်းမိန်းမတွေက ရဟန်းယောကျ်ားတွေကို ဩဝါဒမပေးရဘူး၊ ဆုံးမစရာမလိုဘူး' လို့ ဆိုလိုပါတယ်။

ဒီအချက်ကတော့ ရဟန်းတော်တွေကို ဆရာလုပ်တာ ဝါသနာပါတဲ့ ဒကာတချို့၊ ဒကာမတချို့အတွက် ဆင်ခြင်စဉ်းစားဖို့နဲ့ လိုက်နာကျင့်သုံးဖို့အတွက် ဝေငှခြင်းဖြစ်ပါတယ်။

http://www.dhammadownload.com

သာသနာပြုတယ်ဆိုတာက 'ဆရာဒကာ' လက်တွဲပြီးတော့ သာသနာပြုရပါတယ်။ 'ဒကာဆရာ' လက်တွဲပြီးတော့ သာသနာပြုရမှာ မဟုတ်ပါဘူး။ ဆရာက ရှေ့၊ ဒကာက နောက် ဖြစ်ရပါတယ်။ ဒကာက ရှေ့၊ ဆရာက နောက် မဖြစ်ရပါဘူး။

ဆရာရဲ့ အဆုံးအမအတိုင်း၊ ဆရာရဲ့ လမ်းညွှန်ချက်အတိုင်း ဒကာက လိုက်နာပြီးတော့ သာသနာပြုရပါတယ်။ ဒကာ ဆုံးမတဲ့ အတိုင်း၊ ဒကာ လမ်းညွှန်တဲ့အတိုင်း ဆရာက လိုက်နာပြီးတော့ သာသနာပြုရတာ မဟုတ်ပါဘူး။

'ဆရာဒကာ' လက်တွဲမှ သာသနာတည်မြဲပါတယ်၊ 'ဒကာဆရာ' လက်တွဲနေရင်တော့ သာသနာဆုတ်ယုတ်ပါမယ်။ ဂရုစမ်ရှုစ်ပါးထဲက နောက်ဆုံးအချက်ကို အလေးအနက်ထားပါ။ ရဟန်းမတွေကတောင် ရဟန်းတွေကို ဩဝါဒမပေးရဘူးဆိုတော့ လူဝတ်ကြောင်တွေက ရဟန်းတွေကို ဩဝါဒပေးဖို့ လိုသလား၊ မလိုပါဘူး။

တစ်ခါတစ်ရံမှာ အကျိုးလိုလားတဲ့စိတ်နဲ့ သတိပေးသင့်၊ သတိပေးထိုက်တဲ့ အချက်အလက်တွေ သတိပေးတာကတော့ တစ်မျိုးပေါ့နော်။ အထက်စီးကနေ ဆုံးမဩဝါဒ မပေးဖို့ကို ပြောတာပါ။

သတိပေးတာနဲ့ ဆရာလုပ်တာနဲ့လည်း ကွဲပြားဖို့ လိုပါတယ်။ တစ်ဖက်သားရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ခွင့်ကို လုံးဝမပေးဘဲ ကိုယ်ဖြစ်ချင်တဲ့အတိုင်း လုပ်ခိုင်းတာကို ဆရာလုပ်တယ်လို့ ခေါ်ပါတယ်။ ကိုယ်ဖြစ်စေချင်တဲ့ဆန္ဒကို အကြံဉာဏ်သဘောမျိုးလောက်ပဲ ပြောပြပြီး တစ်ဖက်သားရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ခွင့်ကို

http://www.dhammadownload.com

အပြည့်ပေး၊ သူဖြစ်ချင်တဲ့အတိုင်း လုပ်ခွင့်ပေးတာကိုတော့ သတိပေးတယ်လို့ ခေါ်ပါတယ်။

'ဒီလိုလုပ်ပါ' ဆိုတာက ဆရာလုပ်သူရဲ့ အမိန့်ပေးမှုပါ။ 'ဒီလိုလုပ်ရင် ပိုမျှား ကောင်းမလားပဲ' ဆိုတာက သတိပေးသူရဲ့ အကြံဉာဏ်ပေးမှုပါပဲ။ ဆရာလုပ်တာကို သတိပေးတာလို့ စကားလုံးလှလှနဲ့ အကာအကွယ် မယူမိဖို့ အရေးကြီးပါတယ်။

အဲဒီလိုအားဖြင့်ပေါ့လေ၊ ရဟာန်းမ၊ ဘိက္ခုနီသာသနာခွင့်ပြုဖို့အတွက် 'မယ်တော်ကြီးဂေါတမီ' ခွင့်တောင်းခဲ့ပါတယ်။ မိထွေးတော်ဂေါတမီရဲ့ ဂုဏ်ပုဒ်ကို ဗုဒ္ဓမာတာ၊ ဘုရားမယ်တော်လို့ ကင်ပွန်းတပ်ထားပါတယ်။

ဘုရားလက်ထက်ကလည်း သူ့ကို 'မိထွေးတော်၊ မိထွေးတော်' လို့ ဘယ်သူမှမခေါ်ပါဘူး၊ 'မယ်တော်ကြီး၊ မယ်တော်ကြီး' လို့ ခေါ်တာပါ၊ ဘုရားရဲ့ မယ်တော်ကြီးပါ။ ဒါကြောင့် ....

'မယ်တော်ကြီးမှာ ပင်ပန်းဆင်းရဲခံပြီးတော့ ဘိက္ခုနီသာသနာခွင့်ပြုဖို့အရေး သားတော်ဘုရားကို အကြိမ်ကြိမ်အခါခါ ဖွတ်တိုးပြီးတော့လျှောက်ထားမိပါတယ်ဘုရား၊ အဲဒီလို ဘိက္ခုနီသာသနာခွင့်ပြုဖို့အတွက်တောင်းပန်မိတာ အပြစ်များရှိခဲ့လျှင် ခွင့်လွှတ်တော်မူပါဘုရား'

ဒီတော့ မြတ်စွာဘုရားရှင်ကလည်း ....

အက္ခန္တေ နာမ ခန္တဗ္ဗံ၊ ကိံ ဘဝေ ဂုဏဘူသနေ။

'မယ်တော်ကြီးရယ်၊ မယ်တော်ကြီးမှာ ခွင့်လွှတ်ဖို့ဆိုတဲ့ အပြစ်မှမရှိတာပဲ၊ အပြစ်မရှိတဲ့သူကို ခွင့်လွှတ်ဖို့ဆိုတာလည်း မလိုပါဘူး။

http://www.dhammadownload.com

သည်းခံစရာ ဘာမှမရှိပါဘူး’

အဲဒီလို ပြန်လည်မိန့်ကြားတော်မူပါတယ်။ ဒီအချက်ကလေးကလည်း လမ်းခွဲကြမယ့်သူတွေ လိုက်နာကျင့်သုံးစရာပါ။

တစ်ယောက်နဲ့တစ်ယောက် ရှင်ကွဲခွဲပြီး လမ်းခွဲကြတဲ့အခါမှာပဲဖြစ်ဖြစ်၊ သေကွဲခွဲပြီး လမ်းခွဲကြတဲ့အခါမှာပဲဖြစ်ဖြစ်၊ တစ်ယောက်ကိုတစ်ယောက် တောင်းပန်မှုတွေနဲ့ လမ်းခွဲရပါမယ်။ တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်ခြင်းတွေနဲ့ လမ်းခွဲရပါမယ်။

ကိုယ့်မှာ တစ်ဖက်သား ခွင့်မလွှတ်နိုင်လောက်စရာ အပြစ်တွေရှိနေရင်လည်း ‘အဲဒီအပြစ်တွေကို ခွင့်လွှတ်ပါ’ လို့ မာနတွေ သားချထားပြီး တောင်းပန်ဖို့ လိုအပ်ပါတယ်။ တစ်ဖက် ကာယကံရှင်ကလည်း ခွင့်လွှတ်ကျေအေးရပါမယ်။

ဖြစ်နိုင်ရင်တော့ ခွင့်လွှတ်စရာမလိုလောက်အောင် အပြစ်ကင်းနေရပါမယ်။ ခွင့်လွှတ်တယ်ဆိုတာက အပြစ်ရှိလို့ ခွင့်လွှတ်ရတာပါ။ အပြစ်မှ မရှိဘူးဆိုရင်တော့ ဘာမှ ခွင့်လွှတ်နေစရာမလိုပါဘူး။

ဒါကြောင့် ဘဝတစ်ကွေ့ ခဏတွေ့ရတဲ့ ဦးပဥ္စင်းတို့တစ်တွေတစ်ယောက်နဲ့ တစ်ယောက် အသက်ထင်ရှားရှိပြီးတော့ ချစ်ခင်ပေါင်းသင်းဆက်ဆံနေကြတဲ့အခါမှာ တစ်ယောက်စိတ်ဆိုးမယ့် အပြုအမူအပြောအဆိုတွေ၊ တစ်ယောက်ခွင့်မပြုနိုင်လောက်တဲ့ အပြုအမူ အပြောအဆိုတွေကို မပြုမိအောင်၊ မပြောမိအောင် သတိပညာနဲ့ ဆင်ခြင်ထိန်းသိမ်းပြီးတော့ နေကြရမယ်။

မလွှဲမရှောင်သာ ကိလေသာတွေနဲ့တွဲပြီးတော့ ပြစ်မှားမိတာ

http://www.dhammadownload.com

လေးတွေ ရှိခဲ့ရင်၊ အပြစ်တွေရှိခဲ့ရင်လည်း နှုတ်မနေးဘဲ ခွင့်လွှတ်ဖို့ တောင်းပန်တတ်ရတယ်။ တစ်ဖက်က ခွင့်လွှတ်တာ၊ ခွင့်မလွှတ်တာ ကိုယ်နဲ့ မဆိုင်ဘူးပေါ့၊ ကိုယ့်ဘက်ကတော့ တောင်းပန်ရမယ့် တာဝန်ရှိပါတယ်။

မိထွေးတော်ဂေါတမီကြီးက မြတ်စွာဘုရားရှင်လည်း ပရိနိဗ္ဗာန်မစံခင်၊ ကိုယ်လည်း ပရိနိဗ္ဗာန်မစံခင် တောင်းပန်ခဲ့ပါတယ်။

ဦးပဥ္ဇင်းတို့တစ်တွေလည်းပဲ တစ်စုံတစ်ယောက် သေသွားမှ တောင်းပန်နေမယ့်အစား မသေခင်ကတည်းကိုက တောင်းပန်ထားဖို့လိုအပ်ပါတယ်။ သေမှ တောင်းပန်နေလို့လည်း သိပ်အကျိုးထူးမှာမဟုတ်တော့ပါဘူး။

ဒီတော့ လူတစ်ယောက် နက်ဖြန်သေမယ်၊ ခဏနေသေမယ် ဆိုတာလည်း ကြိုပြီး သိနိုင်တာလည်း မဟုတ်တော့ တစ်ယောက်နဲ့ တစ်ယောက် တွေ့တိုင်း၊ တွေ့တိုင်း၊ တွေ့ပြီးလို့ ခွဲခွာတိုင်း ခွဲခွာတိုင်း တောင်းပန်ကြရမှာပေါ့။

ကဲ၊ ဆိုပါတော့၊ ဒီနေ့ ဦးပဥ္ဇင်း တရားဟောတယ် ဆိုပါတော့၊ အခု နှစ်နာရီလောက် တရားဟောတဲ့အထဲမှာ ဦးပဥ္ဇင်းဘက်က ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ တရားနာပရိသတ်များအပေါ် ပြစ်မှားမိတာလေးတွေပါသွားခဲ့ရင် ခွင့်လွှတ်ပါလို့ဆိုပြီးတော့ ဒီလို တောင်းပန်ရမယ်ပေါ့။

တရားနာပရိသတ်များဘက်ကလည်းပဲ အရှင်ဘုရားအပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ တရားနာနေတဲ့ အခိုက်အတန့်မှာပဲဖြစ်ဖြစ် ဒီနေ့ဒီအချိန်မှာ ပြစ်မှားခဲ့မိရင် ခွင့်လွှတ်ပါ စသည်အားဖြင့်

http://www.dhammadownload.com

ပေါ့လေ။

တစ်ယောက်နဲ့ တစ်ယောက် ခေတ္တခဏ တွေ့ဆုံပြီးတော့ ခဏတစ်ဖြုတ် လမ်းခွဲတဲ့အခါမှာပဲဖြစ်ဖြစ်၊ ဥပမာ ဆိုပါတော့ ဒကာ ဒကာမက ကျောင်းလာဖူးတယ်၊ ဖူးပြီးတော့ တရားစကား နားထောင်ပြီး တော့ ပြန်သွားတယ်။ အဲဒီလို လမ်းခွဲကြရတဲ့အခါမျိုးမှာပဲ ဖြစ်ဖြစ်ပေါ့။ တစ်ယောက်နဲ့တစ်ယောက် လမ်းခွဲကြတဲ့အခါတိုင်းမှာ အပြစ်ရှိရင် ခွင့်လွှတ်ဖို့ အမြဲတမ်းတောင်းပန်ဖို့ အကျင့်မွေးမြူထားရမယ်။

ဆိုပါတော့၊ သိပ်ချစ်ကြတဲ့ ဇနီးမောင်နှံနှစ်ဦးပင် ဖြစ်စေကာမူ ညအိပ်ရာဝင်ပြီး သူလည်းပဲ အိပ်တော့မယ်၊ ကိုယ်လည်းပဲ အိပ်တော့ မယ်ဆိုရင် လမ်းခွဲရပြီ။ အိပ်ပျော်သွားပြီဆိုမှတော့ သူလည်းပဲ ပစ္စုပ္ပန်မှာ အာရုံမရှိတော့ဘူး၊ ကိုယ်လည်းပဲ ပစ္စုပ္ပန်မှာ အာရုံမရှိတော့ဘူး၊ စုတိစိတ် ကျစဉ်တုန်းက ယူခဲ့တဲ့ အာရုံကို ပြန်ယူပြီးတော့ ဘဝင်စိတ်တွေ ကျ နေမယ်။

ဒီတော့ အိပ်ပျော်သွားတဲ့အချိန်ဟာ သိပ်ချစ်ကြတဲ့ ဇနီးမောင်နှံ နှစ်ယောက် တစ်ခုတင်ထဲပင် အိပ်နေစေကာမူ လမ်းခွဲနေတာပါပဲ။ ဒီတော့ အိပ်ရာမဝင်ခင်၊ အိပ်မပျော်သေးခင်မှာပဲ ....

'ကဲ ဒီနေ့ မင်းအပေါ်မှာ ငါ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားတာရှိရင် ခွင့်လွှတ်ပါ'

'ခွင့်လွှတ်ပါတယ်'

'ကျွန်မကလည်းပဲ မောင့်အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနော ကံနဲ့ ပြစ်မှားတာရှိရင်ခွင့်လွှတ်ပါ'

http://www.dhammadownload.com

'ခွင့်လွှတ်ပါတယ်'

စသည်အားဖြင့် တစ်ယောက်နဲ့တစ်ယောက် အပြစ်တွေကို တောင်းပန်ဖို့ မလိုအပ်ဘူးလား၊ လိုအပ်ပါတယ်။ ညအိပ်ပြီးတော့ တစ်ယောက်ယောက်က နောက်တစ်နေ့ မနက် သေသွားခဲ့ရင် ဘယ်လိုလုပ်မလဲ၊ မတောင်းပန်လိုက်ရဘူးဆိုရင်ပေါ့လေ။

ဒါကြောင့် ဘယ်လိုနည်းနဲ့ပဲ လမ်းခွဲကြ၊ လမ်းခွဲကြ၊ ခေတ္တခဏပဲ လမ်းခွဲလမ်းခွဲ၊ ခဏတစ်ဖြုတ်ပဲ လမ်းခွဲလမ်းခွဲ၊ အပြီးအပိုင်ပဲ လမ်းခွဲလမ်းခွဲ၊ လမ်းခွဲတိုင်း လမ်းခွဲတိုင်း အပြစ်ရှိရင် ခွင့်လွှတ်ဖို့ တောင်းပန်ရမယ်။ တောင်းပန်စရာမလိုအောင်လည်း တစ်ယောက်နဲ့တစ်ယောက် နားလည်ခွင့်လွှတ်ခြင်းတွေနဲ့ ပေါင်းသင်းဆက်ဆံကြရမယ်။

အဲဒီတော့ နေ့စဉ်နဲ့အမျှ ထိတွေ့ဆက်ဆံနေကြတဲ့ ပုဂ္ဂိုလ်တွေ တစ်ဦးနဲ့တစ်ဦး ခွင့်လွှတ်တဲ့စိတ်၊ နားလည်တဲ့စိတ်၊ စာနာတဲ့စိတ်၊ ညှာတာထောက်ထားတဲ့စိတ်တွေနဲ့ ပေါင်းသင်းဆက်ဆံကြမယ်ဆိုရင် မိမိတို့ရဲ့လမ်းခွဲဟာ ဝမ်းနည်းစရာမလိုတော့ပါဘူး။

ဒါကြောင့် ဆိုလိုက်ပါ။

ခွင့်လွှတ်လျက်သာ၊ လမ်းခွဲပါ၊ စိတ်မှာဝမ်းမနည်း။

http://www.dhammadownload.com



## အတွဲမှန်သမျှ အကွဲရဲ့လမ်းစပါပဲ

မိထွေးတော်ဂေါတမီထေရီမကြီးက 'ဒီအချိန်ဟာ ပျော်ရမယ့်အချိန်ပါ၊ ဝမ်းနည်းရမယ့်အချိန် မဟုတ်ဘူး' လို့ပြောတော့ သူက ရဟန္တာမို့လို့ ပြောအားရှိတာပေါ့၊ သူက ရဟန္တာဆိုတော့ ခံနိုင်ရည်ရှိတာပေါ့လို့ ထင်နေကြဦးမယ်။

ရဟန္တာဖြစ်မှမဟုတ်ပါဘူး၊ ပုထုဇဉ်အဖြစ်နဲ့လည်း စိတ်ဓာတ်ရင့်ကျက်မယ်၊ အသိဉာဏ်မြင့်တက်မယ်ဆိုရင် လမ်းခွဲခြင်းတွေအပေါ်မှာ ဝမ်းမနည်းဘဲ ခံနိုင်ရည်ရှိသွားတတ်ပါတယ်။

အဲဒီတော့ ပုထုဇဉ်အဆင့်မှာပင် ရှိစေကာမူ စိတ်ဓာတ်ရင့်ကျက်၊ အသိဉာဏ်မြင့်တက်နေတယ်ဆိုရင် သေကွဲခွဲရတဲ့ လမ်းခွဲခြင်းမှာတောင် ဝမ်းမနည်းတော့ပါဘူး။ ဒါကတော့ တရားနာပရိသတ်အများစုကြားဖူးတဲ့ ဝတ္ထုကြောင်းလေးတစ်ခုရှိပါတယ်။ ဘယ်နှကြိမ် နားထောင်ရ နားထောင်ရ၊ ဘယ်နှကြိမ် ဖတ်ရ၊ ဖတ်ရ မရိုးနိုင်ပါဘူး။ ကြည်ညိုလို့

http://www.dhammadownload.com

လည်း မဆုံးပါဘူး။

တစ်ခါတုန်းက ပုဏ္ဏားကြီးတစ်ယောက်နဲ့ သူ့ရဲ့သားတို့ လယ်ထွန်နေကြတယ်။ သားဖြစ်သူက အမှိုက်တွေကို ကောက်စုပြီးတော့ မီးရှို့နေတယ်။ မီးခိုးတွေက အနားနားက တောင်ပို့ထဲ ဝင်သွားတော့ တောင်ပို့ထဲက မြွေက မီးခိုးမွန်၊ မျက်စိစပ်တော့ စိတ်ဆိုးပြီတော့ မီးရှို့နေတဲ့ သားကို တအားကုန် ခဲပြီးတော့ ပေါက်လိုက်တယ်။ ချက်ချင်းပဲ လဲကျသေဆုံးသွားတယ်။

ဒါကို ဖခင်ပုဏ္ဏားကြီးက မြင်တော့ သူ့သားအလောင်းနားလာပြီးတော့ အလောင်းကို သစ်ပင်အောက်ကို ရွှေ့ထားလိုက်ပါတယ်။ လုံးဝမျက်ရည်မကျပါဘူး၊ လုံးဝမငိုပါဘူး။ ဆက်ပြီးတော့ လယ်ထွန်မြဲထွန်နေပါတယ်။

'သြော် ပျက်တတ်တဲ့သဘော ပျက်သွားတာပဲ၊ သေတတ်တဲ့သဘော သေသွားတာပဲ။ သင်္ခါရတရားတွေဟာ အမြဲမရှိပါလား၊ ဖြစ်ပြီးရင် ပျက်ရတာပါလား'

လို့ သံဝေဂလေး ပွားပြီးတော့ လယ် ဆက်ထွန်နေပါတယ်။ ဘာမှ မဖြစ်သလိုပါပဲ။ မျက်ရည်လေးကျ၊ အံလေးကြိတ်ပြီးတော့ စိတ်ဆင်းရဲစွာနဲ့ လယ်ထွန်နေတာ မဟုတ်ပါဘူး။ နဂိုစိတ်၊ နဂိုအမူအရာအတိုင်း ဣန္ဒြေမပျက် လယ်ထွန်နေတာပါ။

အဲဒါနဲ့ အိမ်နီးချင်းတစ်ယောက် လယ်နားကဖြတ်သွားတာတွေ့တော့ ....

'အမောင်၊ ကျုပ်တော့်ရဲ့ အိမ်ကို သွားပြီးတော့ ပြောပေးပါ၊

http://www.dhammadownload.com

ခါတိုင်း ထမင်းထုပ်နှစ်ထုပ်လာပို့တယ်၊ ဒီနေ့တော့ တစ်ထုပ်ပဲပို့ပါတော့။ ခါတိုင်း ထမင်းလာပို့တဲ့ အိမ်ဖော်မလေးတစ်ယောက်ပဲ လာတယ်၊ ဒီနေ့တော့ အိမ်မှာရှိတဲ့ မိသားစု အကုန်လာခဲ့ပါ။ ရေမိုးချိုးပြီးတော့၊ ပန်းနံ့သာတွေ ရသလောက် ယူလာပြီးတော့ လာခဲ့ကြပါ'

အဲဒီလို မှာလိုက်တယ်၊ အဲဒီအမှာစကား ကြားရတယ်ဆိုရင်ပဲ သူ့ဇနီး ပုဏ္ဏေးမကြီးက သိလိုက်ပြီ။

'ကေန္တ ငါ့ရဲ့ သားတော့ သေဆုံးသွားပြီ'

ပုဏ္ဏားကြီးက တစ်ယောက်စာထမင်းထုပ်ပဲ မှာလိုက်တယ်ဆိုတော့ နှစ်ယောက်သွားတာ တစ်ယောက်ကတော့ သေသွားပြီဆိုတာ ကောက်ချက်ချလို့ ရတာပေါ့။

'ငါ့သားတော့ သေဆုံးသွားပြီ' ဆိုပြီးတော့ ရင်ဘတ်စည်တီး အမယ်လေးဟဲ့ဆိုပြီးတော့ မငိုပါဘူး။ ပုံမှန်ပဲ ရေမိုးချိုး၊ ပန်းနံ့သာတွေ ယူပြီးတော့ ထမင်းထုပ်ကို ခါတိုင်းနှစ်ထုပ်ယူတယ်၊ ခုတော့တစ်ထုပ်ပဲ ယူပြီးတော့ လာပါတယ်။

ခင်ပွန်းသည် ပုဏ္ဏားကြီးကလည်း သားအလောင်းရဲ့ ဘေးနားလေးမှာပဲ သစ်ပင်အောက်ထိုင်ပြီးတော့ ထမင်းထုပ်ကို ဖြေစားပါတယ်။ ခါတိုင်းစားနေကျ ထမင်းလုတ်ထက် တစ်လုတ်မှမလျော့ပါဘူး။ ခါတိုင်း အလုတ်သုံးဆယ်စားရင် ဒီနေ့လည်း အလုတ်သုံးဆယ်ပါပဲ၊ အစားမပျက်ပါဘူး၊ မျက်ရည်လည်း တစ်စက်မှ မကျပါဘူး။

ကျန်တဲ့ ပုဏ္ဏားမကြီးရယ်၊ သမီးဖြစ်တဲ့သူရယ်၊ ချွေးမဖြစ်တဲ့သူရယ်၊ (ချွေးမဆိုတာကတော့ သေဆုံးသွားတဲ့ သားလေးရဲ့ အမျိုးသမီး

http://www.dhammadownload.com

ပါပဲ။) အိမ်ဖော်မလေးရယ်၊ ကျန်တဲ့ မိသားစု လေးယောက်ကလည်း မျက်ရည်တစ်စက်မှ မကျဘဲနဲ့ ဓမ္မသံဝေဂ ယူနေကြပါတယ်၊ အနားနား မှာရှိတဲ့ ထင်းခြောက်တွေ လိုက်ကောက်ပြီးတော့ ပုဏ္ဏားကြီး ထမင်း စားပြီးတယ်ဆိုတာနဲ့ မီးသင်္ဂြိုဟ်လိုက်ပါတယ်။

အဲဒီအချိန်မှာ သိကြားမင်းကျောက်ဖျာ တင်းလာတဲ့အတွက် ကြောင့်၊ ပူလာတဲ့အတွက်ကြောင့် သိကြားမင်းက ခရီးသွားယောကျ်ား ယောင်ဆောင်ပြီးတော့ မေးပါတယ်။

'အသင်တို့ သမင် မီးဖုတ်နေကြတာလား'

'မဟုတ်ပါဘူး၊ သေသွားတဲ့ သားကို မီးသင်္ဂြိုဟ်နေတာပါ'

'ဒါတောင်မှ သင်တို့က မျက်ရည်မကျကြဘူးဆိုတော့ ဒီသား ဟာ တော်တော်ဆိုးတဲ့သား ထင်တယ်'

'မဟုတ်ပါဘူး၊ အင်မတန် လိမ္မာတဲ့သားပါ၊ အင်မတန် ချစ်ရတဲ့ သားပါ'

'ဒါနဲ့များ ဘာဖြစ်လို့ မငိုကြတာလဲ'

ပုဏ္ဏားကြီးက ....

'အရေခွံဟောင်းနေတဲ့ မြွေဟာ၊ သူ့ရဲ့အရေခွံဟောင်းကို စွန့် ပြီးတော့ အရေခွံသစ်လဲသလိုပဲ သူဟာလည်း ခန္ဓာဟောင်း စွန့်ပြီးတော့ ခန္ဓာသစ် ယူသွားတာပဲ၊ ဒါကြောင့် မငိုပါဘူး'

ပုဏ္ဏားမကြီးကလည်း ....

'သူ့ကို လာပါလို့လည်း မခေါ်ခဲ့ပါဘူး။ ပြန်ပါလို့လည်း နှင် မထုတ်ခဲ့ပါဘူး။ မခေါ်ဘဲလာ၊ မနှင်ဘဲပြန်တဲ့သူအတွက် ဝမ်းနည်းနေ

http://www.dhammadownload.com

စရာမလိုပါဘူး'

သမီးဖြစ်တဲ့သူကလည်းပဲ ....

'ငိုနေခြင်းကြောင့် ပိန်ချုံးသွားရုံ၊ စိတ်ဆင်းရဲရရုံပဲ ရှိပါတယ်၊ ငိုနေလို့ ဘာမှအကျိုးမရှိပါဘူး၊ ငိုနေခြင်းကြောင့် မိမိအကျိုးလိုလားတဲ့ ဆွေမျိုးမိတ်ဆွေ ချစ်ကျွမ်းဝင်နေသူတွေလည်း စိတ်ဆင်းရဲရပါတယ်။ ဒါကြောင့် မငိုပါဘူး'

ချွေးမဖြစ်တဲ့သူကလည်းပဲ ....

'ကောင်းကင်ပေါ်မှာ သွားနေတဲ့လမင်းကြီးကို ယူပေးပါ၊ ယူပေးပါလို့ ငိုနေတဲ့ကလေးတစ်ယောက်ဟာ ဘာမှ အဓိပ္ပာယ်မရှိသလိုပဲ သေပြီးသွားတဲ့သူကို တမ်းတပြီး ငိုနေတာဟာလည်းပဲ ဘာမှ အဓိပ္ပာယ်မရှိပါဘူး၊ သေသူကို တမ်းတပြီး ငိုနေရင် လကိုယူပေးပါလို့ တမ်းတတဲ့ ကလေးလို ဖြစ်နေပါလိမ့်မယ်။ ငိုနေလို့လည်း ပြန်ရှင်လာမှာမဟုတ်ပါဘူး။ ဒါကြောင့် မငိုပါဘူး'

အိမ်ဖော်မလေးကလည်း ....

'ကွဲသွားတဲ့အိုးကို ပြန်ဆက်လို့ မရတော့သလို သေသွားတဲ့သူကိုလည်းပဲ ငိုနေခြင်းအားဖြင့် ပြန်ရှင်အောင် လုပ်လို့မရပါဘူး၊ ဒါကြောင့် မငိုတာပါ'

ငါးယောက်လုံး ပြောပြတဲ့စကားထဲမှာ တူတာက ....

'သူတို့ ငိုနေလို့လည်း သေသွားတဲ့သူက ဘာမှ သိမှာ မဟုတ်တော့ပါဘူး။ သူ့ရဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံအားလျော်စွာ သူလားရောက်သင့် လားရောက်ထိုက်တဲ့ ဘဝကို လားရောက်သွားပါပြီ'

http://www.dhammadownload.com

မိသားစုငါးဦးလုံး မျက်ရည်တစ်စက်မှ မကျဘဲနဲ့ သားဖြစ်သူကို မီးသင်္ဂြိုဟ်လိုက်ပါတယ်။ သူတို့အားလုံးဟာ ပုထုဇဉ်တွေချည်းပဲဖြစ်ပါတယ်။ ဒါပေမဲ့ စိတ်ဓာတ်ရင့်ကျက်ပြီးတော့ အသိဉာဏ်မြင့်တက်နေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် သေကွဲခွဲတဲ့ လမ်းခွဲခြင်းကို ဝမ်းမနည်းဘဲ ရင်ဆိုင်သွားနိုင်ကြပါတယ်။

သူတို့ စိတ်ဓာတ်ရင့်ကျက်၊ အသိဉာဏ်မြင့်တက်တာ ဘာကြောင့်လဲဆိုတော့ မရဏာဿတိကို နေ့စဉ်ပွားများနေကြလို့ပါပဲ။

'ငါလည်း တစ်နေ့ သေရမယ်၊ အချိန်မရွေး သေနိုင်တယ်'

'ငါ့မိသားစုလည်း တစ်နေ့ သေရမယ်၊ အချိန်မရွေး သေနိုင်တယ်'

'သတ္တဝါတွေအားလုံး တစ်နေ့ သေရမယ်၊ အချိန်မရွေး သေနိုင်တယ်'

လို့ မရဏာဿတိ အမြဲတမ်းပွားများနေကြတဲ့ အတွက်ကြောင့် မိသားစုအားလုံး စိတ်ဓာတ်ရင့်ကျက်ပြီး အသိဉာဏ်မြင့်တက်နေရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် တရားနာပရိသတ်များလည်း မရဏာဿတိနဲ့တကွ စိတ်ဓာတ်ကို ရင့်ကျက်စေပြီးတော့ အသိဉာဏ်ကိုမြင့်တက်စေနိုင်တဲ့ သတိပဋ္ဌာန်တရားလေးပါးကို ပွားများအားထုတ်ကြရမယ်။

မရဏာဿတိနဲ့တကွ သတိပဋ္ဌာန်တရားလည်း ပွားများမယ်၊ ဒါန၊ သီလ၊ သမထ ကုသိုလ်ကောင်းမှုတွေကိုလည်း အချိန်ရှိသမျှ ပြုလုပ်နေမယ်ဆိုရင် စိတ်ဓာတ်ရင့်ကျက်ပြီး အသိဉာဏ်မြင့်တက်လာ

http://www.dhammadownload.com

မှာပါ။

ကုသိုလ်မှန်သမျှ စိတ်ဓာတ်ကို ရင့်ကျက်စေပြီးတော့ အသိဉာဏ်ကို မြင့်တက်စေတာချည်းပါပဲ။ ဒါနကလည်း ဒါနကို ဒါနနဲ့ တူအောင်သာ လုပ်မယ်ဆိုရင် စိတ်ဓာတ်ကို ရင့်ကျက်၊ အသိဉာဏ်ကို မြင့်တက်စေပါတယ်။ သီလကို သီလနဲ့တူအောင် စောင့်ထိန်းမယ်၊ သမထကို သမထနဲ့ တူအောင် ပွားများမယ်ဆိုရင်လည်း အဲဒီ သီလ၊ အဲဒီ သမထက စိတ်ဓာတ်ရင့်ကျက်ပြီး အသိဉာဏ်မြင့်တက်စေနိုင်ပါတယ်။ သတိပဋ္ဌာန်ဘာဝနာ၊ ဝိပဿနာဘာဝနာကတော့ အထူးပြောစရာမလိုတော့ပါဘူး။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက ဗန္ဓုလစစ်သူကြီးရဲ့ ကတော် မလ္လိကာတို့လည်း ဒီအတိုင်းပါပဲ။ မလိုသူတွေရဲ့ ကုန်းစကားကို ယုံကြည်ပြီး ကောသလမင်းကြီးက တစ်ဖက်လှည့်နည်းနဲ့ အသတ်ခိုင်းတဲ့အတွက် ဗန္ဓုလစစ်သူကြီးရော၊ သားသုံးဆယ့်နှစ်ယောက်ပါ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ခေါင်းဖြတ်လုပ်ကြံခံရပြီး သေဆုံးသွားကြပါတယ်။

အဲဒီနေ့မှာပဲ မလ္လိကာက အိမ်မှာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန် အမှူးပြုတဲ့ ရဟန်းငါးရာကို ဆွမ်းလုပ်ကျွေးပြုစုနေပါတယ်။ ဗန္ဓုလစစ်သူကြီးနဲ့ သားသုံးဆယ့်နှစ်ယောက် ခေါင်းဖြတ်သတ်ခံရတဲ့ သတင်း ရေးထားတဲ့စာလည်း လာပို့ရော၊ အဲဒီစာကို အင်္ကျီအိတ်ထဲ ခေါက်ထည့်ထားလိုက်ပြီး ဣန္ဒြေမပျက် ဆွမ်းဆက်ပြီး လုပ်ကျွေးပြုစုပါတယ်။

http://www.dhammadownload.com

အဲဒီအချိန်မှာပဲ အိမ်ဖော်မလေးတွေကြောင့် ထောပတ်အိုးကြီး တစ်လုံး မတော်တဆ ကျကွဲသွားပါတယ်။ အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီးက ....

'ကွဲတတ်တဲ့သဘောရှိတဲ့ အရာဝတ္ထု ကွဲသွားတာ ဘာမှ စိတ်သောကမဖြစ်ပါနဲ့'

လို့ မလ္လိကာကို ပြောတော့ မလ္လိကာက အင်္ကျီခါးကြားထဲက စာကို ထုတ်ပြပြီး ....

'အရှင်ဘုရား၊ ဒီစာဟာ တပည့်တော်မရဲ့ ခင်ပွန်း ဗန္ဓုလစစ်သူကြီးနဲ့တကွ သားသုံးဆယ့်နှစ်ယောက်ကို ခေါင်းဖြတ်လုပ်ကြံခံရတဲ့ သတင်း ရေးထားတဲ့ စာပါ။ ဒီစာကို ဖတ်ရတာတောင်မှ တပည့်တော်မ စိတ်သောက မဖြစ်သေးတာ၊ ထောပတ်အိုးလေး ကျကွဲတာလောက်နဲ့ တော့ စိတ်သောက ဖြစ်စရာမရှိပါဘုရား'

လို့ ပြန်လျှောက်ထားလိုက်ပါတယ်။

ပုထုဇဉ်အဆင့်သာရှိသေးတဲ့ မလ္လိကာရဲ့ စိတ်ဓာတ်ခိုင်မာပုံက လည်း အတုယူအားကျစရာကောင်းလှပါတယ်။ 'ကွဲတတ်တဲ့သဘော ရှိတဲ့ အရာမှန်သမျှ ကွဲမှာပဲ၊ သေတတ်တဲ့သဘောရှိတဲ့ အရာမှန်သမျှ သေမှာပဲ' လို့ နားလည်သိမြင်နေတော့ စိတ်ဓာတ်ရင့်ကျက်ပြီး အသိ ဉာဏ်မြင့်တက်နေတော့တာပေါ့။

ချွေးမ သုံးဆယ့်နှစ်ယောက်ကိုလည်း 'သူတို့ဝဋ်ကြွေး သူတို့ ပေးဆပ်သွားရတာမို့ စိတ်သောက မဖြစ်ဖို့၊ ကောသလမင်းကြီးအပေါ် လည်း ဒေါသအမျက် မထွက်ဖို့' ပြောဆို ဆုံးမလိုက်ပါသေးတယ်။

http://www.dhammadownload.com

ကံ , ကံရဲ့အကျိုးကို နှစ်နှစ်ကာကာ နားလည်သိမြင်တဲ့သူမှန် သမျှ စိတ်ဓာတ်ရင့်ကျက်ပြီး အသိဉာဏ်မြင့်တက်နေမှာပါပဲ။ ကိုယ် ဘယ်လိုမှ မတတ်နိုင်တဲ့ ဖြစ်ရပ်တွေအပေါ် 'ကံတရားပဲပေါ့'၊ 'ဝဋ်ကြွေး ပဲပေါ့' လို့ နှလုံးသွင်းနိုင်မယ်ဆိုရင် ဘယ်လို အဆိုးလောကဓံမျိုးကိုမဆို အပြုံးမပျက် ခံနိုင်ရည်ရှိသွားမှာပါ။

တွဲခြင်းမှန်သမျှ ကွဲခြင်းမှာ လမ်းဆုံးရမှာပါ။ အတွဲမှန်သမျှ အကွဲရဲ့ လမ်းစပါပဲ။ အကွဲဒုက္ခကို မခံစားချင်ဘူးဆိုရင် အတွဲသုခကို မတောင့်တနဲ့ပေါ့။ မလွှဲသာလို့ တွဲလာရတဲ့ သံသရာခရီးဖော်တွေအပေါ် သံယောဇဉ်နှောင်ကြိုးတွေနဲ့ တွယ်တာရစ်ဖွဲ့မနေနဲ့ပေါ့။ အတွဲအပေါ် မသာယာရင် အကွဲအပေါ်လည်း မသာမယာ မဖြစ်ရတော့ပါဘူး။

မေတ္တာတိမ်းပါးလို့
စိမ်းကားစွာလမ်းခွဲခဲ့ကြပြီဆိုမှဖြင့်
ဝမ်းနည်းစရာအဖြစ်အပျက်တွေပဲ
အသစ်ဆက်ပေါ်လာတော့မှာပေါ့။
"အခုတော့လည်း. . . .
သူစိမ်းတွေလိုပါပဲလား"
ဆိုတဲ့စကားက
ကျက်သရေအပေါင်းခညောင်းနေတဲ့
မင်္ဂလာစကားမှမဟုတ်ပဲကွယ်။

http://www.dhammadownload.com



## အသည်းမာရင် ခွဲခွာဝံ့ပါတယ်

ကိုယ်သိပ်ချစ်ရတဲ့သူတွေနဲ့ အသက်ရှင်နေစဉ် ခေတ္တခဏ လမ်းခွဲရတဲ့အခါမျိုးမှာပဲဖြစ်ဖြစ်၊ ကိုယ် သို့မဟုတ် သူ တစ်ယောက် ယောက်က လူ့လောကကို အရင်စွန့်ခွာပြီး အပြီးအပိုင်လမ်းခွဲရတဲ့အခါ မျိုးမှာပဲဖြစ်ဖြစ် ဝမ်းနည်းတတ်ကြတာဟာ သူသူကိုယ်ကိုယ် လူအများစု ရဲ့ ဖြစ်ရိုးဖြစ်စဉ် သဘာဝတစ်ခုပါပဲ။

သံယောဇဉ်ကြီးရင် ကြီးသလောက်၊ အစွဲအလမ်း ပြင်းထန်ရင် ပြင်းထန်သလောက် ဝမ်းနည်းမှု အတိုင်းအတာ မြင့်မားသွားပါတယ်။ သံယောဇဉ်ပိုကြီးရင် ပိုဝမ်းနည်းရပါတယ်။ အစွဲအလမ်းပိုပြင်းထန်ရင် ပို ဝမ်းနည်းရပါတယ်။ အချစ်ပိုကဲလေ၊ အဖြစ်ပိုသည်းလေပါပဲ။

ဝမ်းနည်းရခြင်း၊ တမ်းတပူဆွေးရခြင်းဆိုတဲ့ ခံစားမှုဟာ လက် ခံသိမ်းပိုက်ထားသင့်တဲ့ မြတ်နိုးစရာ စည်းစိမ်းချမ်းသာတစ်မျိုး မဟုတ် ပါဘူး။ ငြင်းပယ်စွန့်လွှတ်ပစ်သင့်တဲ့ မနှစ်မြို့စရာ အမှိုက်ရှုပ်၊ အညစ်

အကြေးပုပ်တစ်မျိုးပါ။ ရင်ကိုအေးမြစေတဲ့အရာမျိုးမဟုတ်ပါဘူး။ နှလုံးသားကို ပူလောင်စေတဲ့ အရာပါ။

ကိုယ်သိပ်ချစ်ရတဲ့သူတွေနဲ့ သေကွဲ၊ ရှင်ကွဲ၊ လမ်းခွဲရလို့ ဝမ်းနည်းတဲ့ ခံစားမှုမျိုး မခံစားချင်ဘူးဆိုရင်တော့ နည်းလမ်းက ဘာမှမခက်ပါဘူး။ ဘယ်သူ့ကိုမှ မချစ်ဘဲ နေရုံပါပဲ။ ဘယ်သူ့ကိုမှ စွဲစွဲလမ်းလမ်း မချစ်မိခဲ့ဘူးဆိုရင် ဘယ်သူနဲ့ပဲ လမ်းခွဲရ လမ်းခွဲရ ဝမ်းမနည်းတော့ပါဘူး။

စွဲလမ်းလို့ အသည်းကျွမ်းရတာ မဟုတ်လား။

သိပ်ချစ်လို့ စိတ်ညစ်ရတာ မဟုတ်လား။

မစွဲလမ်းရင် အသည်းမကျွမ်းရတော့ဘူးပေါ့။ သိပ်မချစ်ရင် စိတ်မညစ်ရတော့ဘူးပေါ့။ အသည်းမကျွမ်းချင်ရင် မစွဲလမ်းပါနဲ့။ စိတ်မညစ်ချင်ရင် သိပ်မချစ်ပါနဲ့၊ မချစ်ရမနေနိုင်ရင်လည်း နည်းနည်းလောက်တော့ လျှော့ချစ်ပါ။ ချွေတာရေးအချစ်နဲ့ ခြိုးခြိုးခြံခြံ၊ ခြစ်ခြစ်ခြုတ်ခြုတ် ချစ်ပါ။ 'မင်း ငါ့ကို လျှော့ချစ်ပါလား' လို့တောင် ဆိုထားသေးတယ်မဟုတ်လား။ 'လျှော့ချစ်' ပြီး 'ပေါ့ပစ်' လိုက်ရင် 'ကော့ကာစ်' နေအောင် မခံစားရတော့ဘူးပေါ့။

'ပိယ' ဆိုတာ မရှိရင်၊ 'ပိယဟိ ဝိပ္ပယောဂဒုက္ခ' ဆိုတာလည်း မရှိတော့ဘူးပေါ့။ 'ပိယ' ဆိုတာချစ်ရတဲ့သူပါ။ 'ပိယဟိ ဝိပ္ပယောဂဒုက္ခ' ဆိုတာ 'ချစ်ရတဲ့သူတွေနဲ့ ခွဲခွာကွေကွင်းရခြင်း ဆင်းရဲပါ' ပါ။ ချစ်ရတဲ့သူဆိုတာ မရှိမှတော့ ချစ်ရတဲ့သူနဲ့ ခွဲခွာကွေကွင်းရရင် ဖြစ်လာမယ့် ဝမ်းနည်းရခြင်းဆင်းရဲ၊ တမ်းတပူဆွေးရခြင်းဆင်းရဲ ဆိုတာတွေလည်း

http://www.dhammadownload.com

မရှိတော့ဘူးပေါ့။ ဘယ်လောက်ကောင်းလိုက်ပါသလဲ။

ဒါပေမဲ့ လူဆိုတဲ့ လူကလည်း ခက်တော့ အခက်သားကလား၊ 'မချစ်ရင်မနေနိုင်တာကလွဲလို့' ဆိုတဲ့အတိုင်း အနည်းဆုံး တစ်ယောက် ယောက်ကိုမှ မချစ်ရရင် ဘဝက မပြည့်စုံသလိုပဲ၊ ဟာတာတာကြီးနဲ့။ အနည်းဆုံး တစ်ယောက်ယောက်လောက်ကိုတော့ နှစ်နှစ်ကာကာ စွဲစွဲ လမ်းလမ်း ချစ်နေရမှ လူက နေသာထိုင်သာ ရှိသလိုလို၊ စိတ်ကျေနပ်မှု ရသလိုလို ....။

ပိုးဖလံက မီးကို ပူမှန်းမသိလို့ မီးထဲ တိုးဝင်တာ ....။ လူက အချစ်ကို ပူမှန်းသိသိကြီးနဲ့ အချစ်မှာ ပျော်ဝင်နစ်မြုပ်ချင်တာ ....။ ပိုး ဖလံနဲ့ လူ ဘယ်သူ ပိုမိုက်ပါသလဲ ....။

'ပိယ' နဲ့ 'သောက'၊ 'ချစ်ခြင်း' နဲ့ 'ဝမ်းနည်းခြင်း'၊ 'ချစ်ခြင်း' နဲ့ 'ပူဆွေးခြင်း' ဆိုတာ ဘယ်လိုမှ ခွဲခြားဖယ်ထုတ်ပစ်လို့မရတဲ့ မိတ်ပေါင်း မိတ်ဖက်တွေပါ။ ဒင်္ဂါးတစ်ခုရဲ့ ခေါင်းနဲ့ပန်းလို မခွာမခွဲ အမြဲတွန်တွဲနေပါ တယ်။ ချစ်ခြင်းရှိရင် ဝမ်းနည်းခြင်းရှိမယ်၊ ချစ်ခြင်းရှိရင် ပူဆွေးခြင်းရှိ ပါမယ်။ ဘယ်လိုမှ ငြင်းပယ်ခွင့် မရှိပါဘူး။ ချစ်ရုံသာ ချစ်ပြီး ဝမ်းမနည်း ချင်၊ မပူဆွေးချင်လို့ မရပါဘူး။

ဝမ်းနည်းတယ်၊ ပူဆွေးတယ်ဆိုတာ တရားကိုယ်ကတော့ ဒေါသပါပဲ။ ဝမ်းနည်းတဲ့စိတ်ဟာ ဒေါသစိတ်၊ ပူဆွေးတဲ့စိတ်ဟာ ဒေါ သစိတ်၊ ဝမ်းနည်းတဲ့သဘောဟာ ဒေါသရဲ့ သဘော၊ ပူဆွေးတဲ့သဘော ဟာ ဒေါသရဲ့ သဘောပါပဲ။ ဝမ်းနည်းနေတယ်ဆိုတာ ဒေါသထွက်နေ တာပါ။ ပူဆွေးနေတယ်ဆိုတာ ဒေါသထွက်နေတာပါ။

http://www.dhammadownload.com

ဒေါသကိလေသာကို အကြွင်းမဲ့ မပယ်သတ်နိုင်သေးသမျှ တော့ ဝမ်းနည်းစရာကြုံတိုင်း ဝမ်းနည်းနေရဦးမှာပါ။ ပူဆွေးစရာကြုံ တိုင်း ပူဆွေးနေရဦးမှာပါ။ စိတ်ဓာတ်ခိုင်မာနေလို့ ဒေါသကိလေသာ ငြိမ်ဝပ်နေတဲ့ အခိုက်အတန့်နဲ့ ကြုံကြိုက်သွားရင်တော့လည်း သူတစ်ပါး အတွက် ဝမ်းနည်းစရာက ကိုယ့်အတွက် ဝမ်းနည်းစရာ ဖြစ်ချင်မှ ဖြစ် မှာပေါ့။ သူတစ်ပါးအတွက် ပူဆွေးစရာက ကိုယ့်အတွက် ပူဆွေးစရာ ဖြစ်ချင်မှ ဖြစ်မှာပေါ့။

ဒါပေမဲ့ ဒေါသမကုန်သေးတဲ့အတွက် ဝမ်းမနည်းဖို့၊ မပူဆွေး ဖို့ လုံးဝကြီးတော့ စိတ်မချရသေးပါဘူး။ ဒေါသကို ဖိအုပ်ဖုံးကွယ်ထား တဲ့ စိတ်ကောင်းစိတ်မြတ်၊ စိတ်ခိုင်စိတ်ခံ့တွေ ပါးလျားကျဲတောက်သွား တဲ့တစ်နေ့ ဝမ်းနည်းစရာကြုံရင် ဝမ်းနည်းရပါဦးမယ်။ ပူဆွေးစရာကြုံ ရင် ပူဆွေးရပါဦးမယ်။

ဘယ်လို လမ်းခွဲခြင်းမျိုးကြောင့်မှ ဝမ်းမနည်းချင်တော့ဘူးဆို ရင်တော့ ကိုယ့်နှလုံးသားထဲက ဒေါသဓာတ်ကို အမြစ်ပြတ်အောင် ဆွဲနှုတ်ဖယ်ထုတ်ပစ်ဖို့ပါပဲ။ ဒေါသဓာတ် ကင်းစင်နေတဲ့ နှလုံးသားဟာ ကျောက်သားနဲ့ ထုဆစ်ထားတဲ့ နှလုံးသားမျိုးပါ။ ဘယ်လို ဝမ်းနည်းစရာ မျိုးကြောင့်မှ ဝမ်းမနည်းတတ်တော့ပါဘူး။ အရမ်းအသည်းမာတော့ လည်း လမ်းခွဲမှာ ဝမ်းနည်းစရာမလိုတော့ဘူးပေါ့။

ဝမ်းနည်းခြင်း၊ ပူဆွေးခြင်းရဲ့ အကြောင်းရင်းဖြစ်တဲ့ ဒေါသ ကိလေသာကို အနာဂါမ်အရိယာဖြစ်မှပဲ အကြွင်းမဲ့ ပယ်သတ်နိုင်ပါ တယ်။ အနာဂါမ်အရိယာ ဖြစ်ဖို့ကလည်း သကဒါဂါမ် အရိယာဘဝနဲ့

http://www.dhammadownload.com

ဝိပဿနာအလုပ်ကို အားထုတ်ရပါတယ်။ သကဒါဂါမ် အရိယာဖြစ်ဖို့ ကလည်း သောတာပန်အရိယာဘဝနဲ့ ဝိပဿနာအလုပ်ကို အားထုတ်ရ ပါတယ်။ သောတာပန်အရိယာဖြစ်ဖို့ကလည်း ပုထုဇဉ်ဘဝနဲ့ ဝိပဿ နာအလုပ်ကို အားထုတ်ရပါတယ်။

ဝိပဿနာအလုပ်ဆိုလို့လည်း ဘုရားရှေ့မှာ တင်ပျဉ်ခွေထိုင်၊ မျက်စိမှိတ်ပြီး မလှုပ်မယှက်နဲ့ တစ်နာရီ၊ နှစ်နာရီထိုင်နိုင်မှ လုပ်လို့ရတဲ့ အလုပ်လို့ သွားမယူဆလိုက်နဲ့ဦးနော်။ ဝိပဿနာအလုပ်ဆိုတာ အဲလို ကြီး ထိုင်နိုင်မှ လုပ်လို့ရတဲ့အလုပ် မဟုတ်ပါဘူး။ သွားသွား၊ ရပ်ရပ်၊ ထိုင်ထိုင်၊ လျောင်းလျောင်း၊ ခန္ဓာကိုယ်ရဲ့ ဘယ်အနေအထားမျိုးမှာမဆို လုပ်လို့ရပါတယ်။

အရှုခံအာရုံကလည်း ဘယ်ဟာကိုမှရယ်လို့ မူသေကန့်သတ် ချက် မရှိပါဘူး။ အဆင်ပြေတဲ့အာရုံကို ရှုလို့ရပါတယ်။ ဝင်လေထွက် လေ အဆင်ပြေရင် ဝင်လေထွက်လေကို အာရုံထားပြီးရှု၊ တခြား ကိုယ် နှုတ်စိတ်အမူအရာ အဆင်ပြေရင် ထင်ရှားရာ ကိုယ်နှုတ်စိတ်အမူအရာ ကို အာရုံထားပြီးရှု၊ အဆင်ပြေသလို ရှုနိုင်ပါတယ်။

ဝင်လေထွက်လေကို အာရုံထားပြီး ရှုတဲ့ ဝိပဿနာကို အာနာ ပါနဝိပဿနာလို့ ခေါ်ပါတယ်။ ထင်ရှားရာ ကိုယ်နှုတ်စိတ်အမူအရာကို အာရုံထားပြီး ရှုတဲ့ ဝိပဿနာကို သမ္ပဇညဝိပဿနာလို့ ခေါ်ပါတယ်။

အာနာပါနဝိပဿနာနဲ့ပတ်သက်ပြီး အကျဉ်းချုပ်ပြောရမယ် ဆိုရင်တော့ ဝင်လေကို အာန၊ ထွက်လေကို အပါနလို့ခေါ်တာမို့ ဝင်လေထွက်လေကို ရှုမှတ်ရတဲ့ကမ္မဋ္ဌာန်းကို အာနာပါနကမ္မဋ္ဌာန်းလို့

http://www.dhammadownload.com

ခေါ်ပါတယ်။

ဝင်လေထွက်လေဟာ ကိုယ်သတိပြုသည်ဖြစ်စေ၊ ကိုယ်သတိမပြုသည်ဖြစ်စေ၊ ကိုယ်သိသည်ဖြစ်စေ၊ ကိုယ်မသိသည်ဖြစ်စေ အမြဲ ထင်ရှားရှိနေပါတယ်။ အသက်ရှင်နေတဲ့ လူတစ်ယောက်အတွက် ဝင်လေထွက်လေ ရပ်ဆိုင်းနေတဲ့အချိန်ရယ်လို့ မရှိပါဘူး။ အိပ်ပျော်နေတဲ့အချိန်မှာတောင် အဆက်မပြတ်ရှိနေပါတယ်။

အသက်မရှူတဲ့ပုဂ္ဂိုလ်ခုနစ်ဦး ရှိပါတယ်။ အမိဝမ်းမှာ ပဋိသန္ဓေနေသူ၊ ရေနစ်နေသူ၊ မေ့မျောနေသူ၊ သေသူ၊ စတုတ္ထဈာန်ဝင်စားနေသူ၊ ရူပဘဝ အရူပဘဝရောက်နေသူ၊ နိရောဓသမာပတ်ဝင်စားနေသူ၊ ဒီပုဂ္ဂိုလ် ခုနစ်ဦးကတော့ ဝင်လေထွက်လေ မရှိပါဘူး။ သူတို့ကိုတော့ ခြွင်းချက်အနေနဲ့ ချန်လှပ်ထားလိုက်ပါ။

ဝင်လေပြန်မထွက်တော့တဲ့အချိန်၊ ထွက်လေပြန်မဝင်တော့တဲ့ အချိန်ဟာ သေတဲ့အချိန်ပါပဲ။ ဒါ့ကြောင့် ရုပ်နာမ်ခန္ဓာ အဆက်မပြတ် ရှင်သန်နေမှုမှာ ဝင်လေထွက်လေက အဓိကပဓာနကျပါတယ်။ ဝင်သက်ထွက်သက်ဆိုတဲ့အတိုင်း ဘဝတစ်ခုရဲ့အသက်ဟာ ဝင်လေထွက်လေဖြစ်လို့ ဝင်လေထွက်လေကို သတိကပ်ရှုမှတ်ရတဲ့ အာနာပါနကမ္မဋ္ဌာန်းဟာလည်း ဝိပဿနာယောဂီတိုင်းရဲ့ 'အသက်သွေးကြောကမ္မဋ္ဌာန်းကြီး' ဖြစ်ပါတယ်။

ဝင်လေထွက်လေနဲ့ပတ်သက်တဲ့ ရုပ်နာမ်ရဲ့သဘောသဘာဝတွေကို ပိုင်နိုင်သွားရင် ကျန်တဲ့ရုပ်နာမ်အားလုံးရဲ့ သဘောသဘာဝတွေကိုပါ ပိုင်နိုင်သွားတာမို့ အာနာပါနကမ္မဋ္ဌာန်းကို "အညာကိုင်ကမ္မဋ္ဌာန်း"

လို့လည်းခေါ်နိုင်ပါတယ်။

အိပ်ချိန်၊ နိုးချိန်၊ အချိန်တိုင်းမှာ ထင်ရှားရှိနေတဲ့အတွက် ရှုမှတ်ရတာလည်း လွယ်ကူ၊ မရပ်မနားလည်း အဆက်မပြတ်ရှုမှတ်နိုင်တာကြောင့် အာနာပါနကမ္မဋ္ဌာန်းကို ပင်တိုင်ကမ္မဋ္ဌာန်းအဖြစ် သတ်မှတ်ပြီး အားထုတ်တာဟာ လူအများစုအတွက် အသင့်တော်ဆုံးပါပဲ။

အာနာပါနကမ္မဋ္ဌာန်းကို မသိနားမလည်သူတွေက သမထကမ္မဋ္ဌာန်းလို့ ထင်မှတ်စွပ်စွဲကြပါတယ်။ သူတို့ထင်မှတ်စွပ်စွဲသလို မဟုတ်ပါဘူး။ အာနာပါနကမ္မဋ္ဌာန်းဟာ သမထ၊ ဝိပဿနာ စွယ်စုံရတဲ့ကမ္မဋ္ဌာန်းကြီးပါ။ သမထလို့ရှုရင် သမထဖြစ်ပြီး၊ ဝိပဿနာလို့ရှုရင် ဝိပဿနာဖြစ်ပါတယ်။

ဝင်လေထွက်လေ လေကြောင်းနောက်ကိုလိုက်ပြီး ပုံသဏ္ဌာန်နိမိတ်၊ အရိပ်အယောင်တွေကိုရှုနေရင် သမထဖြစ်ပါတယ်။ လေနောက်ကိုမလိုက်ဘဲ နှာသီးဝ လေထိရာ တစ်နေရာတည်းကနေ ထိမှုသဘော၊ လှုပ်ရှားတွန်းကန်မှုသဘောကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး ထင်ရှားလာအောင် ရှုနေရင် ဝိပဿနာဖြစ်ပါတယ်။

အာနာပါနသတိသုတ္တန်မှာ မြတ်စွာဘုရားရှင်က အာနာပါနကို ရှုပွားရင် သတိပဋ္ဌာန်လေးပါးလုံးကို ရှုပွားပြီးသားဖြစ်တယ်။ သတိပဋ္ဌာန်လေးပါးရှုပွားရင် ဗောဇ္ဈင်ခုနစ်ပါးကိုလည်း ပွားများပြီးသားဖြစ်တယ်။ ဗောဇ္ဈင်ခုနစ်ပါးပွားများရင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ဆိုက်ရောက်နိုင်တယ်လို့ မိန့်ကြားတော်မူပါတယ်။ အာနာပါနကမ္မဋ္ဌာန်းနဲ့ ရဟန္တာအထိဖြစ်နိုင်တယ်လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com

သုတ္တန်တစ်ခုမှာဆိုရင် အာနာပါနရှုပွားတဲ့သူဟာ တစ်ထိုင်တည်းနဲ့တောင် ရဟန္တာအထိဖြစ်နိုင်တယ်လို့ မိန့်ကြားတော်မူထားပါတယ်။

ဒါ့ကြောင့် အာနာပါနကမ္မဋ္ဌာန်းကို နိဗ္ဗာန်သွားတဲ့ဖြတ်လမ်း၊ နိဗ္ဗာန်သွားတဲ့လမ်းတိုလို့ ရှေးသူဟောင်းတွေက မိန့်ဆိုတော်မူကြပါတယ်။ ဆရာတော်ကြီးတစ်ပါးကဆို အာနာပါနကမ္မဋ္ဌာန်းကို "သက်ဦးဆံပိုင်ကမ္မဋ္ဌာန်း" လို့တောင် တခမ်းတနား ချီးမွမ်းဂုဏ်တင်တော်မူခဲ့ပါတယ်။

အာနာပါနကမ္မဋ္ဌာန်းဟာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်းရဲ့ လက်သုံးကမ္မဋ္ဌာန်းကြီး ဖြစ်ပါတယ်။ ဘုရားရှင်တိုင်း၊ ဘုရားရှင်တိုင်းဟာ အာနာပါနကမ္မဋ္ဌာန်းကိုပဲ ပင်တိုင်ကမ္မဋ္ဌာန်းအဖြစ် ရှုပွားရင်းနဲ့ ဘုရားဖြစ်တော်မူကြပါတယ်။ တခြားကမ္မဋ္ဌာန်းနဲ့ ဘုရားဖြစ်တဲ့ ဘုရားရယ်လို့ တစ်ဆူမှ မရှိပါဘူး။ ရှေးကလည်း ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ အခုလည်း လုံးဝမရှိပါဘူး။ နောင်လည်း ဘယ်တော့မှ ရှိမှာမဟုတ်ပါဘူး။ ဒီအချက်ကိုက အာနာပါနကမ္မဋ္ဌာန်းဟာ ဘယ်လောက်ကြီးကျယ်မြင့်မြတ်တယ်၊ ဘယ်လောက် ထိပ်တန်းအကျဆုံးဖြစ်တယ် ဆိုတာကို ဖော်ပြနေပါတယ်။

ရှုမှတ်နည်းကတော့ နှာသီးဝလေထိတဲ့နေရာမှာ သတိကို(စိတ်ကို)ကပ်ထားပြီး လေဝင်ရင် 'ဝင်တယ်'၊ လေထွက်ရင်'ထွက်တယ်' လို့ ရှုမှတ်ရုံပါပဲ။

လေဝင်သွားတဲ့အခါမှာ နှာသီးဝကိုထိပြီး ဝင်သွားပါတယ်။

http://www.dhammadownload.com

ထိတဲ့နေရာလေးမှာ သတိကို(စိတ်ကို)ကပ်ထားပြီး 'ဝင်တယ်' လို့ ရှုမှတ်ရပါမယ်။ အတွင်းဝင်သွားတဲ့ လေကြောင်းနောက် စိတ်မလိုက်ရပါဘူး။ လိုက်ရင် အတွင်းပျံ့လွင့်မှု ဖြစ်ပါတယ်။

လေထွက်သွားတဲ့အခါမှာ နှာသီးဝကိုတိုက်ပြီး ထွက်သွားပါတယ်။ ထိတဲ့နေရာလေးမှာ သတိကို(စိတ်ကို)ကပ်ထားပြီး 'ထိတယ်'လို့ ရှုမှတ်ရပါမယ်။ အပြင်ထွက်သွားတဲ့ လေကြောင်းနောက် စိတ်မလိုက်ရပါဘူး။ လိုက်ရင် အပြင်ပျံ့လွင့်မှု ဖြစ်ပါတယ်။

"ဝင်လေဝင်တိုင်းထိ၊ ထိတိုင်းသိ၊ ထွက်လေထွက်တိုင်းထိ၊ ထွက်တိုင်းသိ၊ ဒါဆိုရင် အကုန်လုံးကိုစွပြီးပါတယ်" ဆိုတဲ့ ဝေဘူဆရာတော်ဘုရားကြီးရဲ့ မိန့်ကြားတော်မူချက်ကို ဦးထိပ်ပန်ဆင်ပြီး အမြဲတမ်း တထိတည်းထိနေတာကို တသိတည်းသိနေအောင် ရှုမှတ်ကြရပါမယ်။

ဝင်ထိ၊ ထွက်ထိ ထိသဘောလေးကို နှစ်ဆယ့်လေးနာရီ တစ်စပ်တည်းရအောင်များ အားထုတ်နိုင်ခဲ့ရင်တော့ သိသိသာသာထူးခြားလာပါလိမ့်မယ်။ ရိပ်သာပြင်ပမှာနေတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အဲဒီလောက်အထိ မစွမ်းနိုင်ရင်တောင် ငါးမိနစ်ရရင် ငါးမိနစ်၊ ဆယ်မိနစ်ရရင် ဆယ်မိနစ် တစ်စပ်တည်းရအောင် လုပ်ကြည့်ရင် သိသာလာပါလိမ့်မယ်။

ထူးခြားတဲ့ စိတ်တည်ငြိမ်အေးချမ်းမှု၊ စိတ်ခေတ်ခိုင်မာမှု၊ စိတ်နေစိတ်ထားကြီးကျယ်မြင့်မြတ်မှုများနဲ့အတူ မရေမတွက်နိုင်တဲ့ လောကီ၊ လောကုတ္တရာကောင်းကျိုး ချမ်းသာတွေကို အံ့သြဖွယ်ရာ ကိုယ်တိုင်တွေ့ကြုံခံစားလာရပါလိမ့်မယ်။

အာနာပါနကမ္မဋ္ဌာန်းဟာ အခုရှု၊ အခုချမ်းသာ၊ အခုငြိမ်းအေး၊

http://www.dhammadownload.com

အမြန်ဆုံးသိသာတဲ့ ကမ္မဋ္ဌာန်းပါ။

အာနာပါနကမ္မဋ္ဌာန်းဟာ ထိုင်ချိန်မှာသာ အားထုတ်နိုင်တာ မဟုတ်ပါဘူး။ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း၊ ပြောရင်းဆိုရင်း၊ စားရင်းသောက်ရင်းလည်း အားထုတ်နိုင်ပါတယ်။ တစ်ချိန်တည်းအလုပ်နှစ်ခုပြီးတဲ့ ကမ္မဋ္ဌာန်းပါ။ အချိန်လဲမကုန်၊ လူလဲမပန်း၊ ငွေလဲမထွက်၊ အင်မတန် တွက်ခြေကိုက်တဲ့ ကမ္မဋ္ဌာန်းပါ။

ဝိပဿနာကုသိုလ်ကို အလွယ်တကူရယူနိုင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို အလွယ်တကူဆိုက်ရောက်စေနိုင်တာဟာ အာနာပါနကမ္မဋ္ဌာန်းပါပဲ။

သမ္မာဒိဋ္ဌိဝိပဿနာနဲ့ပတ်သက်ပြီး အကျဉ်းချုပ်ပြောရမယ်ဆိုရင်တော့ မြတ်စွာဘုရားရှင်ရဲ့ ဝိပဿနာလမ်းစဉ်ဟာ သတိပဋ္ဌာန်းပြီး၊ သတိဦးဆောင်ပြီးလုပ်ရတဲ့ အလုပ်ဖြစ်လို့ သတိပဋ္ဌာန်ကျင့်စဉ်လို့လဲ ခေါ်ပါတယ်။ သတိပဋ္ဌာန်တရားဟာ အလုပ်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ်မရွေး၊ အချိန်မရွေး ကျင့်ကြံအားထုတ်လို့ ရပါတယ်။

ဝိပဿနာ ရှုရမယ့်တရား၊ ရှုပုံရှုနည်းနဲ့ ရှုရမယ့်အချိန်၊ နေရာတွေကို အတိုဆုံးနဲ့ အပြည့်စုံဆုံး ဖော်ပြနိုင်အောင် ခုလိုဆောင်ပုဒ် နှစ်ခု စီထားပါတယ်။

ဖြစ်ခိုက်ရုပ်နာမ်၊ ဖြစ်တိုင်းဟန်၊
ကောန်မှတ်သိမှု။
အလုပ်, နေရာ၊ ဣရိယာ၊
ချိန်ခါမရွေးရှု။

"ဖြစ်ခိုက်ရုပ်နာမ်" ဆိုတဲ့စကားနဲ့ ဝိပဿနာရှုရမယ့်တရားကို

http://www.dhammadownload.com

ဖော်ပြပါတယ်။ ရုပ်တရား၊ နာမ်တရား(ကိုယ်အမူအရာနဲ့စိတ်အမူအရာ) ကို ဝိပဿနာရှုကြရပါမယ်။ ရုပ်ထင်ရှားရင်ရုပ်၊ နာမ်ထင်ရှားရင်နာမ်၊ အထင်ရှားဆုံးတစ်ခုကို ရှုကြရပါမယ်။

ရုပ်သက်သက်ပဲ ရှုမယ်လို့ နှလုံးသွင်းပြီး ရုပ်ကိုချည်းမရှုရပါဘူး။ နာမ်သက်သက်ပဲ ရှုမယ်လို့နှလုံးသွင်းပြီး နာမ်ကိုချည်း မရှုရပါဘူး။ ဘာလို့လဲဆိုတော့ ရုပ်သက်သက်ရှုရုံ၊ နာမ်သက်သက်ရှုရုံနဲ့ တရားမရနိုင်မင်္ဂမကျနိုင်လို့ပါပဲ။

ဒါပေမဲ့ ရုပ်နှစ်ခုသုံးခု၊ နာမ်နှစ်ခုသုံးခု စသည်တို့ကို တစ်ပြိုင်နက်၊ တစ်ပေါင်းတည်း ရှုဖို့တော့မလိုပါဘူး။ ထင်ရှားတဲ့ ရုပ်နာမ်တစ်ခုခုကို ရှုမှတ်ပြီးသိရင် တစ်ပြိုင်နက်ဖြစ်တဲ့ ရုပ်နာမ်တွေကို ရှုခြင်းကိစ္စ၊ သိခြင်းကိစ္စလဲ အလိုလိုပြီးစီးသွားပါတယ်။

ရှုတဲ့ရုပ်နာမ်ကလည်း ဖြစ်ပြီးခဲ့တဲ့ အတိတ်ရုပ်နာမ်၊ မဖြစ်သေးတဲ့အနာဂတ်ရုပ်နာမ် မဟုတ်ရပါဘူး။ "ဖြစ်ခိုက်ရုပ်နာမ်" ဆိုတဲ့အတိုင်း လောလောဆယ်ဖြစ်နေဆဲ ပစ္စုပ္ပန်ရုပ်နာမ်ကိုသာ ရှုရပါမယ်။

အတိတ်ရုပ်နာမ်ကလည်း ဖြစ်ပြီးသွားလို့ မရှိတော့ပါဘူး။ အနာဂတ်ရုပ်နာမ်ကလည်း မဖြစ်သေးလို့ မရှိသေးပါဘူး။ မရှိတဲ့ ရုပ်နာမ်ကို ရှုနေလို့ ဝိပဿနာဉာဏ်အစစ် မဖြစ်နိုင်ပါဘူး။ "ဘူတံ ဘူတတော ပဿတိ" ဆိုတဲ့အတိုင်း လောလောဆယ် ထင်ရှားရှိနေဆဲ ဖြစ်ခိုက်ရုပ်နာမ်၊ ပစ္စုပ္ပန်ရုပ်နာမ်ကို ရှုမှသာ ဝိပဿနာဉာဏ်အစစ် ဖြစ်နိုင်ပါတယ်။

"ဖြစ်တိုင်းဟန်" ဆိုတဲ့စကားနဲ့ ဝိပဿနာရှုပုံရှုနည်းကို ဖော်ပြ

http://www.dhammadownload.com

ပါတယ်။ ဝိပဿနာရှုတယ်ဆိုတာ ပါဠိစကားလုံးတွေ၊ အဘိဓမ္မာစကား လုံးတွေ၊ စိတ်စေတသိက်သရုပ်တွေ၊ ရုပ်သရုပ်တွေကို အထူးအထွေ ကျက်မှတ်ပြီး အဲဒီအတိုင်းလိုက်ရှုရမှာ မဟုတ်ပါဘူး။ အဲဒီလို ကျက်မှတ် ပြီး ရှုနေရင် သုတမယဉာဏ်(တစ်ဆင့်ကြားအသိ)၊ စိန္တာမယဉာဏ် (ကြံတွေးအသိ)ပဲ ဖြစ်နိုင်ပါတယ်။ ဘာဝနာမယဉာဏ် (ကိုယ်တွေ့ အသိ၊ မျက်မှောက်အသိ) မဖြစ်နိုင်ပါဘူး။

လောလောဆယ်ဖြစ်နေတဲ့ ကိုယ်အမူအရာ(ရုပ်)၊ စိတ်အမူ အရာ(နာမ်)ကို ဖြစ်နေတဲ့အတိုင်းလေး ရိုးရိုးရှင်းရှင်း ရှုမှတ်ရပါမယ်။

ဥပမာ – ကိုယ်အမူအရာ(ရုပ်)အနေနဲ့ သွားရင် 'သွားတယ်'၊ ရပ်ရင် 'ရပ်တယ်'၊ ထိုင်ရင် 'ထိုင်တယ်'၊ လျောင်းရင် 'လျောင်းတယ်'၊ ကွေးရင် 'ကွေးတယ်'၊ ဆန့်ရင် 'ဆန့်တယ်' လို့ ရှုမှတ်ရပါမယ်။ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" စသည်အားဖြင့် မြတ်စွာဘုရား တိုက် ရိုက် ဟောကြားထားတဲ့ ရှုမှတ်နည်းပါပဲ။

စိတ်အမူအရာ(နာမ်)အနေနဲ့ လိုချင်ရင် 'လိုချင်တယ်'၊ တပ် မက်ရင် 'တပ်မက်တယ်'၊ စိတ်ဆိုးရင် 'စိတ်ဆိုးတယ်'၊ တွေးရင် 'တွေး တယ်'၊ ပျင်းရင် 'ပျင်းတယ်' လို့ ရှုမှတ်ရပါမယ်။ "သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ" စသည်အားဖြင့် မြတ်စွာဘုရား တိုက်ရိုက် ဟောကြားထားတဲ့ ရှုမှတ်နည်းပါပဲ။ နေ့စဉ်သုံးစွဲနေကျ၊ အမြဲခေါ်ဝေါ် နေကျ စကားလုံးအတိုင်း ရှုမှတ်ရပါမယ်။

ဆောင်ပုဒ်ထဲမှာပါတဲ့ "အလုပ်" ဆိုတာ အလုပ်မရွေး ရှုမှတ် ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ အလုပ်မ

http://www.dhammadownload.com

ရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်အလုပ်လုပ်နေရလို့ ဝိပဿနာမရှု နိုင်ဘူးဆိုတာ မရှိစေရပါဘူး။

ချက်ပြုတ်တဲ့ စားသောက်တဲ့အလုပ်၊ ဖွပ်လျှော်တဲ့ ဝတ်ဆင်တဲ့ အလုပ်၊ ပြောဆိုတဲ့ နားထောင်တဲ့အလုပ်၊ ဈေးရောင်းတဲ့ ကားမောင်းတဲ့ အလုပ်၊ ကိုင်တွယ်တဲ့ ထုနှက်တဲ့အလုပ်၊ ဘာအလုပ်ပဲလုပ်လုပ် သတိ ထည့်ပြီးလုပ်ရင် ဝိပဿနာဖြစ်ပါတယ်။

သတိထည့်ပုံကလည်း မခက်ပါဘူး။ "ဖြစ်တိုင်းဟန်" ဆိုတဲ့ အတိုင်း ကိုယ်လုပ်နေတဲ့အလုပ်ကို လုပ်နေတဲ့အတိုင်းလေးမှတ်လိုက်၊ သိလိုက်ဖို့ပါပဲ။ ဥပမာ – ထမင်းလုတ်ဝါးရင် 'ဝါးတယ်'၊ ရေသောက်ရင် 'သောက်တယ်'၊ လုံချည်ပြင်ဝတ်ရင် 'ဝတ်တယ်' စသည်အားဖြင့်ပေါ့။

"နေရာ" ဆိုတာက နေရာမရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ နေရာမရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်နေရာရောက်နေလို့ ဝိပဿနာမရှုနိုင်ဘူးဆိုတာ မရှိစေရပါဘူး။

ဘတ်စ်ကားပေါ်မှာ၊ လမ်းဘေးပလက်ဖောင်းပေါ်မှာ၊ ရုံးခန်း ထဲမှာ၊ ဈေးထဲမှာ၊ ညှော်ခံပွဲ ပရိသတ်ထဲမှာ ဘယ်နေရာမှာပဲဖြစ်ဖြစ် သတိထည့်ပြီးနေရင် ဝိပဿနာဖြစ်ပါတယ်။

ဝိပဿနာတရားဆိုတာ ဘုရားခန်းလို တင့်တယ်တဲ့ နေရာမျိုး မှာမှ ရှုမှတ်လို့ရတာ မဟုတ်ပါဘူး။ အိမ်သာလို မတင့်တယ်တဲ့ ညစ်ပတ် နံစော်တဲ့နေရာမျိုးမှာလည်း ရှုမှတ်လို့ရပါတယ်။ မြတ်စွာဘုရား ကိုယ် တော်တိုင် "ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ = ကျင်ကြီး ကျင်ငယ်စွန့်ရင်းလည်း သတိ၊ ပညာနဲ့စွန့်ပါ" လို့ တိုက်ရိုက်ဟောတော်

http://www.dhammadownload.com

မှုပြီးသွားပါ။

အိမ်သာတက်တတ်ရင် အိမ်သာတက်ရင်း ကုသိုလ်ရပါတယ်။ စွန့်ချင်ရင် 'စွန့်ချင်တယ်'၊ စွန့်ရင် 'စွန့်တယ်'၊ နံရင် 'နံတယ်'၊ ဗိုက်နာရင် 'နာတယ်'လို့ မှတ်သိနေရုံပါပဲ။

လွယ်သလောက် ခရီးရောက်တာ သတိပဋ္ဌာန်ပါ။ ယူတတ်ရင် ကုသိုလ်က နေရာတိုင်းမှာ ရနိုင်ပါတယ်။ အိမ်သာတက်ရင်းနဲ့တောင် ဝိပဿနာကုသိုလ်ယူနိုင်တယ် ဆိုမှတော့ တခြားနေရာဆို မပြောနဲ့တော့။

"ဣရိယာ" ဆိုတာ ဣရိယာပုတ်မရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ ဣရိယာပုတ်မရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်ဣရိယာပုတ်ဖြစ်နေလို့ ဝိပဿနာမရှုနိုင်ဘူးဆိုတာ မရှိစေရပါဘူး။

သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းလို့ ဣရိယာပုတ်လေးပါးရှိတယ်ဆိုတော့ သွားရင်'သွားတယ်'၊ ရပ်ရင်'ရပ်တယ်'၊ ထိုင်ရင် 'ထိုင်တယ်'၊ လျောင်းရင်'လျောင်းတယ်' လို့ ရှုမှတ်နေရုံပါပဲ။ လွယ်လိုက်တာမပြောပါနဲ့တော့။ ခွံ့ပေးတဲ့ထမင်းလုတ် ဝါးရတာလောက်တောင် မခက်ပါဘူး။

"ချိန်ခါမရွေးရှု" ဆိုတာကတော့ ရှင်းပါတယ်။ အချိန်မရွေးရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ အချိန်မရွေး ရှုမှတ်လို့ရတဲ့တရားပါ။ ဘယ်အချိန်ဖြစ်နေလို့ ဝိပဿနာမရှုနိုင်ဘူးဆိုတာ မရှိစေရပါဘူး။ မနက်အိပ်ရာနိုးတဲ့အချိန်ကစပြီး ညအိပ်ရာဝင်

http://www.dhammadownload.com

အိပ်ပျော်သွားတဲ့အချိန်အထိ အချိန်တိုင်းမှာ သတိကပ်ထားရင် ဝိပဿနာ ဖြစ်ပါတယ်။

အိပ်ရာနိုးတဲ့အချိန်မှာ 'နိုးတယ်' လို့ရှုမှတ်ပြီး တစ်နေ့တာအချိန်ကို စတင်လိုက်ပါ။ အဲဒီနောက် တစ်နေ့တာလုံး မြင်တဲ့အချိန်မှာ 'မြင်တယ်'၊ ကြားတဲ့အချိန်မှာ 'ကြားတယ်'၊ နံတဲ့အချိန်မှာ 'နံတယ်'၊ မွှေးတဲ့အချိန်မှာ 'မွှေးတယ်'၊ စားတဲ့အချိန်မှာ 'စားတယ်'၊ ထိတဲ့အချိန်မှာ 'ထိတယ်'၊ သိတဲ့အချိန်မှာ'သိတယ်'လို့ ရှုမှတ်ပြီး တစ်နေ့တာအချိန်တွေကို ဖြတ်သန်းလွန်မြောက်ပါ။ ညအိပ်ရာဝင်တဲ့အချိန်ကျတော့ 'အိပ်တယ်' လို့ ရှုမှတ်ရင်း တစ်နေ့တာအချိန်ကို အဆုံးသတ်လိုက်ပါ။

အဲဒီလို ဝိပဿနာအလုပ်ကို အချိန်ဆက်နိုင်သမျှဆက်အောင် အမြဲမပြတ် ကြိုးပမ်းအားထုတ်သွားမယ်ဆိုရင် ပုထုဇဉ်ဘဝနဲ့ ရှိနေသေးတယ်ပဲထားဦး၊ ဝိပဿနာရဲ့တန်ခိုးကြောင့် စိတ်ဓာတ်ရင့်ကျက်နေတဲ့အတွက် ဘယ်လိုပုံစံမျိုးနဲ့ ချစ်ရတဲ့လူကိုမဆို ဘယ်လိုပုံစံမျိုးနဲ့ပဲ လမ်းခွဲရ လမ်းခွဲရ ဘယ်တော့မှ ဝမ်းမနည်းတော့ပါဘူး။ ခေတ္တခဏအခွဲ၊ အခိုက်အတန့်အခွဲ၊ ခပ်ကြာကြာအခွဲ၊ အပြီးအပိုင်အခွဲ၊ ယာယီအခွဲ၊ တာရှည်အခွဲ၊ ရှင်လျက်လမ်းခွဲ၊ သေပြီးလမ်းခွဲ၊ ဘယ်လမ်းခွဲမျိုးကိုမဆို အပြုံးမပျက် ခံနိုင်ရည်ရှိသွားပါတယ်။

http://www.dhammadownload.com



## အပ္ပမာဒေန သမ္ပာဒေထ

ဒါကြောင့် ဒီနေ့ တရားနာပရိသတ်များ မိမိတို့ရဲ့ စိတ်ဓာတ်ရင့်ကျက်ပြီးတော့ အသိဉာဏ် မြင့်တက်အောင် မရဏာဿတိနဲ့တကွ သမထ,ဝိပဿနာဘာဝနာတရားတွေ ပွားများအားထုတ်နိုင်ကြပါစေ၊ ပွားများအားထုတ် နိုင်ကြတဲ့အတိုင်းလည်း ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက်မှောက် ပြုနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဦးပဥ္စင်းတို့ရဲ့ တရားကို နိဂုံးချုပ်ပါတော့မယ်။

သံဝေဂ၊ သို့မဟုတ် ဓမ္မသံဝေဂ ပွားများတဲ့အနေနဲ့ ဆောင်ပုဒ်လေးတွေ တစ်ခေါက်စီ လိုက်ဆိုကြပါ။

နုနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်း၊ အိုခြင်းနောက်ဆုံးပါတကား။

အားအင်ပြည့်တင်း၊ ကျန်းမာခြင်း၊ နာခြင်းနောက်ဆုံးပါတကား။

ဇီဝိန်တင်းလင်း၊ သက်ရှင်ခြင်း၊ သေခြင်းနောက်ဆုံးပါတကား။

http://www.dhammadownload.com

ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်း၊ ကွေကွင်းနောက်ဆုံးပါ တကား။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန – မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ – သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာ သုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြ ပါစေကုန်သတည်း။ ။

သာဓု .... သာဓု .... သာဓု ပါဘုရား။



၂၀၀၀ ပြည့်နှစ်၊ မေလ(၃၀)ရက်၊ သထုံမြို့ မြသပိတ်တောင်ခြေ
သဒ္ဓမ္မဇောတိကကျောင်းတိုက်၊ ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနဌ
ဟောကြားအပ်သော တရားတော်ကို ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

http://www.dhammadownload.com

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌

ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ

ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။



http://www.dhammadownload.com

■ သေရင်ပြီးပြီလို့ ဘယ်လိုပဲ
ယူဆထားယူဆထား
တကယ်သေခါနီးကျရင်
ဘဝအသစ်တစ်ခုကို
တွယ်တာတပ်မက်တဲ့တဏှာ
သေချာပေါက်ဖြစ်ပါတယ်။
အဲဒီတဏှာကြောင့်ပဲ
ဘဝအသစ်တစ်ခုကို
မလွဲမသွေ လားရောက်ရပါတယ်။
ကိုယ်ရောက်ချင်တဲ့ဘဝကိုတော့
မရောက်နိုင်ပါဘူး။ ကိုယ့်ကံနဲ့
ထိုက်တန်တဲ့ဘဝကိုပဲ ရောက်နိုင်ပါတယ်။

■ ပစ္စည်းဥစ္စာအကြောင်းပြုပြီးတော့
မာနဖြစ်မယ်ကြံရင် ကိုယ့်ထက်
ပစ္စည်းဥစ္စာပြည့်စုံသူတွေကို
အာရုံပြုပြီး "အို . . . ငါ့သူ့လောက်
မချမ်းသာဘဲနဲ့ ဘာလို့မာနကြီးနေမှာလဲ"
လို့ဆင်ခြင်လိုက်ရင်
မာနဖြစ်စရာ မရှိတော့ပါဘူး။
ရာထူး၊ ရုပ်အဆင်း၊ ပညာ
စသည်လည်းနည်းတူပါပဲ။
လောကမှာ ဗုဒ္ဓဘုရားကလွဲရင်
လူတိုင်းမှာ ကိုယ့်ထက်သာတဲ့လူ
အနည်းဆုံးတစ်ယောက်တော့
မလွဲမသွေရှိနေတာပါပဲ . . .။

http://www.dhammadownload.com



# သေမှာအေးမယ်

ဒီနေ့ဟောမယ့်တရားခေါင်းစဉ်က ဘာတဲ့လဲ၊ 'သေမှာအေးမယ်' တဲ့၊ မနှစ်က တတိယအကြိမ်မြောက် တရားစခန်းမှာ ယောဂီတချို့ စည်းကမ်း အပြည့်အဝ မလိုက်နာတဲ့အတွက် တရားစခန်းသိမ်းခါနီး နောက်ဆုံးတရားပွဲရက်မှာ ဆူလိုက်ရသေးတယ်ပေါ့၊ တရားထဲမှာနောက်သလိုလိုနဲ့ဆူလိုက်တယ်၊ ဆူသလိုလိုနဲ့နောက်လိုက်တာပါပဲ။ ဒေါသသံတော့ မပါပါဘူး။

ဒီနှစ်တော့ ယောဂီတို့ကို လုံးဝမဆူတော့ဘူးလို့ ဆုံးဖြတ်ထားပါတယ်။ တရားစခန်းမစခင် ရက်အတော်ကြာကြာကတည်းက သထုံက ဒကာတွေက မေးတယ်၊ 'ဒီနှစ်တရားစခန်း စည်းကမ်းတင်းကျပ်မှာလား၊ ဆူဦးမှာလား' ပေါ့။ 'စည်းကမ်းလည်း မတင်းကျပ်တော့ပါဘူး၊ ဆူလည်း မဆူတော့ပါဘူး၊ ယောဂီတွေ စိတ်ချမ်းသာသလိုပဲ နေကြပါ

http://www.dhammadownload.com

စေတော့' လို့ အဲဒီလိုပဲ ဦးဇင်းက မကြာမကြာပြောပြောထားတာနော်။

ယောဂီတို့ကို ဦးဇင်းက ဆူချင်တဲ့စိတ် လုံးဝမရှိပါဘူး။ ဆူချင်စိတ်လုံးဝမရှိဘူးဆိုတာ ပေါ်လွင်ထင်ရှားအောင်လို့ တရားခေါင်းစဉ်ကိုက ဘယ်လိုတဲ့တုံး၊ 'သေမှအေးမယ်' တဲ့။

သေမှအေးမယ်ဆိုတော့ ယောဂီတို့ကို ဆူတာလား၊ မေတ္တာပို့တာလား၊ မေတ္တာပို့တာနော်။ ယောဂီတို့အပေါ်မှာ မေတ္တာကြီးမားလွန်းလို့ တရားခေါင်းစဉ်လေးကိုက မေတ္တာသံတွေအပြည့်အဝ လွှမ်းခြုံနေပါတယ်။ ဘာတဲ့တုံး။ 'သေမှအေးမယ်' တဲ့။

ယောဂီတို့က စိတ်ပူတာကြိုက်လား၊ စိတ်အေးတာကြိုက်လား၊ စိတ်အေးတာကြိုက်တယ်။ ပူတာနဲ့အေးတာ ဘာကို လိုချင်သလဲ၊ အေးတာ လိုချင်တယ်၊ အေးတာ လိုချင်ရင် သေလိုက်၊ ဘာလို့လဲဆိုတော့ သေမှအေးမယ်လို့ ဆိုထားတာကိုးနော်။ အေးချင်တယ်ဆိုတော့ သေမှကို အေးတော့မှာ။

'အဲဒီတော့ ဦးဇင်း သေမှအေးမှာလား၊ ယောဂီတို့သေမှ အေးမှာလား'

'အားလုံးသေမှအေးမှာပါဘုရား'

'ကဲ ဒါဆိုရင်လည်း အားလုံးသေလိုက်ကြစို့'

သွားမလုပ်ပါနဲ့၊ ဦးဇင်းသေလည်း မအေးသေးပါဘူး။ ယောဂီတို့သေလည်း မအေးသေးပါဘူး။ ဘယ်သူသေမှ အေးမှာလဲဆိုတော့ ဒီ 'သေမှအေးမယ်' ဆိုတဲ့ စကားက မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားတော်မူထားတဲ့ စကားဖြစ်ပါတယ်။

http://www.dhammadownload.com

သေမှာအေးမယ်၊ ဘယ်သူသေမှ အေးမှာလဲဆိုရင် 'အမေ သေမှအေးမယ်၊ အဖေသေမှအေးမယ်၊ မင်းနှစ်ပါးသေမှအေးမယ်၊ အမှူးဆောင်သေမှအေးမယ်' တဲ့။

အမေ သေလို့ရှိရင်လည်း အေးတော့တာပဲတဲ့၊ ယောဂီတို့ အိမ်မှာ အမေက မဆူဘူးလား။ ဆူတယ်။ ဆူတော့ နားပူလား၊ နားအေးလား၊ နားပူတယ်၊ နားပူရင် နားအေးအောင် ဘယ်လို လုပ်ရမှာတုံး။ အမေ့ သွားမသတ်လိုက်နဲ့နော်။

မြတ်စွာဘုရားရှင်ရဲ့ တရားတော်က ဥပမာလေးနဲ့ တင်စားပြီး ဟောထားတာပါ။ အမေ သေမှ အေးမယ်၊ အမေကို သတ်ရမယ်ဆိုပြီးတော့ တကယ့်အမေ၊ ကိုယ့်ကို မွေးထုတ်ပေးလိုက်တဲ့ လူသားအမေကို သွားသတ်လိုက်ရင်တော့ မာတုဃာတကကံ ထိုက်ပြီးတော့ သေရင် အဝီစိငရဲကျပါလိမ့်မယ်။

အဖေသေမှအေးမယ်၊ အဖေကိုသတ်ပါဆိုတဲ့တရားကို နားထောင်ပြီးတော့ အဓိပ္ပာယ်ကို သေချာမသိဘဲနဲ့ တကယ့် အဖေကို သွားသတ်လိုက်လို့ရှိရင် ပိတုဃာတကကံ ထိုက်ပြီးတော့ သေရင် အဝီစိငရဲ ဗိဇာမလိုဘဲနဲ့ ချက်ချင်းကျသွားပါလိမ့်မယ်။

မင်းနှစ်ပါးသေမှ အေးမယ်၊ မင်းနှစ်ပါးကို သတ်ရမယ်ဆိုပြီးတော့ တကယ့်ရှင်ဘုရင်၊ တကယ့်မင်းနှစ်ပါးကို သွားသတ်လို့ရှိရင်လည်း ပါဏာတိပါတကံထိုက်ပြီးတော့ သေရင် အပါယ်လေးဘုံ ကျရောက်ရလိမ့်မယ်။

အမှူးဆောင်သေမှ အေးမယ်၊ အမှူးဆောင်သတ် ဆိုပြီးတော့

http://www.dhammadownload.com

အမှုဆောင် သွားသတ်လိုက်လို့ ရှိရင်လည်း ပါဏာတိပါတကံ ထိုက်ပြီးတော့ သေလို့ရှိရင် အပါယ်လေးပါး ကျရောက်မှာပါပဲ။

သေမှရောက်မှာလားဆိုတော့ မဟုတ်ဘူး၊ ပစ္စုပ္ပန်မှာလည်း အမေသတ်တယ်၊ အဖေသတ်တယ်၊ မင်းနှစ်ပါးသတ်တယ်၊ အမှုဆောင် သတ်တယ်ဆိုရင် မင်းပြစ်မင်းဒဏ် သင့်မှာပေါ့။ ရာဇဝတ်ဘေး သင့်မှာပေါ့။ ပြစ်မှုအားလျော်စွာ ထောင်ဒဏ်၊ သို့မဟုတ် သေဒဏ်၊ သို့မဟုတ် တစ်သက်တစ်ကျွန်း စသည်အားဖြင့် အပြစ်ဒဏ်တွေခံကြရမှာပေါ့။

အဲဒီလို ကိုယ့်ရဲ့ ပစ္စုပ္ပန်ဘဝ မျက်စိနဲ့မြင်တွေ့နေရတဲ့ အမေ၊ အဖေ၊ မင်းနှစ်ပါး၊ အမှုဆောင်ကို သတ်ရမှာမဟုတ်ပါဘူးတဲ့။ အမေနဲ့ တူတဲ့တရား၊ အဖေနဲ့တူတဲ့တရား၊ မင်းနှစ်ပါးနဲ့တူတဲ့တရား၊ အမှုဆောင်နဲ့တူတဲ့တရားကို သေအောင်သတ်ရမှာပါတဲ့။ အဲဒီတရားတွေကို သေအောင် သတ်မှပဲ အေးပါလိမ့်မယ်တဲ့။

အဲဒီလိုပြောလိုက်တော့ တရားနာပရိသတ်များကလည်း စိတ်ဝင်စားသွားမှာပေါ့။ အမေနဲ့တူတဲ့တရားဆိုတာ ဘယ်သူများပါလိမ့်၊ အဖေနဲ့တူတဲ့ တရားဆိုတာ ဘာများပါလိမ့်ပေါ့နော်။ မြတ်စွာဘုရားရှင်ကလည်း တမင်ကို စိတ်ဝင်စားအောင် ဟောထားတာပါပဲနော်။

ဒီတရားက ဘယ်သူ့ကို အကြောင်းပြုပြီးတော့ ဟောတာလဲဆိုရင် လကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြုပြီးတော့ ဟောထားတာဖြစ်ပါတယ်။

တစ်ခါတော့ မြို့ခြား၊ နယ်ခြားက အာဂန္တုရဟန်းတော်တွေ

http://www.dhammadownload.com

မြတ်စွာဘုရားကို လာပြီးတော့ ဖူးကြတယ်။ နေ့ဆွမ်းစားပြီးတဲ့အချိန် မြတ်စွာဘုရားရှင်ကလည်း ဂန္ဓကုဋိကျောင်းရှေ့လေးမှာ ထိုင်ပြီးတော့ နေ့သန့်စင်နေတယ်။ အဲဒီအချိန်မှာ အာဂန္တုရဟန်းတော်တွေက မြတ်စွာဘုရားရှင်ရဲ့ရှေ့တော်မှောက်မှာ ဝိုင်းပြီးတော့ ထိုင်နေကြတယ်။

ကွပ်ပျစ်ကလေးပေါ်မှာ ထိုင်နေတယ်ဆိုတော့ ဘယ်လိုထိုင်မတုံး။ တင်ပျဉ်ခွေထိုင်မလား၊ ခြေထောက်ချထိုင်မလား၊ ဘယ်လိုထိုင်မယ်ထင်တုံး။ ဘုရားပုံဆိုလို့ရှိရင် လူတွေက တင်ပျဉ်ခွေလေး ထိုင်နေတယ်လို့ပဲ ထင်ကြတယ်နော်။ မြတ်စွာဘုရား ခြေထောက်ချပြီးတော့ ထိုင်နေတဲ့ပုံ မြင်ဖူးတယ်မဟုတ်လား။

ဘယ်မှာ မြင်ဖူးတုံး။ ကျိုက်မရောမှာလား၊ မြန်မာပြည်အနှံ့ ဘုရားဖူးသွားဖူးတဲ့ သူတွေတော့ မြင်ဖူးမှာပေါ့လေ။ ကျိုက်မရောဘက် မရောက်ဖူးသေးတဲ့ သူတွေကတော့ မြတ်စွာဘုရား ခြေထောက်ချပြီး သီတင်းသုံးနေတဲ့ပုံ ကျိုက်မရော ဆုတောင်းပြည့်ဘုရားမှာ သွားဖူးလို့ရပါတယ်။

ဒါ တကယ်လည်းပဲ ထိုင်တာပါပဲနော်။ မြတ်စွာဘုရား အမြဲတမ်းကြီး တင်ပျဉ်ခွေမထိုင်ပါဘူး။ တစ်ခါတစ်ရံ အဲဒီလို ကွပ်ပျစ်ကလေးမှာ ခြေထောက်လေးချပြီးတော့ ထိုင်နေတာပါပဲ။

အဲဒီလို မြတ်စွာဘုရားက ကွပ်ပျစ်ကလေးမှာ ခြေထောက်လေးချပြီးတော့ သီတင်းသုံးနေ၊ အာဂန္တုရဟန်းတော်တွေကလည်း ဆောက ဝိုင်းပြီးတော့ ထိုင်နေတဲ့အချိန်။

အဲဒီအချိန်မှာ အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်က သူတို့နဲ့

http://www.dhammadownload.com

မလှမ်းမကမ်းကနေ ဖြတ်လျှောက်သွားတယ်။ မြတ်စွာဘုရားရဲ့ မလှမ်းမကမ်းက ဖြတ်လျှောက်သွားလို့ဆိုပြီးတော့ ဘုရားရှေ့မှာ ဝင်ပြီးတော့ မထိုင်လိုက်ဘူး။ အာဂန္တုရဟန်းတော်တွေနဲ့ ရောပြီးတော့ တစ်အုပ်စုထဲ မထိုင်လိုက်ဘူး။ သူ့လမ်းသူ ဆက်သွားတယ်။

အာဂန္တုရဟန်းတော်တွေကလည်း ဘုန်းကြီးပုပုလေး မမြင်ဖူးဘူးဆိုတော့ ဝိုင်းပြီးတော့ ကြည့်ကြတယ်၊ ပထမတော့ ဘုရားကိုကြည့်ပြီးတော့ ဖူးနေကြတာ၊ ကိုယ့်ဘေးက ဦးပဥ္စင်းပုပုလေး၊ဘုန်းကြီးပုပုလေးက ဖြတ်သွားတယ်ဆိုတော့ အဲဒီ ဦးပဥ္စင်းလေးဆီမှာ ဝိုင်းပြီးတော့ ကြည့်နေကြတယ်။

အဲဒီမှာ မြတ်စွာဘုရားက 'သြော် ... ရဟန်းတော်တွေ ငါ့ဆီ စိတ်မရောက်တော့ဘူး၊ ဟိုရဟန်းတော်ဆီ စိတ်ရောက်သွားပြီ၊ ငါ့သားတော်ကြီးဆီ စိတ်ရောက်သွားပြီ'

စိတ်ရောက်ရုံတင်မကဘူး။ စိတ်ကလည်း အမျိုးမျိုးတွေးနေမှာပေါ့။ ဒီကိုယ်တော် ဘယ်လို ကိုယ်တော်လဲ၊ ဘုရားနားက ဖြတ်သွားတာ တောင်မှ ဘုရားကို ဝတ်မချဘူး။ လူပုသလောက် တော်တော်အပြောရခက်မယ့် ကိုယ်တော်ပဲ ထင်တယ်၊ အဲဒီလိုပေါ့လေ အမျိုးမျိုးလျှောက်တွေးနေကြတာပေါ့။

အဲဒီမှာ မြတ်စွာဘုရားရှင်က ဒီရဟန်းတော်တွေ ဒီ ဦးပဥ္စင်းနဲ့ ပတ်သက်လို့ တွေးနေကြတာသိတော့ ဒီဦးပဥ္စင်းပုပုလေးကို အကြောင်းပြုပြီးတော့ပဲ သူတို့ကို တရားရအောင် တရားဟောမှပဲ ဆိုပြီးတော့ မြတ်စွာဘုရားက စကားလေး စလိုက်တယ်။

http://www.dhammadownload.com

'ချစ်သားတို့၊ ကြည့်လိုက်စမ်း၊ ကြည့်လိုက်စမ်း၊ ဟိုမှာ ရဟန်းတော်လေးတွေ့တယ်မဟုတ်လား။ သူပေါ့ အဲဒီရဟန်းတော်လေးပေါ့။ အမေ သတ်ပြီးတော့ နိဗ္ဗာန်ရောက်သွားတာ၊ သူပေါ့ အဖေ သတ်ပြီးတော့ နိဗ္ဗာန်ရောက်သွားတာ၊ သူပေါ့ မင်းနှစ်ပါးကို သတ်ပြီးတော့ နိဗ္ဗာန်ရောက်သွားတာ၊ သူပေါ့ အမှုဆောင်အမတ်ကို သတ်ပြီးတော့ နိဗ္ဗာန်ရောက်သွားတာ'

'သူပေါ့၊ အမေသေအောင် လုပ်၊ အဖေသေအောင်လုပ်၊ မင်းနှစ်ပါးသေအောင် လုပ်၊ အမှုဆောင်အမတ်ကို သေအောင် လုပ်ပြီးတော့ ဆင်းရဲဒုက္ခခပ်သိမ်း ချုပ်ငြိမ်းသွားတာ'

အဲဒီလိုပြောလိုက်တော့ ပိုပြီးတော့ စိတ်ဝင်စားသွားတာပေါ့။ နဂိုကတည်းက အရုပ်ပုပုလေးမို့ စိတ်ဝင်စားရတဲ့ အထဲမှာ၊ အရုပ်က ဘယ်လောက်ပုတယ်ဆိုတဲ့ အတိုင်းအတာကတော့ စာထဲမှာ ပြမထားပါဘူး။ သာမန်ပုပါတယ်ဆိုတဲ့ သူတွေထက်တော့ အများကြီး ပိုပြီး ပုတဲ့ သဘောရှိပါတယ်။

သက်တော်ကတော့ ရှစ်ဆယ်ပတ်ဝန်းကျင်ရှိပါပြီ၊ သက်တော်ရှစ်ဆယ်ပတ်ဝန်းကျင်ရှိပေမယ့် ငါးနှစ်ခြောက်နှစ်သား အရုပ်အမောင်းလောက်ပဲ ရှိတာပေါ့။ ဘာကြောင့် ဒီလို အရုပ်ပုရသလဲဆိုတာတော့ နောက်ပိုင်းမှာ အချိန်ရရင်တော့ ပြောပါမယ်။

အဲဒီတော့ ရဟန်းတော်တွေက စိတ်ဝင်စားတယ်။ ဘယ်လိုများပါလိမ့်၊ မြတ်စွာဘုရား ဘယ်လိုများ မိန့်တော်မူလိုက်တာပါလိမ့်၊ အမေ သတ် ငရဲရောက်မယ့်ဟာ အခု နိဗ္ဗာန်ရောက်သတဲ့။ အဖေသတ် ငရဲ

http://www.dhammadownload.com

ရောက်ရမယ့်ဟာ အခု နိဗ္ဗာန်ရောက်သတဲ့။ မင်းနှစ်ပါးသတ် ထောင်ကျရမယ့်ဟာ အခုတော့ နိဗ္ဗာန်ရောက်သတဲ့။ အမှုဆောင်သတ်ရင် အမှုဖြစ်ရမယ့်ဟာ အခု နိဗ္ဗာန်ရောက်သတဲ့၊ ဘယ်လိုများပါလိမ့်။

စိတ်ဝင်စားသွားတယ်၊ ဦးပဥ္စင်းပုပုလေးကို လှည့်ကြည့်နေရာကနေ မြတ်စွာဘုရားရှင်ဘက် လှည့်ကြည့်ပြီးတော့ မြတ်စွာဘုရားမိန့်ကြားတဲ့ စကားလေးအပေါ်မှာ စိတ်ဝင်စားသွားပါတယ်။ ဒါနဲ့ 'မြတ်စွာဘုရား၊ မြတ်စွာဘုရား မိန့်တော်မူတဲ့ စကားအဓိပ္ပာယ်ကိုဘုရားတပည့်တော်တို့ နားလည်အောင် အကျယ်တဝင့် ဟောပြတော်မူပါဘုရား'၊ လျှောက်ထား တောင်းပန်တော့မှ မြတ်စွာဘုရားက ....

ဂါထာလေးတစ်ပုဒ်ဟောပါတယ်။

ဦးဇင်းတို့ သင်္ဂါယနာတင်ထားတာကတော့ ဂါထာတစ်ပုဒ်တည်းပေါ့။ တကယ့် အပြင်မှာကတော့ မြတ်စွာဘုရား အကျယ်ချဲ့ပြီးတော့ ဟောကြားတော်မူမှာပါပဲ။ အကျယ်ဟောလို့လည်း အဓိပ္ပာယ်သိပြီးတော့ အဲဒီရဟန်းတော်တွေ ဒီဂါထာလေးရဲ့အဆုံးမှာ ရဟန္တာဖြစ်သွားကြပါတယ်။

စာထဲမှာရှိတာတော့ ဂါထာလေးတစ်ပုဒ်ပဲ။ အဲဒီဂါထာလေးကို အရှိအရှိအတိုင်း ဟောလိုက် ပြောလိုက်ရင် တစ်မိနစ်နဲ့ ပြီးပါတယ်။

မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ ခတ္တိယေ။

ရဋ္ဌံ သာနုစရံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။

ဒီဂါထာရဲ့ အဓိပ္ပာယ်ကတော့ 'အမေကို သေအောင်သတ်၊ အဖေကို သေအောင်သတ်၊ မင်းနှစ်ပါးကို သေအောင်သတ်၊ တိုင်းပြည်

http://www.dhammadownload.com

အနှံ့ လျှောက်ပြီးတော့ လှည့်လည်စစ်ဆေးရတဲ့ အမှုဆောင်အမတ်ကို သေအောင်သတ်၊ အဲဒီလို သေအောင်သတ်နိုင်မယ်ဆိုရင် ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းနိုင်ပါတယ်။ ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်' တဲ့။ ဒါပဲ တရားက။

■

http://www.dhammadownload.com

## ကိုယ်မွေးလို့ ကိုယ့်အမေဖြစ်လာတာပါ

အဲဒီတော့ အမေနဲ့တူတဲ့တရားဆိုတော့ ဘာဖြစ်မယ်ထင်တုံး။ ယောဂီတို့ စဉ်းစားကြည့်ပါဦး။ နာဖူးပြီးသားသူကတော့ မပြောနဲ့ပေါ့လေ၊ တခြားတစ်နေရာရာမှာ နာဖူးပြီးသား ဖြစ်ချင်လည်း ဖြစ်နေမှာ၊ ကိုယ့်တာသာကိုယ် တွေးကြည့်လိုက်၊ သတ်သင့်သတ်ထိုက်တဲ့ အမေနဲ့ တူတဲ့ တရားဆိုတာ ဘာဖြစ်မယ်လို့ ထင်တုံး။

အဲဒီတော့ ယောဂီတို့ကို အခုလူ့ဘဝရောက်အောင် ဘယ်သူက မွေးထုတ်လိုက်တာတုံး။ အမေက မွေးထုတ်လိုက်တာနော်။ ကိုးလလွယ်ပြီးတော့ ဆယ်လပြည့်တဲ့အခါ မွေးထုတ်ပေးလိုက်တယ်။ အမေမွေးလိုက်လို့ လူဖြစ်လာတာလို့ ပြောရမှာပေါ့။

တစ်နည်းပြောရင်တော့ အမေကြောင့် လူဖြစ်လာရတာပေါ့။ အဖေလည်း ပါတော့ပါတာပေါ့နော်။ ဒါပေမဲ့ အဖေက ပါတယ်ဆိုတာ

http://www.dhammadownload.com

နည်းနည်းပဲ ပါတာ၊ အမေက အဓိကကျတယ်။ အဖေမပါဘဲနဲ့လည်း လူရယ်လို့တော့ မဖြစ်နိုင်ဘူးပေါ့နော်။ ဒါပေမဲ့ အနီးကပ်ဆုံး အနေနဲ့ ပြောလိုက်တော့ အမေ့ဗိုက်ထဲကထွက်လာတာလား၊ အဖေ့ဗိုက်ထဲက ထွက်လာတာလားဆိုရင် အမေ့ဗိုက်ထဲက ထွက်လာတာ။

ဒါကြောင့် သတ္တဝါတစ်ဦးတစ်ယောက်ရယ်လို့ ဖြစ်လာတာ၊ လူအနေနဲ့ပဲ ကြည့်မယ်ဆိုရင် လူတစ်ဦးတစ်ယောက်ဖြစ်လာတာဟာ အမေက မွေးဖွားပေးလိုက်လို့ပါ။ ဒါက ပစ္စုပ္ပန်မျက်မြင်အနေနဲ့ပေါ့။ ပညတ်နယ်ပယ်အနေနဲ့ပေါ့။ တရားသဘောရှုထောင့် မဟုတ်ဘဲ လူတိုင်းသိတဲ့ ရှုထောင့်အနေနဲ့ပေါ့။

သာမန်မျက်စိ၊ အပေါ်ယံမျက်စိနဲ့ ကြည့်လိုက်လို့ရှိရင်တော့ ဒီဘဝ အမေလို့ ခေါ်နေတဲ့၊ မေမေလို့ ခေါ်နေတဲ့၊ မာမီလို့ ခေါ်နေတဲ့၊ မားမားလို့ ခေါ်နေတဲ့ ခေါ်တာတော့ အမျိုးမျိုးရှိမှာပေါ့၊ အဲဒီ အမေက ကိုယ့်ကို မွေးထုတ်လိုက်တာပါ၊ ဒီဘဝ အများအသိအမှတ်ပြုထားတဲ့ အမေကလည်းရှိတယ်၊ အဖေရဲ့ အကြောင်းအကျိုး ဆက်စပ်မှုလည်းရှိတယ်။

ဒါပေမဲ့ ဒီလူ့ဘဝကို တွယ်တာတပ်မက်တဲ့ တဏှာမရှိဘဲနဲ့ လူ့ဘဝ ရောက်လာနိုင်ပါ့မလား။ မရောက်လာနိုင်ဘူး။

ဒီဘဝ အမေ ဘယ်လောက်ပဲရှိရှိ၊ ဘယ်လောက်ပဲ ကျန်းမာရေး ကောင်းကောင်း၊ ဘယ်လောက်ပဲ အဆင်သင့်ဖြစ်နေနေ၊ ကိုယ်က ဒီလူ့ဘဝအပေါ်မှာ တွယ်တာတပ်မက်တဲ့တဏှာသာ မရှိဘူးဆိုရင် ဒီ အမေ့ဝမ်းထဲမှာ မဝင်ပါဘူး။ အမေ့ဝမ်းထဲမှာလာပြီးတော့ မဝင်စားပါ

http://www.dhammadownload.com

ဘူး။

အရှင်ဘုရား သေခါနီးတုန်းက ဒီလူ့ဘဝအပေါ်မှာ တွယ်တာ တပ်မက်တဲ့ တဏှာလေးဖြစ်လိုက်လို့ ဒီလူ့ဘဝမှာလာပြီးတော့ လူလာ ဖြစ်တာဖြစ်ပါတယ်။

ခွေးတွေဆိုလို့ရှိရင်လည်း ဒီလိုပဲပေါ့၊ အရှင်ဘုရား သူတို့ စုတိ စိတ်ကျခါနီးတုန်းက ခွေးဘဝအပေါ်မှာ တွယ်တာတပ်မက်တဲ့ တဏှာ လေးဖြစ်လိုက်သေးတယ်။ အဲဒီ တဏှာကြောင့်ပဲ ခွေးဘဝမှာ ခွေးအဖြစ် နဲ့ မွေးဖွားလာရပါတယ်။

နတ်တွေလည်း ဒီအတိုင်းပါပဲ။ အရှင်ဘုရား သေခါနီး၊ စုတိစိတ် ကျခါနီးတုန်းက နတ်ဘဝအပေါ်မှာ တွယ်တာတပ်မက်တဲ့ တဏှာလေး ဖြစ်လိုက်သေးတယ်။ အဲဒီတဏှာကြောင့် နတ်အဖြစ်နဲ့ သတ္တဝါတစ်ဦး တစ်ယောက်ရယ်လို့ ဖြစ်လာရပါတယ်။

အဲဒီတော့ လူတစ်ဦးတစ်ယောက်ဖြစ်လာရတယ်ဆိုတာ ဘဝ နိကန္တိကတဏှာလို့ခေါ်တဲ့ ဘဝအပေါ်မှာ တွယ်တာတပ်မက်တဲ့ တဏှာ ရှိလို့ ဖြစ်လာရတာပါ။ ဘယ်သူမဆို သေခါနီးမှာ ဘဝတစ်ခုခုကို တွယ် တာတပ်မက်တဲ့ တဏှာကတော့ ဖြစ်ကိုဖြစ်ပါတယ်။

တချို့က နောက်ဘဝမယုံဘူး၊ သေပြီးပြီးတာပဲ၊ သေပြီးအေး တာပဲလို့ ယူဆကြတယ်။ 'ဘဝဆိုတာ ပုခက်နဲ့ခေါင်းကြားပဲ'လို့ ဘယ် လောက်ပဲ ခိုင်ခိုင်မာမာ ယူဆထား ယူဆထား၊ တကယ် သေတော့မယ် ဆိုရင်တော့ ဘဝတစ်ခုခုကို လိုချင်တဲ့တဏှာလေး ဖြစ်ကိုဖြစ်ပါတယ်။

နောက်ဘဝမရှိဘူးလို့ ယူဆတဲ့ ပုဂ္ဂိုလ်ကလည်း တကယ်

http://www.dhammadownload.com

သေရတော့မယ် ဆိုရင်တော့ ဘဝလေးတစ်ခုကို တပ်မက်တဲ့စိတ်ကလေး၊ ဘဝလေးတစ်ခုမှာ ဖြစ်ချင်တဲ့ စိတ်ကလေး ပေါ်လာတယ်။ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်သလားဆိုတော့ မဖြစ်ဘူး။ ကိုယ့်ရဲ့ကံအားလျော်စွာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဆိုပြီးတော့ နိမိတ်တစ်မျိုးမျိုး ထင်လာတယ်။

လူရဲ့ အမိဝမ်းခေါင်းလေး နိမိတ်ထင်လာတယ်ဆိုရင်ပဲ အဲဒီအမိဝမ်းခေါင်းအပေါ်မှာ တွယ်တာတပ်မက်တဲ့ တဏှာလေးဖြစ်သွားပါတယ်။ နတ်ပြည်စည်းစိမ်တွေ၊ နတ်သမီးစည်းစိမ်တွေ၊ နတ်ဗိမာန်အာရုံတွေ ပေါ်လာလို့ရှိရင်လည်း အဲဒီ နတ်ပြည်ကို ရောက်ချင်တဲ့တဏှာလေး ပေါ်လာတာပါပဲ။

ရေနစ်နေတဲ့ပုဂ္ဂိုလ်ဟာ နီးစပ်ရာ မိရာကို မြက်ပင်လေးတစ်ပင်ပဲဖြစ်ဖြစ်၊ ခိုင်ခိုင်မြဲမြဲ ဆွဲလိုက်သလိုပါပဲ။ သေခါနီး လူတစ်ယောက်ကလည်း မိရာမိရာ၊ အာရုံထင်ရှားလာရာ၊ အာရုံပေါ်လာရာ နိမိတ်တစ်ခုခုကို ခိုင်ခိုင်မြဲမြဲဆွဲလိုက်တာပါပဲ။ နောက်ဘဝမရှိဘူးလို့ ဘယ်လောက်ပဲအယူအစွဲ ပြင်းထန်ပြင်းထန် သေခါနီးထင်လာတဲ့ နိမိတ်အာရုံကိုတော့ ခိုင်ခိုင်မြဲမြဲ ဆွဲထားလိုက်ပါတယ်။

ဆွဲထားပြီးတော့ အဲဒီ အာရုံလေးအပေါ်မှာ၊ အဲဒီ အာရုံတည်ရှိရာဘဝအပေါ်မှာ တွယ်တာတပ်မက်တဲ့တဏှာလေးဖြစ်လိုက်ပါတယ်။ အဲဒီ တဏှာကြောင့် ဘဝတစ်ခု ဖြစ်လာရပါတယ်။

ဒီဘဝ ဦးဇင်းတို့ရဲ့ အမေ၊ ယောဂီတို့ရဲ့ အမေရဲ့ ဝမ်းထဲကို ရဟန္တာအရှင်မြတ်ကြီးက သေပြီးတဲ့နောက် ဝင်စားပါဦးမလား။ မဝင်

http://www.dhammadownload.com

စားနိုင်တော့ဘူး။ အမေကတော့ ရှိတော့ရှိတာပဲ။ ဘာဖြစ်လို့ မဝင်စားတာလဲ။

ရဟန္တာအရှင်မြတ်ကြီးမှာ တဏှာမှ မရှိတော့ဘဲ၊ တဏှာမရှိတော့ ရဟန္တာအရှင်မြတ်ကြီး ပရိနိဗ္ဗာန်စံခါနီး၊ အများပြောပြောရင်တော့ သေခါနီး၊ သေခါနီးမှာ ဘဝတစ်ခုခုကို တွယ်တာတပ်မက်တဲ့ တဏှာ လုံးဝမဖြစ်တော့ဘူး။ မဖြစ်တော့ ဘယ်ဘဝကိုမှ မလားရောက်ရတော့ဘူး။

ဒီတော့ လူ့ပြည်မှာပဲဖြစ်ဖြစ်၊ နတ်ပြည်မှာပဲဖြစ်ဖြစ်၊ တိရစ္ဆာန်လောကမှာပဲဖြစ်ဖြစ်၊ ပြိတ္တာလောကမှာပဲဖြစ်ဖြစ်၊ သားသမီးတွေကို မွေးဖွားပေးတဲ့ အမေတွေဆိုတာ ရေတွက်လို့မရအောင် အများကြီးရှိကြတာပါပဲ။ အမေဖြစ်ခွင့်ရှိတဲ့ အမေတွေ အများကြီးရှိကြတာပါပဲ။

အမေလောင်းအမျိုးသမီးတွေ ဘယ်လောက်ပဲများများ၊ ရဟန္တာအရှင်မြတ်ကြီးများကတော့ အဲဒီ အမျိုးသမီးတွေရဲ့ ဝမ်းထဲမှာ မဝင်စားတော့ပါဘူး။ ဘာကြောင့်လဲဆိုရင် တဏှာ မရှိတော့လို့။ ဘဝအသစ်ကို တွယ်တာတပ်မက်တဲ့ တဏှာ မရှိတော့လို့။

ဘဝအသစ်ကို တွယ်တာတပ်မက်တဲ့ တဏှာရှိတယ်ဆိုတာကလည်း သေခါနီးမှ ရှိတာမဟုတ်ဘဲနဲ့ အသက်ရှင်နေစဉ်ကတည်းက ဟိုအာရုံကြောင့် တဏှာဖြစ်၊ ဒီအာရုံကြောင့် တဏှာဖြစ်နဲ့ တဏှာတွေ ခဏခဏဖြစ်ပြီး တဏှာရှိနေလို့ပါပဲ။

သေခါနီးလေးကျမှ တဏှာက ကပ်ဖြစ်လိုက်တာ မဟုတ်ဘူး။ မသေခင် ကတည်းကိုက အဆင်းကြောင့် တဏှာဖြစ်၊ အသံကြောင့်

http://www.dhammadownload.com

တဏှာဖြစ်၊ အနံ့ကြောင့် တဏှာဖြစ်၊ အရသာကြောင့် တဏှာဖြစ်၊ အထိအတွေ့ကြောင့် တဏှာဖြစ်၊ အတွေးအကြံလေးတွေကြောင့် တဏှာဖြစ်စသည်အားဖြင့် မိရာမိရာအာရုံ၊ ပေါ်ရာပေါ်ရာ အာရုံပေါ်မှာ တဏှာက ဖြစ်ကြတယ်။

အဲဒီ ဖြစ်နေကျ တဏှာလေးကလည်းရှိ၊ ဖြစ်ခွင့်ရှိတဲ့ တဏှာကလည်း အနုသယအနေနဲ့ ကိန်းဝပ်နေတော့ သေခါနီးမှာ ဘဝအသစ်ကို တွယ်တာတပ်မက်တဲ့ တဏှာက ဖြစ်ကို ဖြစ်ပါတယ်။ ရဟန္တာအရှင်မြတ်ကြီးများကျတော့ မဖြစ်တော့ပါဘူး။

ဒါကြောင့် လောကသဘောနဲ့ ကြည့်လို့ရှိရင်တော့ ကိုယ့်ကို မွေးဖွားလိုက်တာဟာ အမေက မွေးဖွားလိုက်တာလို့ ဆိုပေမယ့် တကယ့် အစစ်အမှန် ပရမတ်သဘောနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ကိုယ့်ကို မွေးဖွားပေးလိုက်တာ တဏှာပါ။

ဒါဆိုရင် 'အမေ့ကိုသတ်' ဆိုတာ ဘယ်သူ့ကို သတ်ရမှာပြောတာလဲ။ တဏှာကို သတ်ရမှာပြောတာပါ၊ 'အမေ့ကိုသတ်ပါ' ဆိုတာ 'အမေနဲ့တူတဲ့ တဏှာကိလေသာကို သတ်ပါ' လို့ ဆိုလိုပါတယ်။ 'အမေ သေမှအေးမယ်' ဆိုတာ 'အမေနဲ့တူတဲ့ တဏှာကိလေသာ သေမှ အေးမယ်' လို့ ဆိုလိုပါတယ်။

သေမှ အေးမယ်လို့ သာမန်ပြောလိုက်လို့ရှိရင်တော့ ယောဂီအများစုက ဘာသာရေးဗဟုသုတတွေလည်း ရှိထားကြတာဆိုတော့ ကိလေသာတွေ သေမှ အေးမှာပဲဆိုတာ အကြမ်းဖျင်းကတော့ သဘောပေါက်ကြမှာပဲနော်။

http://www.dhammadownload.com

ဒါပေမဲ့ ကိလေသာလို့ သာမန်မပြောဘဲနဲ့ အခုတော့ အမေကို သတ်၊ အမေကိုသတ်ဆိုတော့ ပိုပြီးတော့လည်း စိတ်ထဲမှာ စွဲသွားတယ်။ ဒီတဏှာကိလေသာရဲ့သဘော၊ တခြားကိလေသာတွေရဲ့ သဘောတွေကိုလည်း ပိုပြီးတော့ ရိပ်စားမိသွားတယ်။ နားလည်သွားတယ်။ ပယ်သတ်ချင်တဲ့ စိတ်လည်း ပေါ်လာတာပေါ့။

'တဏှာပယ်၊ တဏှာပယ်' ဆိုရင်တော့ သိပ်မပယ်ချင်ဘူး။ ဘာလို့ ပယ်ရမလဲဆိုတော့မှ ....

'ဩော် ဒီတဏှာရှိရင်တော့ ဘဝအသစ်တွေ ထပ်ပြီးတော့ ဖြစ်ဦးမယ်၊ တဏှာဆိုတာ အမေနဲ့တူတယ်။ ကိုယ့်ကို မွေးနေတယ်ဆိုတာ တကယ်တော့ အမေက မွေးတာမဟုတ်ဘူး။ အမေက ကြားခံအဖြစ်နဲ့ပဲ မွေးပေးတာ။ တဏှာရဲ့တမန်တော်အဖြစ်နဲ့ အမေက မွေးပေးတာ'

'တကယ်တမ်းကျတော့ ကိုယ့်ကို မွေးဖွားလိုက်တဲ့ တရားခံလက်သည်အစစ်က တဏှာပဲ။ ဒါကြောင့် ဒီတဏှာကို သေအောင်သတ်ရမယ်၊ ဒီတဏှာကို သေအောင်သတ်နိုင်ပြီဆိုရင်တော့ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းနိုင်ပါတယ်။ မသေခင်မှာလည်း စိတ်အေးနိုင်ပါတယ်'

တဏှာကို အမေနဲ့ ဥပမာ ခိုင်းနှိုင်းလိုက်တော့မှ တဏှာရဲ့ သဘော၊ တဏှာရဲ့ ကြောက်စရာ ကောင်းပုံ အပြစ်တွေကို သိသွားပြီး တဏှာကို ပယ်သတ်ချင်တဲ့စိတ် ပေါ်သွားပါတယ်။

ဒါ့ကြောင့် ဆိုလိုက်ပါ။

အမေဟုဆို၊ တဏှာကို၊ သတ်ကိုသတ်ရမည်။

http://www.dhammadownload.com

# ကလေးမွေးလို့အားမရတာ ပုထုဇဉ်ပါ

အဲဒီတော့ ဒီတရားဒေသနာလေးကို ကြည့်ပြီးတော့ ကိုယ့်တာဝ ကိုယ် စဉ်းစားလိုက်မယ်ဆိုရင် ကိုယ့်သန္တာန်မှာ တဏှာဖြစ်နေတဲ့အချိန် ဟာ ဘာလုပ်နေတဲ့ အချိန်တုံး။ ကလေးမွေးနေတဲ့အချိန်။ ကလေးက ဘာကလေးလဲဆိုတော့ အမေတည်းဟူသောကလေး မွေးနေတာ၊ ကိုယ် မွေးလိုက်တဲ့ အမေကပဲ နောင်ဘဝတွေကျတော့ ကိုယ့်ကို ပြန်မွေးဦးမှာ နော်။

တဏှာတစ်ခုခု ဖြစ်နေတဲ့အချိန်ဟာ ကိုယ့်ကို ပြန်မွေးမယ့် အမေတည်းဟူသော ကလေးကို ကိုယ်က မွေးဖွားနေတဲ့ အချိန်ပါပဲ။ အဆင်းတစ်ခုခုကို မြင်လိုက်လို့ အဲဒီ အဆင်းလေးကို တွယ်တာတပ်မက် တဲ့စိတ်ကလေး ဖြစ်သွားတယ်ဆိုရင် အဲဒီအချိန်မှာ ဘာလုပ်နေတာတုံး။ အမေ မွေးနေတာ။ ကလေး မွေးနေတာပေါ့။

http://www.dhammadownload.com

ကလေးဆိုတာကတော့ အမေလောင်း ကလေးလို့ပဲ ဆိုရမှာ ပေါ့။ အမေ မွေးနေတယ်ဆိုတော့ နားထောင်ရတာ တစ်မျိုးကြီးဖြစ်နေ လို့ ကလေး မွေးနေတာလို့ပဲ ဆိုလိုက်ကြပါစို့။

အသံလေးတစ်ခုကို ကြားပြီးတော့ အဲဒီအသံမှာ သာယာ တပ်မက်နေတယ်။ ဆိုပါစို့၊ သီချင်းလေးတစ်ပုဒ်၊ ကိုယ်ကြိုက်တဲ့သီချင်း လေးတစ်ပုဒ်နားထောင်နေတယ်ဆိုတာ မျက်မြင်အားဖြင့်တော့ သီချင်း နားထောင်နေတာ၊ အခုတရားနဲ့ ကြည့်လိုက်တော့ ဘာလုပ်နေတာတုံး။ ကလေး မွေးနေတာနော်။ သီချင်းနားထောင်ရင်းနဲ့ ကလေးမွေးနေတာ။

ကိုယ်မွေးလိုက်တဲ့ ကလေးက ကိုယ့်ကို ပြုစုစောင့်ရှောက် မှာလားဆိုတော့ မဟုတ်ဘူး။ နောက်ဘဝကျရင် ကိုယ့်ကို ပြန်မွေးပြီး တော့ ဒုက္ခတောထဲ ပစ်ချဦးမှာ။ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေး အကြံ အားလုံးနည်းတူပါပဲ။

အခုယောဂီတို့ တရားထိုင်ရင်းနဲ့ရော ကလေး ဘယ်နှခါ လောက် မွေးကြတုံး။ ရေတောင်မရေနိုင်တော့ဘူး။ တစ်ခါတစ်ရံ အမွှာ ပူး တောင်ပါသေး၊ တစ်ခါတစ်ရံ သုံးမွှာပူး၊ လေးမွှာပူး၊ ငါးမွှာပူးတောင် မွေးကြတာနော်။

ကဲ ဆွမ်းစားတယ်ပဲဆိုကြပါစို့၊ ဆွမ်းစားရင်းနဲ့ ဟင်းနံ့လေးက မဆလာနံ့လေးကို သင်းနေတာပဲဆိုတော့ ကလေးတစ်ယောက်ပေါ့၊ အနံ့နဲ့ပတ်သက်ပြီးတော့ ကလေးတစ်ယောက် မွေးပြီ၊ အဆင်းလေး ကြည့်လိုက်ပြန်တော့လည်း ဆီလေးတွေနဲ့၊ နနွင်းလေးတွေနဲ့ အရောင် လေးကလည်း လှလိုက်တာ ဆိုပြီးတော့လည်း ကလေးတစ်ယောက်။

http://www.dhammadownload.com

နောက်ပြီးတော့ ဘာမွေးဦးမတုံး။ ဝါးစားလိုက်တဲ့အခါကျ တော့ အို ကောင်းလိုက်တာ၊ အရသာရှိလိုက်တာ ဆိုလို့ရှိရင် ကလေး တစ်ယောက်မွေးပြန်ပြီ၊ သုံးမြွာပူးဖြစ်သွားပြီ၊ ဟင်းရည်ကို ရှူးခနဲ၊ ရှဲခနဲ မြည်အောင် စုပ်သောက်ပြီး အဲဒီ အသံလေး သဘောကျနေမယ်ဆိုရင် နောက်ကလေးတစ်ယောက် မွေးပြန်ပြီ၊ လေးမြွာပူးဖြစ်သွားပြီ။ ထမင်းပွဲ မှာတော့ အမြွာပူး မွေးဖို့ အခွင့်အရေး ပိုများပါတယ်။

အဲဒီတော့ အဆင်းလည်း တပ်မက်တယ်၊ အသံလည်း တပ် မက်တယ်၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးအကြံ ခြောက်ခုလုံး တပ်မက်တယ်ဆိုရင်တော့ ဘယ်နှမြွာပူးတုံး။ ခြောက်မြွာပူး။ ခြောက် မြွာပူး မွေးတဲ့အချိန်က ပိုများမယ် ထင်ပါရဲ့။

ဆိုပါစို့၊ အိမ်မှာ တီဗွီကြည့်တယ်ဆိုရင်ပေါ့။ တီဗွီကြည့်တော့ မျက်စိက ကိုယ်သဘောကျတဲ့အဆင်းလေး သာယာစိတ်နဲ့ ကြည့်နေ တော့ ကလေးတစ်ယောက်၊ ကိုယ်သဘောကျတဲ့ အသံလေး သာယာ စိတ်နဲ့ နားထောင်နေတော့ ကလေးတစ်ယောက်၊ ကိုယ့် မီးဖိုချောင်ထဲက ဟင်းနံ့လေးတွေ၊ ကိုယ့်ခန္ဓာကိုယ်မှာ ဆွတ်ထားတဲ့ ရေမွှေးနံ့လေးတွေ သာယာလိုက်တော့ ကလေးတစ်ယောက်။

တီဗွီကြည့်နေရင်းနဲ့ နေကြာစေ့လေးဝါးမယ်၊ ဆီးထုပ်လေး စားမယ်၊ လက်ဖက်သုပ်လေး မြည်းမယ်ဆိုရင် ကလေးတစ်ယောက်၊ ပြီးတော့ ဘာကျန်သေးတုံး။ ကိုယ်ထိုင်နေတဲ့ ခုံလေး၊ ဆိုဖာလေးပေါ်မှာ အိအိ အိအိနဲ့ အထိအတွေ့လေးကို သဘောကျနေတယ်ဆိုရင်လည်း ကလေးတစ်ယောက်၊ ကိုယ်ကြည့်လိုက်တဲ့ ဇာတ်လမ်း၊ သို့မဟုတ် အဖြစ်

http://www.dhammadownload.com

အပျက်ထဲက အကြောင်းအရာလေးတွေကို တွေးပြီးတော့ သဘော ကျနေတယ်ဆိုရင်လည်း ကလေးတစ်ယောက်၊ တီဗွီကြည့်ရင်းနဲ့ ခြောက် မြွာပူး မွေးလို့ရတယ်နော်။

ဒါကြောင့်မို့လို့ တဏှာဖြစ်တယ်ဆိုတာ အမေ မွေးနေတာပဲ၊ ကလေး မွေးနေတာပဲလို့ အဲဒါလေးကို သဘောပေါက်ပါ။

အမှန်ကတော့ ဒီ သေမှအေးမယ် ဆိုတဲ့တရားကို ခါတိုင်း တရားစခန်း တရားပွဲတွေလိုပဲ အခန်းဆက်နဲ့ ဟောဖို့ကောင်းတာ၊ အခု သတ်ရမယ့်သူက လေးယောက်တောင် ဆိုတော့ တစ်ယောက်ကို တစ် ရက်နှုန်းနဲ့ လေးရက်ဟောဖို့ ကောင်းတာနော်။ ဒါပေမဲ့ တစ်ရက်တည်းနဲ့ ဦးဇင်းတို့ ဟောသွားမှာပါ။ ကိုယ့်ဘာသာကိုယ် ချဲ့ထွင်ပြီးတော့ သဘော ပေါက်ပေါ့။

ဒီလောက် နိဒါန်းလေးပျိုးပေးလိုက်ပြီ၊ လမ်းစလေးဖော်ပေး လိုက်ပြီဆိုရင် တဏှာရဲ့သဘောကို ရိပ်မိပြီ၊ ကိုယ်သိထားတဲ့ ဗဟုသုတ၊ ကိုယ်ဖတ်ထားတဲ့ စာပေ၊ ကိုယ်နာထောင်ထားတဲ့ တရားတွေနဲ့ ချဲ့ထွင် ပြီးတော့ သဘောပေါက်လိုက်ရမယ်။

ဩော် .... တဏှာတွေက ဘယ်နှမျိုးရှိပါလိမ့်၊ ကိုယ်ဘာသာ ကိုယ် စဉ်းစား၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဆိုပြီးတော့ သုံးမျိုးရှိတယ်။ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ ဆိုပြီးတော့ ခြောက်မျိုးရှိတယ်.... စသည် အားဖြင့် ဒီလို လမ်းစဖော်လိုက်ရင် ကိုယ့်ဘာသာကိုယ် သဘောပေါက် နိုင်ပါပြီ။

http://www.dhammadownload.com

တဏှာဟာ အမေနဲ့တူတယ်၊ သတ္တဝါတစ်ဦးတစ်ယောက်ကို မွေးဖွားပေးတာဟာ တကယ်တော့ တဏှာပဲဆိုတာသဘောပေါက်သွားရင်ကို မဆိုးပါဘူး။ တဏှာဖြစ်တိုင်းဖြစ်တိုင်း ကလေး မွေးနေတာပဲ။ အဲဒီ ကလေးကလည်း တကယ်တော့ ကိုယ့်ကို ပြန်မွေးမယ့် အမေတည်း ဟူသော ကလေးပဲဆိုတာ သဘောပေါက်ရင်ကိုပဲ တဏှာဖြစ်ရမှာ ခပ်လန့်လန့် ဖြစ်သွားမှာပါနော်။

■

http://www.dhammadownload.com

## လူတွေတိုင်းအဖေမခေါ်ပါနဲ့

နောက် သတ်ရမယ့် သူက ဘယ်သူတုံး။ အဖေတဲ့။ တကယ့် အဖေကို သွားမသတ်နဲ့နော်။ အဝိစိကျသွားမယ်။

အဖေက သူဌေးကြီး ဆိုလို့ရှိရင် သူ့ရဲ့ သားက ငါ့အဖေက သူဌေး၊ ငါက သူဌေးသားဆိုပြီးတော့ လက်မ မထောင်ဘူးလား။ ထောင်တယ်။ ဆောင့်ကြွား ဆောင့်ကြွား မလုပ်ဘူးလား။ လုပ်တယ်။

အဖေက ရာထူးကြီးကြီးနဲ့ ဆိုလို့ရှိရင်လည်း သားက ငါ့အဖေက ဘာအကောင်ကြီးဆိုပြီးတော့ ခြေဖျား မထောက်ဘူးလား။ ခြေဖျားထောက်တယ်။

လူတွေ မာနကြီးကြတယ်၊ မာနကြီးကြတယ်ဆိုတာ အဖေ့ရဲ့ စည်းစိမ်ဥစ္စာ၊ အဖေ့ရဲ့ ရာထူးအာဏာ၊ အဖေ့ရဲ့ ပြည့်စုံမှု၊ အဖေ့ရဲ့ ပိုင်ဆိုင်မှုတွေကို အကြောင်းပြုပြီးတော့ မာနတက်ကြတာပါပဲ။ ကိုယ်ပိုင်

http://www.dhammadownload.com

မပြည့်စုံသေးဘူးဆိုရင်ပေါ့လေ။

မာနဆိုတာက ကလေးအရွယ်ကတည်းကဖြစ်တတ်တာပါပဲ။ ငါ့အဖေက ဘယ်သူကြီး၊ ငါ့အဖေက ဘာကြီးဆိုပြီးတော့ပေါ့လေ။

အဲဒီတော့ သတ္တဝါတွေ မာန ဖြစ်ကြတယ်ဆိုတာ အားကိုးနဲ့ မာနဖြစ်ကြတာ၊ ဘယ်သူ့အားကိုးလဲဆိုရင်တော့ အဖေ အားကိုး၊ အိမ်ထောင်တစ်ခုမှာ စီးပွားဥစ္စာရှာဖွေတာတို့၊ အိမ်ထောင်တစ်ခု၊ မိသားစုတစ်ခုရဲ့ ဘေးရန်အခက်အခဲဖြေရှင်းတာတို့ကို အဖေက အဓိကတာဝန်ယူရပါတယ်။ မှီခိုရာဆိုတာက အဓိကအားဖြင့် အဖေပဲ။

ခြွင်းချက်အနေနဲ့တော့ တချို့မိသားစုတွေမှာ အမေက မှီခိုရာဖြစ်နေတာမျိုး ရှိချင်ရှိမှာပေါ့။ ယေဘုယျအားဖြင့်ကတော့ အဖေဟာအဓိက မှီခိုအားထားရာပဲ။ မိသားစုတစ်စုရဲ့ အဓိကအားကိုးအားထားရာပုဂ္ဂိုလ်ဟာ အဖေပဲ။

ဒီအဖေက ကြီးကျယ်ရင် ကြီးကျယ်သလောက် သားသမီးတွေမှာ မာနတွေ ဖြစ်ကြတယ်။ ဒီအဖေက ပြည့်စုံရင် ပြည့်စုံသလောက်သားသမီးတွေမှာ ဘဝင်တွေ မြင့်ကြတယ်၊ ဘဝတွေ မေ့ကြတယ်။

ဒါဆိုရင် အဖေနဲ့တူတဲ့တရားဆိုတာ ဘာတုံး။ သဘောပေါက်ပါပြီ၊ ဘာတဲ့လဲ။ မာန။ မာနဆိုတာ အဖေနဲ့တူတဲ့ တရား၊ အဖေနဲ့တူတဲ့ကိလေသာ။ မာနရဲ့ အာရုံကို မာနပေါ်မှာ တင်စားပြီးတော့ မှည့်ထားတာပါပဲ။ စာလိုပြောမယ်ဆိုရင်တော့ ဥပစာနည်းပေါ့။ အဖေ့ကို အာရုံပြုပြီးတော့ မာနဖြစ်တတ်တယ်၊ ဒါကြောင့် မာနကိုပဲ အဖေလို့ ပြောလိုက်တာ။

http://www.dhammadownload.com

အဲဒီတော့ အရပ်ထဲမှာနေရင်း သူများနဲ့ နှိုင်းယှဉ်တိုင်းတာပြီး တော့ ဒီကောင်က ငါ့လောက် အဆင့်အတန်း မရှိပါဘူး၊ ဒီကောင်က ငါ့လောက် မပြည့်စုံပါဘူးဆိုပြီးတော့ မာနဖြစ်နေရင် ဘာလုပ်နေတာ တုံး။ ဒီတရားဒေသနာကြည့်လိုက်ရင် အဖေခေါ်နေတာနော်။

လူတစ်ယောက်ယောက်ကို ကြည့်ပြီးတော့ သူ့ရဲ့ပိုင်ဆိုင်မှု၊ သူ့ရဲ့ပြည့်စုံမှုနဲ့ ကိုယ်ရဲ့ ပိုင်ဆိုင်မှု၊ ကိုယ်ရဲ့ပြည့်စုံမှုကို နှိုင်းယှဉ်ပြီး မာန ဖြစ်နေတယ်ဆိုရင် အဲဒီလူကို အဖေခေါ်နေတာပဲ။ ဘာလုပ်နေတာတုံး။ အဖေခေါ်နေတာနော်။

မာနဆိုတာ ပါဠိလို၊ မြန်မာလိုက နှိုင်းယှဉ်ခြင်း။ ဘဝင်မြင့် တယ်၊ ဘဝမေ့တယ်၊ အထင်ကြီးတယ်တို့ဆိုတာက နားလည်လွယ်တဲ့ အဓိပ္ပာယ်အနေနဲ့ ပြောတာ၊ လိုရင်းအဓိပ္ပာယ်က နှိုင်းယှဉ်ခြင်း၊ တခြား တစ်ယောက်ယောက်နဲ့ ကိုယ်နဲ့ နှိုင်းယှဉ်လိုက်ပြီဆိုရင်ကိုပဲ မာနဖြစ် လာပြီ။

မာနကလည်း သုံးမျိုးရှိတာယ်နော်။ အထက်တန်းမာန၊ တန်းတူ မာန၊ အောက်တန်းမာန၊ 'စား' လေး ထည့်လိုက်ရင် သိပ်မကောင်း တော့ဘူးနော်။ အထက်တန်းစားမာန၊ တန်းတူမာန၊ အောက်တန်းစား မာနဆိုတော့ အားနာစရာကြီး။ ဒါ့ကြောင့် အထက်တန်းမာန၊ တန်းတူ မာန၊ အောက်တန်းမာနလို့ပဲ ဆိုကြပါစို့။

ကိုယ်က သူများထက် ရှုထောင့် တစ်ခုခုက သာနေတယ်၊ ဥပမာ – ပစ္စည်းဉစ္စာပဲ ထားလိုက်ပါတော့။ ကိုယ်က သူတစ်ပါးထက် ပစ္စည်းဉစ္စာ သာနေတယ်ဆိုရင် 'ငါ ဒီကောင်တွေထက် ပိုပြီးတော့

http://www.dhammadownload.com

ချမ်းသာတယ်၊ ငါ ဒီကောင်တွေထက် ပိုပြီးတော့ ပြည့်စုံတယ်၊ ဒီကောင်တွေက ကားတစ်စီးပဲရှိတယ်၊ ငါက နှစ်စီးရှိတယ်' စသည်အားဖြင့်ပေါ့လေ။

ကိုယ့်ရဲ့ပိုင်ဆိုင်မှုနဲ့ သူများရဲ့ပိုင်ဆိုင်မှုကို နှိုင်းယှဉ်ပြီးတော့ မာနဖြစ်တယ်၊ အဲဒီ မာနကတော့ သူများထက် ကိုယ်က အထက်ကနေနေပြီးတော့မှ မာနဖြစ်တာမို့လို့ အထက်တန်းမာနလို့ ခေါ်ပါတယ်။

တန်းတူမာနဆိုတာကတော့ ကိုယ်နဲ့ ပစ္စည်းဥစ္စာ အဆင့်အတန်းချင်းအတူတူ၊ ရာထူးအာဏာ အဆင့်အတန်းချင်းအတူတူ၊ ရုပ်ရည်ချင်းအတူတူ၊ ပညာချင်းအတူတူ စသည်အားဖြင့်ပေါ့။ အဲဒီလို တန်းတူပုဂ္ဂိုလ်ကို နှိုင်းယှဉ်ပြီးတော့၊ မျက်စောင်းလေး ထိုးပြီးတော့ ....

'ဒီကောင်လည်း ငါနဲ့ ဘာထူးလို့လဲ၊ ဒီကောင်နဲ့ ငါနဲ့ အဆင့်အတန်းချင်း အတူတူပါပဲ။ သူက ငါ့ထက် ဘာများ သာနေလို့လဲ'ဆိုပြီး မာနဖြစ်တတ်တယ်။ အဲဒီလို ကိုယ်နဲ့ တန်းတူပုဂ္ဂိုလ်ချင်း နှိုင်းယှဉ်ပြီးတော့ ဖြစ်တဲ့မာနကိုတော့ တန်းတူမာနလို့ ခေါ်ပါတယ်။

အောက်က ပုဂ္ဂိုလ်ကိုလည်း သူများထက် အဆင့်အတန်း နိမ့်ကျနေလို့ ဆိုပြီးတော့ မာနမဖြစ်ဘူး မထင်နဲ့နော်။ သူများထက် ကိုယ်က ပစ္စည်းဥစ္စာ အဆင့်အတန်းနိမ့်ကျနေလို့ရှိရင်လည်း သူ့အထက်က လူတွေကို ကြည့်ပြီးတော့ မာနမဖြစ်ဘူးလား။ ဖြစ်တာပဲ။

'ဘယ်ကောင့် ဂရုစိုက်ရမှာလဲ၊ ကိုယ့်ရှိမှ ကိုယ်စားရတာ၊ ဆင်းရဲသားဆိုပြီး ငါ့ကို လာကြောမယ် မကြံနဲ့၊ ဘယ်တော့မှ ခေါင်းငုံ့မခံဘူး' ဆိုပြီးတော့ နိမ့်ကျသူကလည်း နိမ့်ကျမှုကို အကြောင်းပြုပြီးတော့ မာန

http://www.dhammadownload.com

ဖြစ်တတ်တယ်။ အဲဒီ မာနကိုတော့ ကိုယ်က အောက်ကနေပြီးတော့ မာနကြီးတာမို့လို့ အောက်တန်းမာနလို့ ခေါ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အောက်က လူတွေနဲ့ပဲ နှိုင်းယှဉ် နှိုင်းယှဉ်၊ ကိုယ်နဲ့ တန်းတူတွေနဲ့ပဲ နှိုင်းယှဉ် နှိုင်းယှဉ်၊ ကိုယ့်အထက်က လူတွေနဲ့ပဲ နှိုင်းယှဉ် နှိုင်းယှဉ်၊ သူတစ်ပါးနဲ့ နှိုင်းယှဉ်ပြီးတော့ မကောင်းတဲ့စိတ်၊ ဆိုးတဲ့စိတ်၊ ညံ့တဲ့စိတ်၊ သေးသိမ်တဲ့စိတ် ဖြစ်ပြီဆိုရင်တော့ မာနဖြစ်သွားပါပြီ။

နှိုင်းယှဉ်တိုင်း မာနဖြစ်တယ်လို့ မဆိုလိုဘူးနော်။ သူများနဲ့ နှိုင်းယှဉ်ကြည့်ပြီးတော့ ကိုယ့်ရဲ့ ဘဝကို တိုးတက်သထက် တိုးတက်အောင်၊ ကောင်းမွန်သထက် ကောင်းမွန်အောင် စစ်ဆေးတဲ့သဘော၊ သုံးသပ်တဲ့သဘောမျိုးဆိုရင်တော့ ကောင်းပါတယ်။

သူများနဲ့ နှိုင်းယှဉ်ပြီးတော့ ကိုယ့်ရဲ့သန္တာန်မှာ မာနကင်းအောင် နှလုံးသွင်းတာမျိုးကလည်း ရှိသေးတာကိုး။ ပစ္စည်းဥစ္စာ အကြောင်းပြုပြီးတော့ မာနဖြစ်မယ်ကြံရင် ကိုယ့်ထက် ပစ္စည်းဥစ္စာ ပြည့်စုံသူတွေကို အာရုံပြုပြီး 'အို .... ငါ သူ့လောက်မချမ်းသာဘဲနဲ့ ဘာလို့ မာနကြီးနေမှာလဲ' လို့ ဆင်ခြင်လိုက်ရင် မာနဖြစ်စရာ မရှိတော့ပါဘူး။ ရာထူး၊ ရုပ်ဆင်း၊ ပညာ စသည်လည်း နည်းတူပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် မာနဖြစ်ပြီဟော့ဆိုရင် ကိုယ်မာနဖြစ်နေတဲ့ အာရုံကို၊ ကိုယ်နှိုင်းယှဉ်နေတဲ့အာရုံကို အဖေခေါ်လိုက်တာပဲ။ ကိုယ့်ထက် အသက်ကြီးသူနဲ့ နှိုင်းယှဉ်ပြီး မာနဖြစ်ရင်လည်း သူ့ကို အဖေခေါ်တာပဲ၊ ကိုယ့်ထက် အသက်ငယ်သူနဲ့ နှိုင်းယှဉ်ပြီး မာနဖြစ်ရင်လည်း သူ့ကို

http://www.dhammadownload.com

အဖေခေါ်တာပါပဲ။

မြို့ထဲ ရွာထဲ သွားလိုက်တော့ လမ်းဘေးမှာ တောင်းစားတဲ့ သူတောင်းစားတွေ့တယ်။ 'ဟာ ဒီကောင် စုတ်ပြတ်သတ်နေတာပဲ၊ ကျက်သရေကို မရှိဘူး၊ နံလိုက်တာ၊ ဒီလိုကောင်မျိုးနဲ့တော့ ငါနဲ့ အဖက် မတန်ဘူး' ဆိုပြီးတော့ အဲဒီလို တွေးလိုက်လို့ရှိရင် သူတောင်းစားကို ဘာခေါ်တာတဲ့တုံး။ အို သူတောင်းစားကို အဖေခေါ်တာ၊ ယောဂီတို့က သူတောင်းစား အဖေခေါ်ချင်လား။ မခေါ်ချင်ပါနဲ့။

အို .... သူတောင်းစားကတော့ လူလူချင်းမို့လို့ ထားပါတော့။

ကိုယ့် ဘေးနားလေး အမြီးလေး တစ်နှံ့နှံ့နဲ့ လုပ်နေတဲ့ ခွေး ကြည့်ပြီးတော့ 'ဒီကောင် လာပြီးတော့ ရှုပ်လိုက်တာ ပိတ်ကန်လိုက်ရ၊ ဒီတိရစ္ဆာန်ကတော့ကွာ၊ သူက တိရစ္ဆာန်၊ ငါကတော့ လူ၊ ဒီကောင့်ထက် ငါက အဆင့်အတန်းမြင့်တယ်' ဆိုပြီးတော့ ခွေးနဲ့နှိုင်းယှဉ်ပြီးတော့လည်း မာနမဖြစ်တတ်ဘူးလား။ အဲဒါကျတော့ ဘာဖြစ်သွားတုံး။ ခွေးကို အဖေ ခေါ်နေတာ။ အဲဒါကတော့ တော်တော် နာဖို့ကောင်းတယ်နော်။

အဲဒီတော့လေ မာနဆိုတာ အဖေနဲ့တူတယ်ဆိုတဲ့သဘောတ ရားလေးသိလိုက်ပြီဆိုရင်ပဲ ကိုယ့်ဟာကိုယ် ဉာဏ်နဲ့ ချဲ့ထွင်ပြီးတော့ သဘောပေါက်လိုက်ပေါ့။ မာနဖြစ်တိုင်း ဖြစ်တိုင်း ငါဟာ ငါ နှိုင်းယှဉ် နေတဲ့ပုဂ္ဂိုလ်၊ ငါ နှိုင်းယှဉ်နေတဲ့ အရာဝတ္ထုတွေကို အဖေ ခေါ်နေတာပဲ။ ဒါကြောင့် ဆိုလိုက်ပါ။

အဖေဟုဆို၊ မာနကို၊ သတ်ကို သတ်ရမည်။

■

http://www.dhammadownload.com

## ကိုယ်တကယ်ပိုင်မှ မာနကြီးပါ

အဖေကို အမှီပြုပြီးတော့ မာနဖြစ်တယ်ဆိုတာ သေချာစဉ်းစားကြည့်ရင် ရှက်ဖို့ကောင်းပါတယ်။ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဝတ္ထုတွေ၊ ကိုယ့်ရဲ့ ပြည့်စုံမှုတွေနဲ့ မာနဖြစ်ရတယ်ဆိုရင် တော်သေးတယ်။ အခုတော့ အဖေပိုင်ဆိုင်တဲ့ ပစ္စည်းဝတ္ထုတွေ၊ အဖေ့ရဲ့ ပြည့်စုံမှုတွေနဲ့ မာနဖြစ်ရတာဆိုတော့ ဘယ်လောက်ရှက်ဖို့ကောင်းလဲ၊ ရှက်တတ်ရင် နေရာမှာတင် လဲသေဖို့ ကောင်းပါတယ်။

သူဌေးသားက ငါသူဌေးသားဆိုပြီးတော့ မာနဖြစ်တယ်ဆိုတာ သူ့မှာရှိတဲ့ပစ္စည်းဥစ္စာနဲ့ မာနဖြစ်တာလား။ သူ့အဖေမှာရှိတဲ့ပစ္စည်းဥစ္စာနဲ့ မာနဖြစ်တာလား။ သူ့အဖေမှာရှိတဲ့ ပစ္စည်းဥစ္စာနဲ့ မာနဖြစ်တာ။ သူများပစ္စည်းနဲ့ အခြောက်တိုက် မာနကြီးနေတာ ရှက်ဖို့ သိပ်ကောင်းတာပဲ၊ ကိုယ့်ပစ္စည်းလည်း မဟုတ်ဘဲနဲ့၊ ကိုယ်ရှာထားတာလည်း မဟုတ်ဘဲ

http://www.dhammadownload.com

နဲ့။

မာနမဖြစ်အောင် နှလုံးသွင်းဖို့ကလည်း နည်းလမ်းတွေ အများကြီးရှိပါတယ်။ ဒေသနာတွေ အများကြီး ရှိပါတယ်။ အခု 'မာနဟာ အဖေနဲ့တူတယ်' ဆိုတဲ့ စကားရပ်လေး ကြည့်ပြီးတော့ကိုပဲ မာနပယ်နည်း ထွေထွေထူးထူး စဉ်းစားစရာမလိုတော့ဘူး။ နှလုံးသွင်းတတ်ရင် အဲဒီ စကားရပ်ထဲမှာကိုပဲ မာနပယ်နည်းက ပါနေပါတယ်။

အဖေ့ကို အမှီပြုပြီးတော့ မာနဖြစ်တယ် ဆိုကတည်းကိုက ကိုယ်မပိုင်တဲ့ ပစ္စည်းတွေနဲ့ မာနဖြစ်နေတာပဲ။ ဒါဆိုရင် ကိုယ်မာနဖြစ်ချင်တဲ့၊ ကိုယ်မာနဖြစ်ဖို့ စိတ်ကူးထားတဲ့ အာရုံတွေ၊ ပိုင်ဆိုင်မှုတွေကို 'ငါ တကယ် မပိုင်ပါလား' လို့ နှလုံးသွင်းလိုက်လို့ရှိရင် မာနဖြစ်စရာ အကြောင်းရှိပါဦးမလား။ မရှိတော့ဘူး။

'သြော် .... ငါ့အဖေ သူဌေးဖြစ်တာ ငါသူဌေးဖြစ်တာမှ မဟုတ်တာ၊ ငါ့အဖေမှာ ပစ္စည်းဥစ္စာတွေရှိတာ ငါ့မှာ ရှိတာမှ မဟုတ်တာ'

အဖေဆို တော်သေး၊ တချို့ဆိုလို့ရှိရင် ဦးလေးရှိတာ အကြောင်းပြုပြီးတော့ မာနဖြစ်၊ အဘိုးရှိတာ အကြောင်းပြုပြီးတော့ မာနဖြစ်၊ အဒေါ်ပြည့်စုံတာ အကြောင်းပြုပြီးတော့ မာနဖြစ်၊ အဲဒါဆိုရင်တော့ ပိုပြီးတော့တောင် ရှက်စရာကောင်းသေးတယ်နော်။ ကိုယ့်ကို မွေးထုတ်လိုက်တဲ့ အဖေကို အမှီပြုပြီးတော့ မာနဖြစ်တယ်ဆိုတာက နည်းနည်းတော်သေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် 'အဖေ့မှာ သူ့ဟာသူ ပြည့်စုံတာ၊ ကိုယ့်မှာ ပြည့်စုံတာမှ မဟုတ်ဘဲ' လို့ ရိုးရိုးလေး ဆင်ခြင်လိုက်ရင်ကိုပဲ မာနက

http://www.dhammadownload.com

ဖြစ်စရာ မရှိတော့ပါဘူး။

ဒီလိုဆိုရင်တော့ ဦးဇင်းတို့ ရဟန်းတော်တွေဆိုရင် ပိုတောင် မာန မဖြစ်သင့်တော့ဘူးပေါ့။ ရဟန်းတော်တွေ ပစ္စည်းလေးပါး ပြည့်စုံတယ်တို့၊ လာဘ်လာဘပေါများတယ်တို့ဆိုတာ ကိုယ့်အဖေလှူတာ၊ ကိုယ့်အမေ လှူတာက သိပ်မရှိပါဘူး။ အများအားဖြင့် ကိုယ်နဲ့ ဘာမှ ဆွေမျိုးသွေးသား မတော်စပ်တဲ့ သူစိမ်းတွေက လှူကြတာပါပဲ။

အဲဒီတော့ သူစိမ်းတွေက သူဌေးကြီးတွေရှိမယ်၊ သူစိမ်းတွေက ရာထူးကြီးမားတဲ့ပုဂ္ဂိုလ်တွေရှိမယ်၊ ဟာ ငါ့ဒကာက ဘယ်လောက်ချမ်းသာတဲ့ သူဌေးကြီး၊ ငါ့ဒကာမက ဘယ်လောက်ချမ်းသာတဲ့ သူဌေးမကြီး၊ ငါ့ ဒကာကတော့ ဘယ်လောက်ကြီးမားတဲ့ အကောင်ကြီးဆိုပြီးတော့ မာနဖြစ်မယ်ဆိုရင် ရှက်စရာ မကောင်းဘူးလား။ ရှက်စရာကောင်းတယ်။

လူတွေ မာနကြီးတာထက် ဘုန်းကြီးတွေ မာနကြီးတာ ပိုရှက်စရာ ကောင်းတယ်။ လူတွေ မာနကြီးတာက မိဘဆွေမျိုးအရှိန်အဝါ၊ ကိုယ့်လုပ်စာအရှိန်အဝါနဲ့ မာနကြီးကြတာ၊ ဘုန်းကြီးတွေမှာ မိဘဆွေမျိုး အရှိန်အဝါကလည်း အများအားဖြင့် မရှိသလောက်၊ ကိုယ့်လုပ်စာကတော့ တစ်ပြားမှကို မရှိဘူး။ သူစိမ်းအရှိန်အဝါ၊ သူများလုပ်စာနဲ့ မာနကြီးတဲ့ ဘုန်းကြီးတွေလောက် ရှက်ဖို့ကောင်းတဲ့ မာနရှင် ရှိကိုမရှိတော့ဘူး။

ကိုယ့် အဖေအမေရဲ့ ပြည့်စုံမှုနဲ့ မာနဖြစ်ရတယ်ဆိုတာကမှ အရသာ နည်းနည်းရှိသေးတယ်။ ကိုယ်နဲ့ ဘာမှ မဆိုင်တဲ့ သူစိမ်းတွေ

http://www.dhammadownload.com

ကိုအကြောင်းပြုပြီးတော့ မာနဖြစ်ရတာကတော့ ရှက်စရာကောင်းပါတယ်။ ဒါကြောင့် ရဟန်းတော်များဆိုရင် ပိုပြီးတော့တောင် မာနမဖြစ်သင့်ဘူးပေါ့နော်။

အဲဒီတော့ မာနမဖြစ်ဖို့အတွက် နှလုံးသွင်းနည်းကတော့ 'အရာရာဟာ၊ ကိုယ်မာနဖြစ်ချင်တဲ့ , ကိုယ့်အနေနဲ့ မာနဖြစ်လောက်တယ်လို့ ယူဆထားတဲ့အရာတွေဟာ ကိုယ်ပိုင်မဟုတ်ပါလား' လို့ ဆင်ခြင်လိုက်ရင်ပဲ လုံလောက်သွားပါပြီ။

ကိုယ့်အဖေ၊ ကိုယ့်အမေ၊ ကိုယ့်အဘိုး၊ ကိုယ့်အဘွား၊ ကိုယ့်ဦးလေး၊ ကိုယ့်အဒေါ် ပြည့်စုံတာဆိုတာ အသာထားလိုက်ပေါ့၊ ကိုယ်ကိုယ်တိုင် သူဌေးကြီး ဖြစ်နေလို့ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာကိုအကြောင်းပြုပြီးတော့ မာနဖြစ်မယ်ဆိုရင်တော့ ဒါ ကိုယ်ပိုင်တာကိုအကြောင်းပြုပြီးတော့ မာနဖြစ်တာပါလို့ တွေးမယ်ဆို တွေးစရာပဲ။

တရားသဘောက ကျဲရာ ကျဲရာကနေ အနုစိတ်စိတ်ပြီးတော့နှလုံးသွင်းရမှာ၊ အဖေ၊ အမေ၊ အဘိုး၊ အဘွားရဲ့ပိုင်ဆိုင်မှုဆိုတာကတော့ကိုယ်ပိုင်မဟုတ်ဘူးဆိုတာ ထင်ရှားပြီးသား၊ တရားသဘောနဲ့ ဘာမှနက်နက်နဲနဲ ပြောနေစရာကို မလိုဘူး။ ကိုယ်ရှာထားတာမှ မဟုတ်ဘဲ။ ကိုယ်ကိုယ်တိုင် နဖူးကချွေး ခြေမကျအောင် ရှာထားရတဲ့ပစ္စည်းဥစ္စာတွေကျတော့ ကိုယ်ပိုင်တွေပေါ့လို့ ပြောစရာရှိတယ်။

အဲဒါတွေလည်း တကယ်တမ်း လေးလေးနက်နက် စဉ်းစားကြည့်ရင် ကိုယ်ပိုင်မဟုတ်ပါဘူး။ အခု ယောဂီတို့ ဟိုး ရန်ကုန်ကလာတဲ့ ယောဂီတွေဆိုလို့ရှိရင် ရန်ကုန်အိမ်မှာ ပစ္စည်းဥစ္စာတွေ မရှိဘူးလား။

http://www.dhammadownload.com

ရှိတယ်။ အဲဒီပစ္စည်းဥစ္စာတွေကို တစ်ယောက်ယောက်က ခိုးသွားတယ် ဆိုရင် ကိုယ်ပိုင်ဟုတ်ပါဦးမလား။ မဟုတ်တော့ဘူး။

ကိုယ်ကတော့ ငါ့ ရန်ကုန်အိမ်မှာ ဘာတွေရှိတယ်၊ သထုံက ယောဂီဆိုရင်လည်း ငါ့ အိမ်မှာ ဘာတွေ ရှိတယ်လို့ တွေးနေမှာပဲ။ တကယ်တော့ မဟုတ်ဘူး။ အဲဒါတွေက ကိုယ်မပိုင်တော့ဘူး။ ရန်သူမျိုး ငါးပါးနဲ့ အမြဲတမ်းဆက်ဆံနေတယ်။ ရန်သူမျိုးငါးပါးက ဘာတွေတုံး။

ရေ၊ မီး၊ မင်း၊ သူခိုး၊ မချစ်မနှစ်သက်သောသူ၊ တစ်နည်းအားဖြင့် အမွေခံဆိုး၊ သားဆိုး, သမီးဆိုးပေါ့။ မချစ်ရုံနဲ့တော့ ရန်သူ မဟုတ်ပါဘူး။ ကိုယ့်ကို ဒုက္ခပေးမယ့်သူမှ ရန်သူ။

အဲဒီတော့ အဲဒီ ရန်သူမျိုးငါးပါးနဲ့ အချိန်မရွေး ဆက်ဆံနေတယ်။ အမြဲတမ်း ဆက်ဆံနေတယ်။ ကိုယ်ရှာထားလို့ ကိုယ်ပိုင်တယ်လို့ ယူဆပေမယ့် တကယ်တမ်းကျတော့ ကိုယ်မပိုင်ဘူး။ ရန်သူမျိုးငါးပါးက ပိုင်နေတာ၊ ကိုယ်သုံးစွဲတဲ့ အခိုက်အတန့်လေးသာ ကိုယ်ပိုင်တာ။

ထမင်းလေးတစ်လုတ် စားလိုက်တယ်ဆိုရင် ကိုယ့်ပါးစပ်ထဲ ရောက်သွားတဲ့ ထမင်းတော့ ကိုယ်ပိုင်သွားတာပေါ့။ ဒါတောင်မှ ဒီထက် နက်နက်နဲနဲ စဉ်းစားမယ်ဆိုရင် ကိုယ်မပိုင်သေးဘူး။ ခန္ဓာကိုယ်ထဲက ပိုးမျိုးရှစ်ဆယ်က ပိုင်သေးတာနော်။ ကိုယ်တစ်ယောက်တည်း စားရတာ မဟုတ်ဘူး၊ ပိုးမျိုးရှစ်ဆယ်နဲ့ အတူတူ ခွဲဝေစားရတာ။ ကိုယ်စားရတာ ထက် ပိုမျိုးရှစ်ဆယ် စားသွားတာက ပိုတောင်များသေးတယ်။

ဟိုတစ်လောကပဲ ဦးဇင်းတို့ရဲ့ ဇာတိ၊ ရေနံချောင်းမြို့မှာ မီး လောင်တယ်။ မီးလောင်တော့ အင်မတန် ချမ်းသာကြွယ်ဝတဲ့ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com

ရဲ့ အိမ်တွေလည်း အများကြီး မီးထဲပါသွားကြတာပေါ့။ သူတို့ရဲ့အိမ်၊ သူတို့ရဲ့ ပိုင်ဆိုင်မှု စည်းစိမ်တွေ မီးလောင်ပျက်စီးကုန်တာပေါ့။

ဦးဇင်းတို့နဲ့ အင်မတန်ရင်းနှီးတဲ့ ဘုန်းကြီးတစ်ပါးရဲ့ မိဘတွေလည်း မီးဒဏ်အကြီးအကျယ် ခံလိုက်ရတယ်။ သူတို့ကတော့ တော်တော်လည်း ချမ်းသာကြွယ်ဝပါတယ်။ သူတို့ရဲ့ လုပ်ငန်းကလည်း တော်တော်ကျယ်ပြန့်ပါတယ်။ လက်ဖက်ခြောက်တို့၊ ကော်ဖီမှုန့်တို့ လုပ်တာပေါ့။

မီးလောင်တာကတော့ ဈေးနားကစပြီးတော့ လောင်တာ၊ သူတို့ရဲ့ ကုန်ပစ္စည်းတွေကလည်း ဈေးထဲမှာ လှောင်ထားတာ။ ဈေးနဲ့ နီးနီးနားနားမှာ မီးလောင်တာဆိုတော့ ဈေးထဲမှာသာ ဒီပစ္စည်းတွေ ဒီအတိုင်းထားမယ်ဆိုရင်တော့ မီးထဲ ပါသွားမှာပဲဆိုပြီး အဲဒီ ဈေးထဲမှာ ဂိုဒေါင်ထဲမှာ ထည့်ထားပြီးသား သိမ်းထားပြီးသား ပစ္စည်းတွေကို အိမ်မှာ ရွှေ့ထားတယ်။ မီးလောင်တဲ့နေရာနဲ့ အင်မတန်ကို ဝေးတဲ့ အိမ်သုံးလုံးမှာ ဖြန့်ပြီးတော့ ရွှေ့ထားလိုက်တယ်။

နောက်ဆုံးကျတော့ အဲဒီအိမ်သုံးလုံးလုံး မီးထဲပါသွားတယ်။ မီးက ခုန်ကျော်ပြီးတော့ လောင်သွားတာကိုး။ ခုန်ကျော်ပြီးတော့ လောင်သွားတော့ ပစ္စည်းရွှေ့ရတာကလည်းပင်ပန်းသေးတယ်။ မရွှေ့ဘဲနဲ့ နဂိုအတိုင်းသာ ထားမယ်ဆိုရင်တော့ မီးထဲမပါဘူး။ ဈေးနား မီးစ, လောင်ပေမယ့် ဈေးက မီးကိုမလောင်ဘူး။ ဟိုးဘက် မီးစ, လောင်တဲ့နေရာနဲ့ အဝေးကြီးမှာ လောင်သွားတယ်။

ဒီပစ္စည်းတွေ မီးထဲပါသွားမှာစိုးရိမ်ပြီးတော့ ဝေးလံတဲ့ အိမ်

http://www.dhammadownload.com

တွေမှာ ရွှေ့ထားတယ်။ ရွှေ့ထားတဲ့ နေရာမှာကိုပဲ မီးက သေချာကို လောင်လိုက်တယ်။ လောင်လိုက်တော့ အိမ်သုံးလုံးမှာ ပင်ပင်ပန်းပန်း သွားသယ်ထားတဲ့ ပစ္စည်းတွေ အကုန်လုံး မီးထဲပါသွားတာပေါ့။ ဆိုင်မှာ ဘာမှကို မကျန်တော့ဘူးနော်။ လက်ဖက်ခြောက်အနံ့တောင် မရ တော့ဘူးပေါ့လေ။

အဲဒီတော့ ကိုယ်ပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာတွေဟာ ရန်သူမျိုးငါးပါး နဲ့ အမြဲတမ်းပဲ ဆက်ဆံနေပါတယ်။ နောက်ဆုံးပေါ့လေ၊ ရန်သူမျိုး ငါးပါးကြောင့် မပျက်စီးဘူးပဲ ထားပါတော့၊ ကိုယ့်ရှိနေတဲ့ဟာ အခုလော လောဆယ် မသုံးရဘူးဆိုရင်တော့ လောလောဆယ်မှာ ကိုယ်ပိုင်တယ် လို့ကို ပြောလို့မရဘူးနော်။

ရန်ကုန်က ယောဂီတွေဆိုရင် အိမ်မှာ ကားရှိတဲ့ သူတွေလည်း ရှိမှာပဲ၊ အဲဒီ ကား အခု သထုံ ယူလာလို့ ရလား။ မရဘူး၊ တချို့လည်း ယူလာတာရှိမှာပေါ့လေ။ အခု ကား ယူလာတဲ့ သူကလည်း ကားက ဓမ္မာရုံရှေ့မှာ ရပ်ထားတာဆိုတော့ အခုလောလောဆယ် အဲဒီကား စီးရလို့လား။ မစီးရဘူး။ မစီးရဘူးဆိုတော့ ကိုယ် မပိုင်ဘူးပေါ့။

ရန်ကုန်အိမ်မှာ ကားကျန်ခဲ့တဲ့ပုဂ္ဂိုလ်၊ သထုံအိမ်မှာ ကားထားခဲ့ တဲ့ပုဂ္ဂိုလ်ဆိုရင် ပိုတောင် မပိုင်ဘူးပေါ့။

အခုလောလောဆယ် သုံးဆောင်ခံစားခွင့်မရှိဘူး၊ အခု လော လောဆယ် သုံးဆောင်ခံစားမနေဘူးဆိုရင် အဲဒီပစ္စည်းဟာ ရန်သူမျိုး ငါးပါးကြောင့် မပျက်စီးသေးဘူးပဲထားဦး၊ ကိုယ်မပိုင်ပါဘူး။ ဒါ အင်မ တန် လေးလေးနက်နက် စဉ်းစားရမှာပါနော်။ တရားနာပရိသတ်များ

http://www.dhammadownload.com

သဘောပေါက်လောက်ပါတယ်နော်။

ဒါ့ကြောင့် 'ကိုယ့်မိဘ၊ ကိုယ့်ဘိုးဘွားပိုင်တဲ့ ပစ္စည်းဥစ္စာတွေမှ ကိုယ်ပိုင်မဟုတ်တာမဟုတ်ဘူး။ ကိုယ်ကိုယ်တိုင် ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေလည်း တကယ်တမ်းကျတော့ ကိုယ်ပိုင်မဟုတ်ပါလား' လို့ အဲဒီလိုလေး သဘောပေါက်လိုက်ရင် မာနဖြစ်စရာဘာမှ မရှိတော့ဘူး။

မာနကြီးခြင်း၊ မာန်တက်ခြင်းကအမျိုးမျိုးရှိတယ်။ ပစ္စည်းဥစ္စာကြောင့် ဓနမာန်တက်တာရှိတယ်။ မျိုးရိုးအကြောင်းပြုပြီးတော့ ဇာတိမာန် တက်တာရှိတယ်၊ ရုပ်အဆင်းအကြောင်းပြုပြီးတော့ အလှမာန်တက်တာရှိတယ်။ ပညာအကြောင်းပြုပြီးတော့ ပညာမာန် တက်တာရှိတယ်။ မာန်တွေကတော့ ခွဲမယ်ဆိုရင် အများကြီးပါပဲ။

အဲဒီတော့ ရုပ်အဆင်းလှတဲ့သူကလည်း 'ငါ့မျက်နှာလေး ငါပိုင်တာပေါ့၊ ဘယ်သူ ပိုင်တာမှ မဟုတ်ဘူး' လို့ ထင်မှာပဲ။ တကယ်တမ်းကျတော့ ကိုယ့်ရုပ်ကလည်း ကိုယ်မပိုင်ဘူး။

ကိုယ့်ရုပ်ကလေး အလှဆုံးအရွယ်က အသက်ဘယ်လောက်တုံး။ ဆယ့်ခြောက်နှစ်တဲ့။ ဆယ့်ခြောက်နှစ်တုန်းက ခတ်ပုံ ယူကြည့်လိုက်ချင်တယ်နော်။ ထားလိုက်ပါတော့လေ၊ ဆယ့်ခြောက်နှစ်ပဲ။ ဆယ့်ခြောက်နဲ့ နှစ်ဆယ်ကြားပေါ့။ ဦးဇင်းတို့ စာပေမှာကတော့ အလှဆုံးအရွယ်ဆိုတာက အသက်နှစ်ဆယ်နဲ့ သုံးဆယ်ကြားလို့ ဆိုထားတယ်နော်။ ဝဏ္ဏဒသကအရွယ်ပေါ့။ အဆင်းအလှဆုံးအရွယ်ပေါ့။

အသက်နှစ်ဆယ်နဲ့ သုံးဆယ်ကြားတုန်းက အင်မတန် နုပျို

http://www.dhammadownload.com

လှပတဲ့၊ ဆွဲဆောင်မှုရှိတဲ့ ရုပ်အဆင်းကို ပိုင်ဆိုင်ခဲ့တယ်။ သုံးဆယ် ကျော်သွားပြီ၊ လေးဆယ် ငါးဆယ်ရောက်ပြီဆိုတော့ အဲဒီ နှစ်ဆယ် သုံးဆယ်တုန်းက လှပမှု နုပျိုမှုတွေ ရှိသေးလား။ မရှိတော့ဘူး။

ယောဂီတို့ ကိုယ့်ပါးလေးကိုယ် စမ်းကြည့်ပေါ့။ အသက်ကြီး ကြီး ယောဂီဆိုရင်တော့ ပိုထင်ရှားမှာပေါ့လေ။ အတွန့်တွေ၊ အတွဲတွေ၊ အချိုင့်တွေ၊ အခွက်တွေနဲ့ ဘာလှပမှု၊ ဘာနုပျိုမှုမှ မရှိတော့ဘူး။ ပျက်စီး ချင်တိုင်း ပျက်စီးကုန်ပြီ။

အဲဒီတော့ ကိုယ်လှပါတယ်ဆိုတဲ့၊ ကိုယ်မာန်တက်စရာအဖြစ် နဲ့သိမ်းပိုက်ထားတဲ့ ဒီရုပ်အဆင်းလေးကရော ကိုယ်ပိုင်ဟုတ်သေးရဲ့လား၊ မဟုတ်ဘူး။ ကိုယ်ပိုင်ဆိုလို့ရှိရင် ပါးရေတွန့်စရာလည်း မလိုဘူးလေ။ ရုပ်ကလေး ရင့်လာစရာလည်း မလိုဘူးလေ။ မျက်ရစ်တွေ ပေါ်လာစရာ လည်း မလိုဘူးလေ။ အခု ကိုယ်ပိုင် မဟုတ်လို့ သူဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေတာပေါ့။

မနေ့ကပဲ မြင့်မြတ်သူတို့၏ စံအိမ်ဆိုတဲ့အခွေလေး ညဘက် ဖွင့်တော့ ဦးဇင်းတို့က ဓမ္မာရုံအပြင်ဘက်ကနေ လမ်းလျှောက်ရင်းနဲ့ နာယူနေပါတယ်။ အဲဒီမှာ တရားခွေဖွင့်လိုက်တာနဲ့ ဘာတွေးလိုက်မိ တုံးဆိုတော့ ....

'ဩော် .... လွန်ခဲ့တဲ့လေးနှစ်တုန်းက အသံလေးက ကလေးသံ လေး'၊ အသံလေးက နုနေတာပေါ့၊ အသံကောင်းတယ်လို့တော့ မဆို လိုပါဘူး။ ဆိုလိုလို့လည်းမရပါဘူး၊ အသံက ကောင်းမှုမကောင်းတာ။ အဲဒီတော့ လွန်ခဲ့တဲ့လေးနှစ်တုန်းက အသံလေးက နုနေတယ်။ ကလေး

http://www.dhammadownload.com

သံလေးပေါက်နေတယ်။ အခု မနေ့က အလုပ်ပေးတရားဟောတော့ ကိုယ့်အသံကိုယ် မိုက်ထဲကနေ ပြောရင်း နားထောင်ကြည့်လိုက်တော့ အသံက တော်တော့ကို ရင့်သွားပြီ။

အသံက လွန်ခဲ့တဲ့ လေးနှစ်တုန်းကလို ကလေးသံ မဟုတ်တော့ဘူး၊ လူကြီးသံပေါက်နေပြီ။ နဂိုကတည်းကလည်း လူကြီးသံတော့ ဖြစ်ပြီးသားပါ။ ဒါပေမဲ့ ဒီနှစ်အသံက ပိုလူကြီးသံ ဖြစ်လာတယ်။

အဲဒီတော့ တစ်နှစ်ထက် တစ်နှစ် အသံကလည်း ရင့်လာတယ်။ မနေ့ကအသံထက်တောင် ဒီနေ့အသံကပိုပြီးတော့ နားထောင်ရခက်နေတယ်နော်။ လည်ချောင်းကပ်နေတာလည်း ပါတာပေါ့လေ။

အဲဒီတော့ ကိုယ့်ရဲ့ အသံကိုလည်း ကိုယ်မပိုင်ပါဘူး။ အသံကလည်း တစ်နှစ်ထက် တစ်နှစ် အိုမင်း ယိုယွင်းပြီးတော့ ဖောက်ပြန်လာတာပါပဲ။ အဲဒီတော့ မာနဖြစ်ချင်စရာ ဘာမှမရှိပါဘူး။

မာနဖြစ်စရာ ကောင်းလောက်တယ်လို့ ယူဆထားတဲ့အရာကို တစ်ခုချင်း သေချာစစ်ကြည့်၊ ကိုယ်ပိုင်လား၊ မပိုင်ဘူးလား၊ ကိုယ့်အလိုအတိုင်းဖြစ်သလား၊ မဖြစ်ဘူးလား၊ သေချာစစ်ကြည့်၊ သြော် မဖြစ်ဘူးဆိုရင်တော့ အဲဒီအရာကို အကြောင်းပြုပြီးတော့ မာန ဖြစ်မနေနဲ့တော့။

■

http://www.dhammadownload.com



## ကိုယ်ပိုင်အစစ်ကနိဗ္ဗာန်

ဟာ အရှင်ဘုရား ပစ္စည်းဥစ္စာတော့ ကိုယ်ပိုင်မဟုတ်ဘူးထား ပါတော့၊ ပစ္စည်းဥစ္စာတွေလှူဒါန်းလိုက်လို့ ဒါနကုသိုလ်ဖြစ်သွားလို့ရှိရင် အဲဒီဒါနကတော့ ကိုယ်ပိုင်တာပေါ့လို့ မေးစရာဖြစ်လာပြန်တယ်။

သာမန်အနေနဲ့ ကြည့်လို့ရှိရင်တော့ အဲဒီဒါနကိုယ်ပိုင်တယ်၊ ကိုယ်ပိုင်တယ်ဆိုတာ ဘာကြောင့် ပြောရတာလဲဆိုရင် သံသရာခရီး သွားတဲ့ အခါပါသွားလို့ ကိုယ်ပိုင်တယ်လို့ ပြောရတာနော်။

ဒါပေမဲ့ အဆင့်မြင့်တဲ့ဉာဏ်နဲ့ လေးလေးနက်နက်ထပ်ပြီးတော့ စဉ်းစားလိုက်ပြန်တော့ အဲဒီဒါနကုသိုလ်ကလည်း ကိုယ်ပိုင်အစစ်မဟုတ် သေးပြန်ဘူး။ ဘာကြောင့်မဟုတ်သလဲဆိုတော့ ဒီဘဝကပစ္စည်းဥစ္စာ တွေကိုတော့ ကိုယ်ပိုင်မဟုတ်ဘူး၊ ကိုယ်ပိုင်မဟုတ်ဘူးလို့ နှလုံးသွင်းပြီး တော့ စွန့်လွှတ်လှူဒါန်းကြတယ်။

http://www.dhammadownload.com

အဲဒီ ဒါနကုသိုလ်ကြောင့် နောက်ဘဝ အကျိုးပေးမှာတွေက လည်း ဘာတွေလဲဆိုတော့ ဒီဘဝမှာ ကိုယ်ပိုင်မဟုတ်ဘူးလို့ နှလုံးသွင်း ခဲ့တဲ့ ပစ္စည်းဥစ္စာတွေပဲ အကျိုးပေးမှာပါပဲ။ မဟုတ်ဘူးလား။ ဟုတ် တယ်။

ဒီ ဒါနကြောင့် နောက်ဘဝလူဖြစ်တယ်ဆိုပါတော့။ လူ့ဘဝမှာ ရလာတဲ့ လူ့စည်းစိမ်ချမ်းသာတွေကလည်း ဒီဘဝမှာ ဒီအရာတွေဟာ အနှစ်သာရမရှိပါဘူး၊ ကိုယ်ပိုင်မဟုတ်ပါဘူးလို့ နှလုံးသွင်းခဲ့တဲ့ အရာ တွေပဲ ဖြစ်မနေပြန်ဘူးလား။ ဖြစ်နေတယ်။

ဒါကြောင့် လောကီစည်းစိမ်ချမ်းသာကိုပဲ အကျိုးပေးမယ့် ကုသိုလ်တွေဆိုရင်တော့ ကိုယ်ပိုင်အစစ် မဟုတ်သေးဘူး။ ဘာလို့လဲဆို တော့ ပျက်စီးသွားမယ့် ချမ်းသာတွေကိုပဲ အကျိုးပေးမှာမို့လို့၊ ဒါဆိုရင် ယောဂီတို့ သဘောပေါက်ပါပြီ။

နိဗ္ဗာန်ဆိုတဲ့ ဘယ်တော့မှ မပျက်စီးနိုင်တဲ့ ချမ်းသာကို ရစေ နိုင်တဲ့ ကုသိုလ်မှသာလျှင် ကိုယ်ပိုင်အစစ်၊ ဒါတောင်မှ နိဗ္ဗာန်ကို မျက် မှောက် မပြုနိုင်သေးဘူး ဆိုရင်တော့ မစစ်တစစ်ပဲ ရှိသေးတယ်နော်။ တကယ်ကို ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်ပြီဆိုမှ ကိုယ်ပိုင်အစစ်ဖြစ်သွားပါတယ်။

နိဗ္ဗာန်ကို ရည်စူးပြီးတော့ 'နိဗ္ဗာနပစ္စယော ဟောတု၊ နိဗ္ဗာန်ရဲ့ အထောက်အပံ့ဖြစ်ပါစေ'လို့ ပြုခဲ့တဲ့ ကုသိုလ်တွေဟာ အထွတ်အထိပ် ရောက်သွားတဲ့အတွက် အဲဒီကျတော့မှ ကိုယ်ပိုင်အစစ် ဖြစ်သွားပြီ။

ရဟန္တာအရှင်မြတ်ကြီး ရလိုက်တဲ့ နိဗ္ဗာန်ဟာ ဘယ်တော့မှ

http://www.dhammadownload.com

မပျက်စီးတော့ဘူး။ ဒီဘဝခန္ဓာပြီးဆုံးသွားရင် နောက်ဘဝခန္ဓာ အသစ်ထပ်မဖြစ်တော့ဘူး။ အဲဒီ အသခ်တနိဗ္ဗာန်မှာပဲ ထာဝရ မွေ့လျော်ခွင့်ရသွားပြီ။

မွေ့လျော်ခွင့်ဆိုလို့ ရုပ်နာမ်တစ်ခုခုအနေနဲ့ မွေ့လျော်နေတာတော့ မဟုတ်တော့ဘူးနော်။ ရုပ်နာမ်ကတော့ မရှိတော့ဘူး။ ဒါပေမဲ့ ဘယ်တော့မှ မပျက်စီးနိုင်တဲ့ ချမ်းသာတကာ့ချမ်းသာတွေထဲမှာလည်း အကောင်းဆုံး ချမ်းသာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို အမြဲထာဝရ ပိုင်ဆိုင်ခွင့် ရသွားပါပြီ။

ဒါ့ကြောင့်မို့လို့ ကုသိုလ်ကုသိုလ်ဆိုတိုင်းလည်း ကိုယ်ပိုင်အစစ် မဟုတ်ဘူး။ ဘာကုသိုလ်ပဲပြုပြု ယောဂီတို့ နိဗ္ဗာနပစ္စယော ဟောတု၊ ဒါက အကျဉ်းချုပ်ပေါ့။ နည်းနည်းလေး ချဲ့မယ်ဆိုရင်တော့ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ ဘာကုသိုလ်ပဲ ပြုပြု နိဗ္ဗာန်ကို မလိုချင်ချင် လိုချင်ချင် နိဗ္ဗာန်ကို ဦးတည်ပြီးတော့သာ ပြုပါ။

ဦးဇင်းတို့ ခဏခဏလည်း ပြောနေတာပါပဲ။

ရန်ကုန်ကနေ မန္တလေးအထိ ရထားလက်မှတ် ဖြတ်ထားတယ်ဆိုရင် ပဲခူးမှာ ဆင်းနေခဲ့လည်း ရတာပဲ၊ သာစည်မှာ ဆင်းနေခဲ့လည်း ရတာပဲ။ ပဲခူးအထိပဲ လက်မှတ်ဖြတ်ထားတယ်ဆိုရင်တော့ သာစည်အထိ လိုက်လို့မရဘူး၊ မန္တလေးအထိလည်း လိုက်လို့မရဘူး၊ တွဲစောင့်ကို ပိုက်ဆံပေးလိုက်ရင်တော့ ရချင်ရမှာပေါ့။

ဒါကြောင့် ကိုယ့်ရဲ့ ဒါနပဲဖြစ်ဖြစ်၊ ကိုယ်ရဲ့ သီလပဲဖြစ်ဖြစ်၊ ကိုယ်ရဲ့ ဘာဝနာပဲဖြစ်ဖြစ်၊ နိဗ္ဗာန်အထိသာ လက်မှတ်ဖြတ်ထားလိုက်

http://www.dhammadownload.com

ပါ။ အဲဒါဆိုရင်တော့ နိဗ္ဗာန်မရောက်မချင်း ဒီကုသိုလ်ရဲ့ အရှိန်အဝါ သတ္တိတွေက လိုက်ပါနေမှာပါပဲ။

လူချမ်းသာကိုပဲ ရည်စူးပြီး ကုသိုလ်ပြုရင်တော့ ကိုယ်တောင့် တတဲ့ လူချမ်းသာရပြီးတာနဲ့ ဒီကုသိုလ်ရဲ့အရှိန်တွေ ကုန်ရော၊ နိဗ္ဗာန် အထိမလိုက်တော့ဘူး။ နတ်ချမ်းသာပဲ ရည်စူးပြီး ကုသိုလ်ပြုထားရင် နတ်ချမ်းသာရတာနဲ့ပဲ ကျေသွားရော၊ နိဗ္ဗာန်အထိမလိုက်တော့ပါဘူး။ ဒါကြောင့် ကုသိုလ်လုပ်တိုင်း နိဗ္ဗာန်ရောက်တယ်လို့တော့ မထင်ပါနဲ့။ နိဗ္ဗာန်ကို ဦးတည်ပြီးတော့ ပြုမှ နိဗ္ဗာန်ရောက်တာပါ။

ဒါက ကိုယ်ပိုင်ဆိုတာနဲ့ပတ်သက်လို့ ခွဲခြမ်းစိတ်ဖြာပြီးတော့ ပြောတာပါ။ ယောဂီတို့ ဒီလောက် စိတ်ဖြာပေးလိုက်လို့ရှိရင် ကိုယ့် ဉာဏ်နဲ့ ချဲ့ထွင်ပြီးတော့ ခွဲခြမ်းစိတ်ဖြာလို့ ရသွားပါပြီ။

■

http://www.dhammadownload.com

## အယူမှားရင် အပူပွားလိမ့်မယ်

နောက်သတ်ရမယ့်သူတွေက ဘယ်သူတွေတုံး။ မင်းနှစ်ပါးတဲ့၊ မင်းကြီး၊ မင်းကလေးပေါ့လေ။

လောကမှာ ရှင်ဘုရင်ဆိုတာ လူတွေအားလုံးရဲ့၊ တိုင်းသူပြည်သားတွေအားလုံးရဲ့ ရှိသေဦးခိုက်ရာဖြစ်တယ်၊ တိုင်းသူပြည်သားအားလုံးဟာ ရှင်ဘုရင်ကိုပဲ ဦးတိုက်ကြရတယ်။ ရှင်ဘုရင်ပြောသမျှ နားထောင်ရတယ်၊ ရှင်ဘုရင်ခိုင်းသမျှ လုပ်ကြရတယ်၊ ရှင်ဘုရင့်ရဲ့ အမိန့်အာဏာအတိုင်းပဲ ရပ်တည်ကြရတယ်။

အဲဒီလိုပါပဲ၊ လောကမှာ မှားယွင်းတဲ့အယူအဆလို့ခေါ်တဲ့ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာ – ဆိုတာ မှားယွင်းသော၊ ဒိဋ္ဌိက – အယူအဆ၊ အသိအမြင်ပေါ့။ အဲဒီ မှားယွင်းနေတဲ့အယူအဆတွေ လောကမှာ အများကြီးရှိပါတယ်။ မိစ္ဆာဒိဋ္ဌိဘယ်နှစ်ပါးလို့ ကြားဖူးတုံး။

http://www.dhammadownload.com

ရှေ့နားက ပိဋကတ်အိုးကွဲလေးတွေ မေးရမှာနော်။ မိစ္ဆာဒိဋ္ဌိ ဘယ်နှပါးရှိသတဲ့တုံး။ ခြောက်ဆယ့်နှစ်ပါးရှိတယ်။ ဂဏန်းလည်း ကောက်မနေကြနဲ့ဦး။ အဲဒီ မိစ္ဆာဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး ဘယ်လောက်ပဲ များများ အနှစ်ချုပ်လိုက်လို့ရှိရင်တော့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါး မှာပဲ ခေါင်းဆိုက်ပါတယ်။ အဲဒီ ဒိဋ္ဌိနှစ်ပါးမှာပဲ ဦးတိုက်ပါတယ်။

ဒါကြောင့် သဿတဒိဋ္ဌိ နဲ့ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးဟာ ဒိဋ္ဌိအားလုံးရဲ့ ညွှတ်ရုံးဦးခိုက်ရာ၊ ဗဟိုပင်မ အချက်အချာဖြစ်တဲ့အတွက်ကြောင့် မင်း နှစ်ပါးလို့ ခေါ်ပါတယ်။ သဿတက တစ်ပါး၊ ဥစ္ဆေဒက တစ်ပါးလို့ နှစ်ပါးကွဲနေလို့ မင်းနှစ်ပါးလို့ ပြောလိုက်တာပါ။ လိုရင်းကတော့ မိစ္ဆာ ဒိဋ္ဌိပေါ့။ မိစ္ဆာဒိဋ္ဌိလို့ ပြောလိုက်ရင် ဒါ မင်းပဲပေါ့။

သဿတဒိဋ္ဌိဆိုတာက ဘာတုံး။ မြဲတယ်လို့ ယူဆတာပေါ့။ သဿတဆိုတာ မြဲတာ၊ ဒိဋ္ဌိကတော့ အယူပေါ့။

"ဒီဘဝကနေ သေသွားလို့ရှိရင် ခန္ဓာကိုယ်ကြီးကသာ ဒီဘဝမှာ ကျန်ရစ်ခဲ့တာ၊ ဒီခန္ဓာကိုယ်ကြီးထဲမှာရှိတဲ့ အသက်ကောင်လေး၊ ဝိညာဉ် ကောင်လေး၊ လိပ်ပြာလေးကတော့ ဟို နောက်ဘဝခန္ဓာအသစ်ကို ကူး ပြောင်းသွားတယ်။ ရုပ်ခန္ဓာကြီးကသာ သေသွားတာ၊ နာမ်ခန္ဓာဝိညာဉ် လေးကတော့ မသေဘူး'လို့ ယူဆတဲ့ အယူအဆကို သဿတဒိဋ္ဌိလို့ ခေါ်ပါတယ်။

သေပြီးလို့ရှိရင် ဘဝအသစ်တွေ ထပ်ပြီးတော့ ဖြစ်ရဦးမယ်။ သေပြီးရင် အလောင်းတွေက နေ့တိုင်း တွေ့နေရတာဆိုတော့ ခန္ဓာကိုယ် ကြီး မလိုက်မှန်းတော့ သိကြတယ်။ မမြင်ရတဲ့ နာမ်ကျတော့ လိုက်တယ်

http://www.dhammadownload.com

လို့ထင်တယ်။

ဒီဘဝ နာမ်၊ ဒီဘဝစိတ်ကလေးကပဲ နောက်ဘဝခန္ဓာအသစ်ထဲမှာ သွားပူးတယ်လို့ ဒီလိုယူဆကြတယ်။ တချို့လူဝင်စား အဖြစ်အပျက်တွေ ဖတ်လိုက်လို့ရှိရင်လည်း ဝိညာဉ်လေးက သွားပူးတယ်၊ သွားပူးတယ်လို့ ရေးကြတယ်။ လူဝင်စားနဲ့ပတ်သက်လို့ အရေးမှားနေကြတာတွေကတော့ အများကြီးရှိတယ်။ ဒါလည်း သူတို့နားလည်သလို ရေးတာလည်း ဖြစ်မှာပေါ့လေ။

ဒီဘဝက စိတ်ကလေး၊ ဒီဘဝက ဝိညာဉ်ကလေးကတော့ ဟိုဘက်ကိုမလိုက်ဘူး၊ ဝိညာဉ်ဆိုတာကတော့ အသက်ကောင်၊ လိပ်ပြာကောင်လေးကို ပြောတာမဟုတ်ဘူး။ နာမ်သဘောလေးကို ဝိညာဉ်လို့ခေါ်တာ။

ဒါပေမဲ့ ဒီဘဝမှာရှိတဲ့ နာမ်ခန္ဓာထဲမှာပါတဲ့ တဏှာတို့၊ အဝိဇ္ဇာတို့၊ ဉပါဒါန်တို့၊ ကံတို့ရဲ့အစွမ်းသတ္တိတွေကတော့ နောက်ဘဝမှာ လိုက်သွားတယ်။ ဒီဘဝရဲ့ အဲဒီ သတ္တိတွေကြောင့်ပဲ ဟိုဘက်မှာ ဘဝအသစ်ထပ်ဖြစ်ရတာပေါ့။

ယောဂီတို့ တံဆိပ်တုံးလေးတွေ ရိုက်ဖူးမှာပေါ့နော်။ ဦးဇင်းတို့ လှူဒါန်းနေတဲ့ စာအုပ်တွေမှာဆိုရင် 'အရှင်ဆန္ဒာဓိကဏ်ဓမ္မဒါန'ဆိုပြီး တံဆိပ်တုံးနဲ့ ရိုက်တယ်လေ။

တံဆိပ်တုံးလေး စာရွက်ပေါ်ရိုက်လိုက်တော့ စာရွက်ပေါ်မှာ 'အရှင်ဆန္ဒာဓိကဏ်ဓမ္မဒါန' ဆိုတဲ့ စာသားလေး ထင်သွားတယ်။ အဲဒီ စာသားလေးက တံဆိပ်တုံးထဲကနေ ထွက်လာတာလား။ အဲဒီ စာသား

http://www.dhammadownload.com

ဟာ တံဆိပ်တုံးလား။ အဲဒီစာသားက တံဆိပ်တုံးဆိုရင် စာအုပ်တွေ အများကြီးပေးနေတာ ဦးဇင်းမှာ တံဆိပ်တုံး ကျန်မှာကို မဟုတ်တော့ဘူး။ နောက်စာအုပ်တွေ ရိုက်လို့ကို မရတော့ဘူးနော်။ တစ်အုပ်ရိုက်ပြီးတာနဲ့ ပျောက်သွားမှာ။

'အရှင်ဆန္ဒာဓိက၏ ဓမ္မဒါန 'ဆိုတဲ့ စာသားဟာ တံဆိပ်တုံးထဲက ထွက်လာတာ မဟုတ်ဘူး၊ အဲဒီ စာသားဟာ တံဆိပ်တုံးလည်း မဟုတ်ဘူး၊ ဒါပေမဲ့ ဒီတံဆိပ်တုံးနဲ့ ကင်းပြီးတော့ရော ဒီစာသားက ထင်နိုင်ပါ့မလား။ မထင်နိုင်ဘူး။ ဒီတံဆိပ်တုံးကြီးက စာရွက်မှာ လိုက်ကပ်မလာဘူး။ ဒါပေမဲ့ ဒီတံဆိပ်တုံးရဲ့ သတ္တိက ဒီစာရွက်မှာ လာထင်တာပါပဲ။

အို .... ဥပမာတွေကတော့ အများကြီးရှိပါတယ်။ အချိန်က သိပ်မရှိတော့လို့ မပြောတော့ဘူး။ ဒီတံဆိပ်တုံးလေး နှိပ်တာတစ်ခုကိုပဲ ကိုယ့်ဘာသာကိုယ် ချဲ့ပြီးတော့ တွေးကြည့်ပေါ့။

ဘဝအသစ် ကူးသွားတယ်ဆိုတာ ဘဝအဟောင်းက နာမ်ခန္ဓာနဲ့ ဆက်စပ်နေတယ်။ ဒါပေမဲ့ ဘဝအဟောင်းက နာမ်ခန္ဓာကြီးက နောက်ဘဝအသစ်ကို လိုက်လာတာမဟုတ်ဘူး။ တံဆိပ်တုံးထဲက 'အရှင်ဆန္ဒာဓိက၏ ဓမ္မဒါန ' ဆိုတဲ့ စာသားကြီးက စာရွက်ပေါ်မှာ ပါလာတာမဟုတ်ဘူး။ တံဆိပ်တုံးထဲက အဲဒီ စာသားရဲ့ သတ္တိက စာရွက်ပေါ် အရိပ်လာထင်တာ။

ဒီဘဝ ခန္ဓာကိုယ်ထဲက အသက်ကောင် ဝိညာဉ်ကောင် လိပ်ပြာကောင်လေးဟာ ဘယ်တော့မှ မသေဘဲ အစဉ်ထာဝရ တည်မြဲနေတယ်၊ လူသေရင် အဲဒီအသက်ကောင် လိပ်ပြာကောင်လေးက နောက်

ဘဝကို လိုက်သွားတယ်လို့ယူဆတာကို သဿတဒိဋ္ဌိလို့ခေါ်ပါတယ်။

ဗုဒ္ဓဘာသာဝင်လို့ နာမည်ခံပေမယ့် ဒီ ဒိဋ္ဌိတွေကတော့ ရှိနေကြတာပါပဲ။ တရားတွေ နာနေရလို့သာ အသက်ကောင် မရှိဘူး၊ လိပ်ပြာကောင် မရှိဘူးလို့ ပြောနေပေမယ့် ကိုယ့်စိတ်ထဲကတော့ ရှိတယ်လို့ပဲ ထင်နေတာနော်။

ဥစ္ဆေဒဒိဋ္ဌိဆိုတာကတော့ ဥစ္ဆေဒက ပြတ်တာ၊ ဒိဋ္ဌိက အယူ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတော့ ပြတ်တယ်ဆိုတဲ့အယူ၊ သေပြီး ပြီးတာပဲ။ သေပြီး ဘာမှ ထပ်မဖြစ်တော့ဘူး၊ သေရင်အေးတာပဲဆိုတဲ့ အယူအဆကတော့ ဥစ္ဆေဒဒိဋ္ဌိ။

ဘဝဆိုတာ ပုခက်နဲ့ ခေါင်းကြားပဲရှိတယ်။ သေပြီးရင် ဘာမှ ထပ်မဖြစ်တော့ဘူး၊ သေရင် ပြီးပြီလို့ ယူဆတဲ့ ဒိဋ္ဌိကတော့ ဥစ္ဆေဒဒိဋ္ဌိ။ အဲဒီ ဒိဋ္ဌိရှိတဲ့လူတွေလည်း တော်တော်လေးများမယ်ထင်တယ်။ သေပြီး ပြီးတာပဲဆိုတဲ့ အယူအဆပေါ့။

အဲဒီ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးကို မင်းနှစ်ပါးလို့ ခေါ်ပါတယ်။ အဲဒီ မင်းနှစ်ပါးကိုလည်း သေအောင်သတ်လိုက်စမ်းပါတဲ့။

အဲဒီတော့ ကိုယ့်စိတ်ထဲမှာ အသက်ကောင်လေး၊ ဝိညာဉ်ကောင်လေး၊ လိပ်ပြာကောင်လေး နောက်ဘဝလိုက်တယ်လို့ ယူဆနေမယ်ဆိုရင်၊ သို့မဟုတ် သေပြီးပြီးတာပဲလို့ အတွေးအခေါ်ဖြစ်နေမယ်ဆိုရင် အဲဒီအချိန်မှာ မင်းနှစ်ပါးကို ဦးတိုက်နေတာပါ။ တစ်နည်းပြောရင်တော့ မင်းနှစ်ပါးရှေ့မှာ ဒူးထောက် လက်မြှောက်နေတာပါ။ ဒူးထောက် လက်မြှောက်ရင်း ခေါင်းမော်ကြည့်ရဲလားဆိုတော့ မော်လည်းမကြည့်ရဲ

http://www.dhammadownload.com

ဘူး၊ ခေါင်းငုံ့ပြီးတော့ နေရတာ။

အဲဒီတော့ ဒိဋ္ဌိဖြစ်နေတယ်ဆိုတာ မင်းနှစ်ပါးရှေ့ ဒူးထောက်ပြီးတော့ အခစားဝင်နေရတာပါပဲ။ တစ်နည်းပြောရင်တော့ သခင်ကြီး၊ သခင်ကြီးလို့ အော်ခေါ်နေတာနဲ့ အတူတူပဲပေါ့နော်။ ခုန မာန ဖြစ်တာကတော့ အဖေ အဖေနဲ့ခေါ်နေတာ။ အခု ဒိဋ္ဌိတွေဖြစ်နေလို့ရှိရင်တော့ သခင်ကြီး၊ သခင်ကြီးလို့ ခေါ်နေတာနဲ့ အတူတူပါပဲ။

ဒါ့ကြောင့် ဆိုလိုက်ပါ၏။

မင်းနှစ်ပါးဟုဆို၊ ဒိဋ္ဌိကို၊ သတ်ကိုသတ်ရမည်။

■

http://www.dhammadownload.com

## သူမြင်သမျှချူချင်ရတာချည်းပဲ

နောက်သတ်ရမယ့်တစ်ယောက်က ဘယ်သူတုံး။ အမှုဆောင်တဲ့၊ အီးစီပေါ့လေ။ အမှုဆောင်ဆိုတာက ဒီနေရာမှာ တိုင်းပြည်အနှံ့ လုပ်ငန်းအသီးသီးကို လှည့်လည်စစ်ဆေးရတဲ့ လုပ်ငန်းစစ် အမှုဆောင်အမတ်ကို ပြောတာပါတဲ့။

ခုခေတ်ဆိုရင်တော့ အခေါ်အဝေါ်တစ်မျိုးတော့ရှိတယ်၊ မပြောတော့ဘူးနော်။ အမှုဆောင်လို့ပဲထားလိုက်ပေါ့။ အဲဒီတိုင်းပြည်အနှံ့ လှည့်လည်စစ်ဆေးရတဲ့ လုပ်ငန်းစစ် အမှုဆောင်အမတ်ကိုလည်း သေအောင် သတ်ပါတဲ့။

တိုင်းပြည်အနှံ့ ဟိုနေရာလည်း လှည့်စစ်ဆေးရ၊ ဒီနေရာလည်း လှည့်စစ်ဆေးရတဲ့ လုပ်ငန်းစစ်ဆေးရေး အမှုဆောင်အမတ်တွေရဲ့ သဘောက ဘယ်လိုရှိသလဲဆိုတော့ လယ်လုပ်ငန်းသွားစစ်လို့ရှိရင် စပါး

http://www.dhammadownload.com

လိုချင်တယ်တဲ့။ ကြက်ခြံလုပ်ငန်း သွားစစ်လို့ရှိရင် ကြက်ဥလိုချင်တယ်တဲ့။

အဲဒီလိုပေါ့နော်၊ သူသွားစစ်ရတဲ့နေရာက ပစ္စည်းတွေကို လိုချင်တဲ့ မျက်စိနဲ့ပဲ ကြည့်တတ်တယ်တဲ့။ လုပ်ငန်းစစ် အမှုဆောင်တွေရဲ့ သဘောက။

လုပ်ငန်းအသီးသီးကို လှည့်လည်ပြီးတော့ စစ်ဆေးရတဲ့ လုပ်ငန်းစစ်ဆေးရေးပုဂ္ဂိုလ်ဟာ သူစစ်ဆေးတဲ့ နေရာ၊ ဒေသ၊ ဌာနမှာ ရှိတဲ့ ပစ္စည်းတွေကို လိုချင်မျက်စိနဲ့ ကြည့်တတ်သလို၊ ကြည့်ရုံတင်မကဘဲနဲ့ ရအောင်ယူတတ်သလိုပဲ၊ နန္ဒီရာဂလို့ခေါ်တဲ့ သဘောတရားလေးက လည်း သူမြင်သမျှ၊ သူကြားသမျှ၊ သူနံသမျှ၊ သူစားသမျှ၊ သူထိသမျှ၊ သူတွေးသမျှ အာရုံကို ကောင်းတယ် ကောင်းတယ်လို့ပဲ ယူဆပါတယ်၊ အဲဒီ အာရုံကို လိုချင်တဲ့စိတ် ဖြစ်ပါတယ်။

တရားကိုယ်ကောက်ရင်တော့ တဏှာနဲ့ သဘောချင်း အတူတူပါပဲနော်။ တဏှာလို့ နာမည်ကွဲပေမယ့် အဘိဓမ္မာတရားကိုယ်ကောက်တော့ လောဘပါပဲ၊ နန္ဒီရာဂကလည်း နာမည်လေးကွဲပေမယ့် တရားကိုယ်ကောက်ရင်တော့ လောဘပါပဲ။ သူတို့ရဲ့လုပ်ငန်းဆောင်တာလေးတွေ နည်းနည်းကွဲသွားလို့ နာမည်လေးတွေလည်း နည်းနည်းကွဲသွားတာပါ။

တစ်နည်းပြောရင်တော့ တဏှာအသေးစားနဲ့ တဏှာအကြီးစားလို့ ခွဲရမှာပေါ့။ ခုန အမေနဲ့တူတဲ့တဏှာကတော့ အကြီးစားတဏှာ၊ အမှုဆောင်နဲ့တူတဲ့တဏှာကတော့ အသေးစားတဏှာပေါ့။

http://www.dhammadownload.com

အမှုဆောင်တဗျာက အာရုံကိုကြည့်ပြီးတော့ ဩော် ဒီအာရုံကတော့ ကောင်းတယ်၊ ဒီအာရုံကတော့ ရသင့်တယ်၊ လိုချင်သင့်တယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်ပြီးတော့ ယူချလာလိုက်တယ်၊ ယူချလာပြီးတော့ အမေတဗျာကိုပေးလိုက်တယ်။

'အမေ၊ ရော့၊ သားဟိုမှာ သွားပြီးတော့ စစ်ဆေးတုန်းက ယူလာခဲ့တာ' ဆိုပြီးတော့ အမေ့ ပေးလိုက်တော့ အမေကလည်း 'အေး၊ ငါ့သား၊ တော်လိုက်တာ၊ တော်လိုက်တာ၊ ပေးပေး' လို့ လက်နှစ်ဖက်နဲ့ ပွေ့ပြီးတော့ ဆီးယူလိုက်တယ်။

ယူပြီးတော့မှ အမေက ကြည့်ပြီးတော့၊ အဝတ်ကလေးဆိုရင်လည်း အဆင်လေးဖြန့်ကြည့်ပြီးတော့ 'အမယ်လေး၊ ကောင်းလိုက်တာ' ပေါ့။ ကြက်ဥလေးဆိုရင်လည်း 'အမယ်လေး၊ အလုံးလေးက ထွားလိုက်တာ၊ သားရယ် တော်လိုက်တာ'၊ အဲဒီလိုအားဖြင့် နန္ဒီရာဂ အမှုဆောင်က ယူလာပေးတဲ့ အာရုံတွေကို တဗျာအမေက ခံစားပါတယ်၊ အားရပါးရ သာယာပါတယ်။

အမှုဆောင်တဗျာရဲ့ သဘောက သူတွေ့ကြုံရတဲ့အာရုံကို အကောင်းလို့ ယူဆတယ်၊ ယူဆပြီးတော့ အဲဒီအာရုံကို လိုချင်သင့်တယ်၊ ရယူသင့်တယ်လို့ ဆုံးဖြတ်တယ်၊ ဆုံးဖြတ်ပြီးတော့ အဲဒီအာရုံလေးကို ထိန်းထားပေးတယ်။

အဲဒီ ထိန်းထားပေးတဲ့ အာရုံကိုမှ အမေတဗျာက သာသာယာယာ အားရပါးရနဲ့ ခံစားပေးလိုက်ပါတယ်။ သဘောချင်းကတော့ ခပ်ဆင်ဆင်ပါပဲနော်။ အစပိုင်းတဗျာနဲ့ နောက်ပိုင်းတဗျာလို့ပဲ ပြောရ

http://www.dhammadownload.com

မှာပေါ့လေ။ အဲဒီတော့ ဆိုလိုက်ပါ။

အမူဆောင်ဟုဆို၊ နန္ဒီကို၊ သတ်ကိုသတ်ရမည်။

အဲဒီအသေးစားတဏှာနဲ့ အကြီးစားတဏှာ၊ အနုစားတဏှာနဲ့ အကြမ်းစားတဏှာကို၊ အသေးစားတို့၊ အကြီးစားတို့၊ အနုစားတို့၊ အကြမ်းစားတို့ဆိုတာတွေ ဖြုတ်လိုက်လို့ရှိရင် လိုရင်းကတော့ တဏှာပါပဲ။

ဒါဖြင့် သေအောင် သတ်ရမယ့်အရာတွေ ပေါင်းလိုက်တဲ့အခါကျတော့ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါး ဖြစ်သွားတာပါပဲနော်။

အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးကို ပပဉ္စတရားလို့ ခေါ်ပါတယ်။ ပပဉ္စဆိုတာ ချဲ့ထွင်တာ။ နယ်ချဲ့တာပေါ့။ သံသရာ နယ်ချဲ့တရားပေါ့နော်။ 'ပပဉ္စ' ဆိုတာ လိုရင်းကတော့ 'ချဲ့' ပဲ။ တစ်လုံးတည်းပဲ။

အဲဒီတော့ ပပဉ္စဆိုတာ သံသရာကို ချဲ့ထွင်တတ်တဲ့တရား၊ သံသရာ နယ်ချဲ့တရား၊ ဒီတဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါး ရှိနေသမျှတော့ ဘဝအသစ် အသစ်တွေ ထပ်ထပ် ဖြစ်ပြီးတော့ သံသရာဝဲဩဃထဲမှာ ကျင်လည်ကြရပါဦးမယ်။

ဒါနဲ့များ 'သံသရာဆွဲဆန့်လို့ ဘယ်လောက်ပင် ရှည်ရှည်'တဲ့၊ သံသရာကို ဆွဲဆန့်စရာကို မလိုဘူး။ တဏှာဖြစ်နေတယ်ဆိုရင်ကိုပဲ သံသရာကို ဆွဲဆန့်ပြီးသား၊ မာနဖြစ်နေတယ်ဆိုရင်ကိုပဲ သံသရာကို ဆွဲဆန့်ပြီးသား၊ ဒိဋ္ဌိ ဖြစ်နေတယ်ဆိုရင်ကိုပဲ သံသရာကို ဆွဲဆန့်ပြီးသား ပါ။ အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးရှိနေရင်တော့ သံသရာဝဋ်ဆင်းရဲကနေ ဘယ်တော့မှ မလွတ်မြောက်နိုင်ပါဘူး။

http://www.dhammadownload.com

ဒါ့ကြောင့် ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်ချင်ရင် တဏှာ၊ မာန၊ ဒိဋ္ဌိကို ပယ်သတ်ရမယ်၊ အခုယောဂီတို့ တရားအားထုတ်နေတယ်ဆိုတာ ဘာလုပ်နေတာလဲဆိုရင် တဏှာဆိုတဲ့ အမေကို သတ်နေတာ၊ မာနဆိုတဲ့ အဖေကို သတ်နေတာ၊ ဒိဋ္ဌိဆိုတဲ့ မင်းကို သတ်နေတာ၊ နန္ဒီရာဂဆိုတဲ့ အမှုဆောင်ကို သတ်နေတာပါပဲ။

■

http://www.dhammadownload.com



## မျက်နှာမလိုက်တာ ကံပဲရှိတယ်

အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်က အရပ်ပုပေမယ့်လို့ အသံကျတော့ သိပ်ကောင်းတယ်တဲ့။ အသံသာယာတဲ့ ရဟန်းတော်တွေထဲမှာ အသာဆုံး၊ အမြတ်ဆုံးဆိုပြီးတော့၊ မြတ်စွာဘုရားပြီးရင် အသံသာယာတဲ့နေရာမှာ အသာဆုံး အမြတ်ဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ထူးကိုလည်း ရရှိခဲ့ပါတယ်။

အရပ်ပုတာကတော့ ဘဝတစ်ခုတုန်းက ကဿပ မြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်တွေကို ဌာပနာသွင်းပြီးတော့ စေတီတည်မယ်လုပ်တော့ သူများတွေက ခုနစ်ယူဇနာအဝန်းအဝိုင်းရှိတဲ့ စေတီတည်မယ်လို့ပြောတာ သူက စေတီသိပ်ကြီးလို့ရှိရင် ထိန်းသိမ်းစောင့်ရှောက်ရတာ ခက်ပါတယ်ဆိုပြီးတော့ တစ်ယူဇနာပဲ တည်တာကောင်းတယ်လို့ အကြံပေးခဲ့တယ်။

http://www.dhammadownload.com

သူများ ခုနစ်ယူဇနာတည်ချင်တာကို တစ်ယူဇနာပဲလုပ်ပါလို့ သူများကုသိုလ်ကိစ္စမှာ လျှော့လျှော့ပေါ့ပေါ့ လုပ်ခိုင်းလိုက်တဲ့အတွက် ကြောင့် အရပ်ပုရခြင်းဖြစ်ပါတယ်တဲ့။

သူများ ကုသိုလ်ကြီးကြီး လုပ်ချင်တာ၊ လုပ်နေတာကို လျှော့ လျှော့ပေါ့ပေါ့ လုပ်ဖို့ အကြံပေးမိရင်၊ တိုက်တွန်းမိရင် အဲဒီကံ အကျိုးပေး တဲ့ ဘဝမှာ အရပ်ပုပု၊ လူကောင်သေးသေး ဖြစ်တတ်ပါတယ်။

ဒကာကြီးဦးရှိန်ဝင်းနဲ့ ပေါင်းတဲ့လူတွေ သိပ်တော့မလွယ်ဘူး။ သူက သဒ္ဓါတရား သိပ်ကောင်းလွန်းတော့ လှူပြီဆို များများမှ၊ လုပ်ပြီ ဆို ကြီးကြီးမှ၊ အဲဒါ ကိုယ်က သွားပြီး နည်းနည်းလျှော့ လှူပါ၊ သေးသေး လျှော့ လုပ်ပါလို့ သွားအကြံပေးမိရင် ဖြစ်လေရာဘဝမှာ အရပ်ပုသွားမှာ စိုးရတယ်နော်။ ဒကာမကြီး ဒေါ်ခင်ချိုဦးလည်း အတူတူပါပဲ။ သဒ္ဓါ တရား သိပ်ကောင်းလွန်းတယ်။

အသံကောင်းရတာကျတော့ ဘာကြောင့်လဲဆိုရင် ဝိပဿီ မြတ်စွာဘုရားရှင်လက်ထက်တုန်းက ဥဩငှက်လေး ဖြစ်ခဲ့ဖူးတယ်။ တစ်နေ့တော့ သားသမီးတွေ စားဖို့ဆိုပြီးတော့ သရက်သီးမှည့်မှည့်လေး တစ်လုံး ချီလာတယ်။

မြတ်စွာဘုရားနဲ့ သံဃာတော်တွေ ကြွနေတာမြင်တော့ မြတ် စွာဘုရားကို ကြည်ညိုတာနဲ့ မြတ်စွာဘုရားရှင်ရဲ့ သပိတ်ထဲမှာ အဲဒီ သရက်သီးမှည့်လေးကို လောင်းလှူလိုက်တယ်။

သားသမီးတွေကိုတော့ တခြားသရက်သီးပဲ ရှာကျွေးတော့မယ် ဆိုပြီး ချီလာတဲ့သရက်သီးလေး လောင်းလှူပြီးတော့ ပီတိတွေ အကြီး

http://www.dhammadownload.com

အကျယ် ဖြစ်လိုက်တာ၊ အစာရှာတောင် မထွက်တော့ဘူး၊ ခုနစ်ရက်တိုင်တိုင် အသိုက်ထဲမှာပဲ ပီတိစားရင်း နေပါတယ်။

လိုရင်းကတော့ မြတ်စွာဘုရားရှင်ကို သရက်သီးမှည့်လှူဒါန်းခဲ့တဲ့ကောင်းမှုကြောင့် အသံကောင်းရခြင်းဖြစ်ပါတယ်တဲ့။ သရက်သီးမှည့်က တကယ်လည်း အသံကောင်းပါတယ်။

ဦးဇင်းတို့က ညပိုင်း ဟောရလို့သာ၊ ဒီလိုမှမဟုတ်ရင် သရက်သီးပန်းကန် ဘေးချပြီးတော့ ဟောမယ်နော်။ တစ်လုတ်စားလိုက်၊ တစ်ခွန်းဟောလိုက်ဆိုရင် အသံလည်း တော်တော်ကြည်ပါတယ်၊ လက်တွေ့စမ်းသပ်ပြီးသား၊ ဒီဝတ္ထုဖတ်ပြီးကတည်းက၊ အခုတော့ ရေသောက်ပြီးတော့ ဟောပါတယ်။ ခွက်မှာ ဆီလေးဘာလေး နည်းနည်းပါးပါး ကပ်သွားလို့ရှိရင်တော့ အသံဝင်ရောပဲ။

■

http://www.dhammadownload.com

## အပ္ပမာဒေန သမ္ပာဒေထ

အဲဒီတော့ သေမှာအေးမယ်ဆိုတဲ့တရားကို နာကြားကြရတဲ့ တရားနာပရိသတ်များ အမေ တဏှာ၊ အဖေ မာန၊ ဒိဋ္ဌိ မင်း၊ နန္ဒီရာဂ အမှုဆောင်တွေကို စိစိညက်ညက်ကြေအောင် အားရပါးရ သတ်ဖြတ်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို လျှင်လျှင်မြန်မြန် ရနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဦးဇင်းတို့ရဲ့ တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန – မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန်မှန်ကန်သော သတိတရားဖြင့်၊

http://www.dhammadownload.com

သမ္မာဒေဝ – သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာ သုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြ ပါစေကုန်သတည်း။ ။

သာဓု .... သာဓု .... သာဓု ပါဘုရား။

၂၀၀၂ ခုနှစ်၊ ဧပြီလ(၁၄)ရက်၊ သထုံမြို့ နေမိန္ဒရတောင်ခြေ
မြစိမ်းကျောင်းတိုက်၊ စတုတ္ထအကြိမ် သတိပဋ္ဌာန်ဝိပဿနာတရားစခန်း၌
ဟောကြားအပ်သောတရားတော်ကို ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com




## ရွှေပါရမီလက်ကမ်းစာစဉ်

■ ဓမ္မဒါနအလှူရှင်များ၏ ဆန္ဒအရ ဆောင်းပါးတစ်ပုဒ်စာ၊ သို့မဟုတ် နှစ်ပုဒ်စာ လက်ကမ်းစာအုပ်ငယ်များကို ကုန်ကျစရိတ်မူရင်းအတိုင်း စီစဉ်ဆောင်ရွက်ပေးနေပါသည်။ ဓမ္မဒါနသက်သက်အတွက်သာ စီစဉ်ပေးခြင်းဖြစ်၍ ပြင်ပ စာအုပ်ဆိုင်များတွင် လုံးဝရောင်းချခွင့် မပြုပါ။ ဓမ္မဒါနပြုလုပ်လိုသူများ ရွှေပါရမီအဖွဲ့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့**

၆၁ ၊ စဉ့်အိုးတန်းလမ်း ၊ လသာမြို့နယ်။

ဖုန်း- ၂၁၀၄၆၂ ၊ ၂၂၆၅၀၀။